

တက္ကသိုလ်
နှောပင်းဝေအောင်
ဝိုင်ရိစိမ်း၊ ဏ်ဝေ့ကျန်း၊ ကူ၊ စိမ်း
သွေးအကြွေး ကြွေးအပြေ
တစဉ်

## အခန်း(၂၆)
## အိမ်ရှင်၏ပြေရှင်းမှု

ခန်းမကြီးထဲ၌ရှိနေသောလူများစွာသည် ဟာခနဲဖြစ်သွား၏။

လင်းထက်ဆွေက ကိုယ်ရံတော်လူငယ်လေးယောက်အား တောင်းပန်မေတ္တာရပ်ခံနေစဉ် ချီတာစိမ်းက နောက်ကျောမှလှံဖြင့် ထိုးချလိုက်ခြင်းဖြစ်သည်။

ထိုအချိန်တွင် လူငယ်လေးယောက်ကလည်း သူတို့၏ တိုက်ကွက်ကို ရပ်သိမ်းထားချိန် မဟုတ်ပေ။

တိုက်ရင်းခိုက်ရင်း လင်းထက်ဆွေက တောင်းပန်နေခြင်းဖြစ်သည်။

ထို့ကြောင့် ချီတာစိမ်း၏ အလစ်ထိုးလိုက်သော လှံချက်သည် လင်းထက်ဆွေအတွက် လွန်စွာ ကြောက်မက်ဖွယ်ရာကောင်း၏။

သာမန် သိုင်းသမားတစ်ယောက်အဖို့ မည်သို့မျှ မရှောင်တိမ်းနိုင်သောသိုင်းကွက်ဖြစ်သည်။

သို့သော် လင်းထက်ဆွေမှာ သာမန်အဆင့်ထက် ကျော်လွန်နေသူဖြစ်၏။

အသံကြားလိုက်သည်နှင့် သူ့အား နောက်ကျောမှ လုပ်ကြံလိုက်ပြီကို သိလိုက်၏။

ထို့ကြောင့် ရှေ့မှထိုးသွင်းလိုက်သည့် ဓားနှစ်လက်ကို ခြေဖျားနှင့် ထောက်အားယူပြီး အပေါ်သို့ ခုန်ရှောင်လိုက်ရ၏။

"ရှိ...."

"ရှစ်...."

လုံတံရှည်၏ရူးဝင်နစ်မြုပ်ခြင်းအန္တရာယ်မှ လွတ်မြောက်သွားရသော်လည်း ဘောင်းဘီစမှာမူ လုံစူးနှင့်ထိုးမိကာ ငါးလက်မခန့် စုတ်ပြဲသွားရသည်။

လင်းထက်ဆွေသည် သူ့ဆရာ မိုးနဲ့မြေယပ်တောင်ထံမှ ခွဲထွက်လာပြီးသည့်နောက်ပိုင်း ယခုအကြိမ်သည် ပထမဦးဆုံး ရန်သူ၏အတိုက်အခိုက်ကို ခံလိုက်ရခြင်းဖြစ်ပေသည်။

ယခုကဲ့သို့ခံလိုက်ရသဖြင့် လင်းထက်ဆွေမှာ ချုပ်တည်းမရအောင် ဒေါသထွက်သွားရသည်။

သူ၏မျက်လုံးများသည်လည်း မီးကျီးခဲများပမာ တဝင်းဝင်းတောက်လာသည်။

"တိရစ္ဆာန်ကြီး... ခင်ဗျားက သိုင်းသမားစစ်စစ်မှမဟုတ်ပဲ ကိုးဗျ"

လင်းထက်ဆွေသည် လူငယ်လေးဦးကိုပြင်းထန်စွာ ရိုက်ထုတ်လိုက်ရာ လေးဦးစလုံး နောက်ဆုတ်သွားကြရ၏။

သူ တကယ်တမ်းတိုက်လျှင် လူငယ်လေးဦးခံနိုင်မည်မဟုတ်ပါ။



ဟုကျွန်ုပ်နှင့် မျက်နှာမပျက်လိုသဖြင့် သက်သက်ညှာညှာတိုက်ခိုက်နေခဲ့ခြင်းဖြစ်သည်။

သူသည် ချီတာစိမ်းထံသို့ မာန်သွင်းအော်ဟစ်ကာ ခုန်ဝင်လိုက်သည်။

ချီတာစိမ်းကလည်း ရင်ဝတည့်တည့်သို့လှံဖြင့် ထပ်မံထိုးသည်။

ထိပ်သီးသိုင်းသမားချင်း တိုက်ရာတွင် မိမိ၏ရည်မှန်းချက်အတိုင်း တိုက်ခိုက်အောင်မြင်နိုင်သည် မဟုတ်ပါ။

သူ၏လှံတံရှည်က လင်းထက်ဆွေ၏ရင်ဝနှင့် တစ်ထွာခန့်အကွာတွင် လင်းထက်ဆွေမှာ ရိပ်ခနဲ ပျောက်သွားသည်။

ချီတာစိမ်း အံ့အားသင့်ကာ လှံတံကိုကိုင်ပြီး ကြောင်ငေးနေမိသည်။

အံ့သြမဆုံးမီပင် ပခုံးထက်၌ ကျဉ်ခနဲဖြစ်သွားသဖြင့် ထိတ်လန့်တုန်လှုပ်သွားရသည်။

လင်းထက်ဆွေ၏ လက်ချောင်းငါးချောင်းက ချီတာစိမ်း၏ပခုံးထက်မှ အကြောအား သံချိတ်တစ်ခုသဖွယ် အမိအရ ကုပ်တွယ်ထားလိုက်နိုင်လေပြီ။

ချီတာစိမ်းသည် လှုပ်ရှားနိုင်ရန် အံကြိတ်ကာ ကြိုးစားလိုက်လေ၏။

သို့သော် လုံးဝမလှုပ်နိုင်တော့ပေ။ လင်းထက်ဆွေက ဒေါသဖြစ်ဖြစ်နှင့် အကြောဖိ၍ ကိုင်ထားခြင်းကြောင့် အသည်းခိုက်နာကျင်လာပြီး မျက်ရည်ပူများပင် စီးကျလာရသည်။

လင်းထက်ဆွေက သိုင်းကွက်တစ်ကွက်တည်းနှင့်ပင် ချီတာစိမ်းကို အနိုင်ယူတိုက်ခိုက်နိုင်လိုက်သဖြင့် လူအားလုံးမှာ ထိတ်လန့်အံ့သြသွားကြရလေသည်။

သို့သော် ဟုကျန်ရှုံ၏ကိုယ်ရံတော်လေးဦးက ရုတ်တရက်အော်ဟစ်ပြီး ရှေ့သို့ခုန်ထွက်လာသည်။

"ချီတာစိမ်းကို အနိုင်ရသွားပေမယ့် ကျုပ်တို့ရဲ့ ဟုစံအိမ်တော်ကို လာဖျက်ဆီးတာကိုတော့ သည်းမခံနိုင်ဘူး၊ ကျုပ်တို့နဲ့ပြိုင်ဖို့အသင့်ပြင်ပါ"

လူငယ်လေးဦးက လင်းထက်ဆွေကိုတိုက်ခိုက်နိုင်ရန် အဆင်သင့် ပြင်ဆင်ထားကြသည်။

သည်တော့မှ ရုတ်တရက် ဖြစ်ပွားခဲ့သောဖြစ်ရပ်များကြောင့်တအံ့ငေးငိုင်သွားရသော ဟုကျန်ရှုံမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာရတော့သည်။

သူ့မျက်နှာပေါ်တွင် စိတ်မသက်မသာ၊ စိတ်ရှုပ်ထွေးသည့်အမူအရာများ ပေါ်ထင်လာသည်။

"ခဏနေကြဦး"

ဟုကျန်ရှုံ၏အမိန့်ပေးစကားကြောင့် လူငယ်လေးဦးမှာတစ်ခဏမျှ တုံ့ဆိုင်းသွားကြသည်။

လူငယ်တစ်ဦးက....

"သခင်ကြီးဟုး... ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေတော့မလို့လား၊ ကျွန်တော်တို့ရဲ့ ဟုစံအိမ်တော်ဌာနချုပ်ကို နှစ်ပေါင်းငါးဆယ်ကျော်အတွင်း ဘယ်သူကမှလာပြီး စော်ကားမော်ကား မလုပ်ဖူးခဲ့ဘူး"

ဟုကျန်ရှုံသည် အေးဆေးသူဖြစ်သည့်အလျောက် လက်



ကာပြပြီး....

"ဟုတ်ပါတယ်... မင်းတို့ပြောတာ မှန်ပါတယ်၊ ဒါပေမယ့်...."

ဟုကျန်ရှုံ စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်သည်။

ထို့နောက် လင်းထက်ဆွေဘက်သို့လှည့်ကာ....

"မောင်ရင်... သူ့ကိုလွှတ်ပေးလိုက်ပါတော့"

လင်းထက်ဆွေသည် ဟုကျန်ရှုံ၏ တည်ကြည်သောမျက်နှာထားကိုကြည့်ပြီး သမာသမတ်ကျကာ တရားမျှတစွာ စဉ်းစားဆုံးဖြတ်မည့်သူဟု ယူဆလိုက်သည်။

ထို့ကြောင့် ချီတာစိမ်းအား လွှတ်ပေးလိုက်သည်။

"ဆရာကြီးဟုကျန်ရှုံ... ကျွန်တော့်ကို ဘာများပြောစရာရှိပါသလဲခင်ဗျာ"

လင်းထက်ဆွေက လေးစားရိုသေစွာ မေးသည်။ ဟုကျန်ရှုံကလည်း ပြတ်သားတည်ကြည်စွာ ပြန်ပြောသည်။

"မောင်ရင်... အခုဆိုရင် ကျုပ်တို့ရဲ့ဟုမျိုးနွယ်ဟာ သိုင်းလောကမှာ အတော်ကလေးနာမည်ရနေခဲ့ပါပြီ၊ ဒီလို နာမည်ကောင်းရလာတာကလဲ ကျုပ်တို့ရဲ့သိုင်းပညာကြောင့်ပဲဖြစ်ပါတယ်၊ ကျုပ်တို့တတွေဟာ သူတစ်ပါးရဲ့အရှုပ်အရှင်းတွေထဲမှာ ဘယ်တော့မှ ပါဝင်လှုပ်ရှားခြင်း မရှိခဲ့ပါဘူး၊ အထက်လမ်းဂိုဏ်းနဲ့ အောက်လမ်းဂိုဏ်းတွေရဲ့ပြဿနာမှန်သမျှကို ကျုပ် ရှောင်တယ်၊ ဝင်ပြီး မကူညီဘူး၊ ဒါကြောင့် ကျုပ်ဟာ မောင်ရင်လေးတို့ရဲ့ အရှုပ်အရှင်းကိစ္စတွေထဲမှာဘယ်လိုမှပါဝင်ပတ်သက်လိုစိတ်မရှိဘူး၊ ဓားကလေးတစ်လက် အတွက်ကြောင့် ကျုပ်ရဲ့ဘိုးဘွားစဉ်ဆက်တည်ထောင်ခဲ့တဲ့ ဟုမျိုးနွယ်

ဂိုဏ်းကို ဘယ်လိုမှအပျက်အစီး မခံနိုင်ဘူး"

ဟုကျန်ရှုံက ရှင်းလင်းစွာ ပြောသည်။

ဤအတိုင်းပင် ဖြစ်လိမ့်မည်ဟု လင်းထက်ဆွေကလည်း ယုံကြည်သည်။

ထို့ကြောင့် ဘာမျှပြန်မပြောပဲ ခေါင်းညိတ်ပြလိုက်သည်။

ဟုကျန်ရှုံက တည်ငြိမ်အေးဆေးစွာပင် ပြောပြန်သည်။

"မနေ့ကတော့ ချီတာစိမ်းဟာ ဓားတစ်လက်ယူလာခဲ့တယ်၊ အဲဒီဓားက တစ်ဖေကျော်ကျော်လောက်ရှိတဲ့ ဓားတိုတစ်လက်ပါပဲ၊ သူပြောစကားအရ ဒီဓားကိုမမျှော်လင့်ပဲ ရရှိခဲ့တယ်လို့သိရတယ်၊ ကျုပ်ကိုလဲ လက်ဆောင်အဖြစ်ပေးမယ်လို့ သူက ရည်ရွယ်ခဲ့တယ်လို့ သိရတယ်"

လင်းထက်ဆွေက ဟုကျန်ရှုံ၏စကားကိုဖြတ်၍ ပြောလိုက်လေ၏။

"သူဟာ ဒီကနေ သိပ်မဝေးတဲ့ ဇရပ်ကျောင်းပျက်ကြီးထဲမှာ...."

ဟုကျန်ရှုံက လက်ဝါးကာပြလိုက်ပြီး လင်းထက်ဆွေကို စကားရပ်ခိုင်းသည်။

"ကျုပ် တခြားကိစ္စတွေကို မမေးပါဘူး၊ သိလဲ မသိချင်ပါဘူး၊ သိဖို့လဲ မလိုအပ်ပါဘူး၊ မောင်ရင်တောင်းဆိုတဲ့အတိုင်း အဲဒီဓားကို ကျုပ် ပြန်ပေးပါ့မယ်၊ ချီတာစိမ်းနဲ့ပြဿနာကိုတော့ နောက်ပိုင်းကျမှပဲ ကိုယ့်ဘာသာဆုံးဖြတ် ဖြေရှင်းကြပေါ့၊ ကျုပ်ကတော့ ဘာမှဝင်ပြီး မပြောလိုတော့ပါဘူး"

လူငယ်လေးဦးက စောဒကတက်ရန် ဟန်ပြင်လိုက်သည်။



ဟုကျန်ရှုံက သူတို့လေးဦးကိုမျက်နှာထိမျက်နှာထားဖြင့် စိုက်ကြည့်လိုက်ပြီး....

"ငါ စီစဉ်တာကို မင်းတို့လေးယောက် ဘာမှဝင်ပြောနေစရာ မလိုဘူး၊ မင်းတို့ ဘာကောင်တွေလဲ"

ကိုယ်ရံတော် လေးဦးငြိမ်သွားသည်။ ချီတာစိမ်းမှာ မျက်နှာအကြီးအကျယ် ပျက်သွားပြီး ရှေ့သို့တိုးတက်လာသည်။

"သခင်ကြီးဟု...."

"ချီတာစိမ်း... ခင်ဗျား ကျုပ်ကို ခွင့်လွှတ်နားလည်စမ်းပါဗျာ၊ ဒီဓားကလေးတစ်လက်အတွက်ကြောင့် ကျုပ်ရဲ့ ဘိုးဘွားစဉ်ဆက်ကတည်းက 'ပြဿနာမရှာပ်စတမ်း'ဆိုတဲ့ စည်းကမ်းချက်ကို ကျုပ် အမြဲလိုက်နာခဲ့တယ်၊ အခုလဲ ကျုပ် လိုက်နာမယ်ဗျာ"

စောစောက ဟုကျန်ရှုံ၏အစီအစဉ်ကို ကန့်ကွက်ရန် ကြိုးစားလိုက်သော ချီတာစိမ်းမှာ ဟုကျန်ရှုံ၏ခန့်ညားတည်ကြည်စွာ ပြောလိုက်သောစကားသံကြောင့် အတွန့်မတက်ရဲတော့ချေ။

သို့သော် သူ၏မျက်လုံးများကား ငိုင်တွေသွားပြီး ဆင်ကြံကြံနေတော့သည်။

သူ၏မေးကြောကြီးများ ထောင်နေပြီး အံကိုတင်းတင်းကြိတ်ထားမိသည်။

လင်းထက်ဆွေက ကျေးဇူးစကားဆိုသည်။

"ဆရာကြီးဟုကို တကယ်ပဲ ကျေးဇူးတင်လှပါတယ်၊ ကျွန်တော် အခုလိုနှောင့်ယှက်မိတာကိုလဲ ခွင့်လွှတ်ဖို့အနူးအညွတ်တောင်းပန်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ရဲ့ဓားကိုသာ ကျွန်တော်လက်ထဲ ပြန်ထည့်ပေးပါ၊ ချီတာစိမ်းနဲ့ ကျွန်တော်တို့ရဲ့ပြဿနာကို ဟောဒီ 'ဟု'

စံအိမ်တော်ကြီးနဲ့ မိုင်ငါးဆယ်ကွာလှမ်းတဲ့ နေရာရောက်မှ ဖြေရှင်းပါ့မယ်"

"စိတ်မကောင်းပါဘူး မောင်ရင်ရယ်၊ အခုအချိန်မှာတော့ အဲဒီစားဟာ ကျုပ်ရဲ့စံအိမ်တော်ထဲမှာ ရှိမနေပါဘူး"

လင်းထက်ဆွေမှာ ဟုကျန်ရှုံ၏စကားကို နားမလည်နိုင်အောင် ဖြစ်သွားရသည်။

ဟုကျန်ရှုံ၏စကားမှန်သလား မှားသမားဆိုသည်ကိုပင် ဝေခွဲမရအောင် ဖြစ်သွားမိသည်။

ချိုတာစိမ်းကတော့ အလွန်တရာ ပျော်ရွှင်သွား၏။

ပြဿနာ ကိုတစ်ထိုင်တည်း မဖြေရှင်းရသဖြင့် သူ့အတွက် ကံတရားက အလေးသာနေသေးသည်ဟုတွေးမိပြီး ဝမ်းသာသွားသည်။

ဟုကျန်ရှုံသည် တစ်ဘက်လှည့်၍ လင်းထက်ဆွေအား လိမ်ညာလိုက်လေပြီဟု အားတက်သွား၏။

ထို့ကြောင့် ဒရောသောပါး ဝင်ရောက်ထောက်ခံလိုက်သည်။

"ဟေ့... ဟုတ်တယ်၊ အခု ဒီမှာ အဲဒီစားမရှိဘူး"

ဟုကျန်ရှုံ၏မျက်နှာ တည်သွားသည်။ ချိုတာစိမ်းကို လှမ်းပြောလိုက်သည်။

"ချိုတာစိမ်း... ခင်ဗျားက ကျုပ်လိမ်ပြောနေတာလို့ ထင်နေသလား၊ ကျုပ်လိမ်ပြောနေတာ မဟုတ်ဘူး၊ ဒီသူငယ်လေးကို ကျုပ်တစ်ခွန်းမှ လိမ်မပြောခဲ့ဘူး"

ချိုတာစိမ်း မျက်နှာပျက်သွားသည်။ ဟုကျန်ရှုံက အလိမ္မာစကားနှင့် အချိန်ဆွဲထားပြီး သူ့ဘက်မှ ကာကွယ်ပေးနေသည်ဟု



သော သူ့အထင်သည်လည်း တက်တက်စင်အောင် လွဲချော်သွားရလေတော့သည်။

လင်းထက်ဆွေက စိတ်ရှုပ်ထွေးဟန်ဖြင့် မေးလိုက်သည်။

"ဒီစားကို မနေ့ညကမှ ဒီကိုချိုတာစိမ်းက လာပို့ပေးတာမဟုတ်လား"

"ဟုတ်ပါတယ်... အဲဒီစကား အမှန်ပါပဲ"

"ဒါဆိုရင် ဒီလောက်တိုတောင်းတဲ့ ညဦးဝက်အချိန်လောက်ကလေးနဲ့ဒီစားက ဘယ်လိုကြောင့် ဒီမှာမရှိရတာလဲ"

"ဟုတ်ပါတယ်... စားက ဒီမှာရှိမနေပါဘူး၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျုပ်ရဲ့သမီးလေးက အဲဒီစားကိုညတွင်းချင်းပဲ လိန်တောင်ပေါ်ကို ယူသွားခဲ့ပါတယ်"

"လိန်တောင်ပေါ်ကိုယူသွားတယ်... ဟုတ်လားခင်ဗျာ"

ဟုကျန်ရှုံက ခေါင်းကိုညင်သာစွာ ညိတ်လိုက်ပြီး....

"ဟုတ်ပါတယ်... မောင်ရင်၊ ကျုပ် ဒီစကားကို လီဆယ်ပြီး ပြောနေတာ မဟုတ်ပါဘူး၊ ကျုပ်သမီးလေးက မွေးစကတည်းကပဲ ကျန်းမာရေးချို့တဲ့ခဲ့ရပါတယ်၊ သုံးနှစ်သမီးအရွယ်ရောက်မှ လိန်တောင်ပေါ်မှာရှိတဲ့ လိန်ရင်သီလရှင်ကျောင်းက သီလရှင်ဆရာလေး လိန်ရင်ဆီကို တပည့်အဖြစ် ပို့ထားခဲ့ရပါတယ်၊ သမီးလေးဟာ ဆရာလေးလိန်ရင်ဆီမှာ ဘာသာတရားနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေသင်ယူဖို့နဲ့ သိုင်းပညာဆည်းပူးသင်ကြားရင်း ကျန်းမာရေးကောင်းမွန်လာလိမ့်မယ်လို့ ကျုပ် မျှော်လင့်ခဲ့ပါတယ်"

ဟုကျန်ရှုံက သက်ပြင်းချလိုက်ပြီး....

"ကျုပ်ကို မောင်ရင်လေး ကဲ့ရဲ့ပြစ်တင်ရင်လဲ ခံရမှာပါပဲ၊

မနေ့ညက သမီးလေးက ဒီဓားကိုမြင်မြင်ချင်းပဲ သိပ်သဘောကျပြီး လက်ကမချနိုင်အောင် ဖြစ်ခဲ့ရတယ်၊ ဓားသွားဟာ သိပ်ထက်မြက်တယ်၊ ကြယ်ပွင့်တစ်ပွင့်လို တောက်ပဝင်းလက်နေတယ်၊ ဓားရဲ့ကိုယ်ထည်မှာလဲ နဂါးရုပ်တွေကိုပုံဖော်ထားတယ်၊ ကျုပ်ဟာ ကျုပ်ကိုယ်ကျုပ် တော်တော်ကလေး ဗဟုသုတနဲ့ ပြည့်စုံတဲ့လူတစ်ယောက် ထင်ခဲ့ပေမယ့် ဒီဓားရဲ့ရာဇဝင်နဲ့ ဒီဓားအမည်ကိုတော့ ကျုပ် ပြောမပြနိုင်အောင် ညံ့ဖျင်းခဲ့ရတယ်"

လင်းထက်ဆွေ ပေါ့ပေါ့ပါးပါးပင် ရယ်မောလိုက်သည်။

ဤစကားသည် သူ့အဖို့ မည်သို့မျှ ထူးဆန်းသော စကားအကြောင်းအရာတစ်ခု မဟုတ်ပေ။

သူကိုယ်တိုင်ပင်လျှင် ထိုဓားကိုဖိုထဲမှထွက်လာစဉ်က ခဏသာလှမ်းမြင်လိုက်ရပြီး ဓားအကြောင်းကို လုံးစေ့ပတ်စေ့ မသိရှိခဲ့ရပေ။

ထို့ကြောင့် သူသည် ဟုကျန်ရှုံအား အမှန်အတိုင်းပင် ဝန်ခံစကားဆိုရသည်။

"ဒီဓားဟာ ဖိုထဲက ထွက်လာခဲ့တာနဲ့ အခိုးခံခဲ့ရပါတယ်၊ ဒါကြောင့် ကျွန်တော်လဲ အသေအချာ မကြည့်ခဲ့ရပါဘူး"

ဟုကျန်ရှုံက ခေါင်းညိတ်ပြလိုက်ပြီး....

"ဒါကြောင့်ပဲ သမီးလေးက ဓားကို သူ့ဆရာမ ကြည့်ရှုစစ်ဆေးကြည့်ဖို့ ညတွင်းချင်းပဲ လိန်တောင်ပေါ်ကိုယူသွားခဲ့ပါတယ်"

"သူ့ဆရာမလဲ ဒီဓားအကြောင်းသိမှာ မဟုတ်ပါဘူး"

"ဒီလိုပြောလို့တော့ မရပါဘူး... သီလရှင်ဆရာလေး လိန်ရင်ဟာ သိုင်းလောကမှာထင်ရှားကျော်ကြားခဲ့တာ နှစ်ပေါင်းကြာမြင့်ခဲ့သလို သိုင်းပညာမှာလဲ တစ်ဘက်ကမ်းခတ်အောင် တတ်ကျွမ်းပါတယ်၊ အသိအမြင်အတွေ့အကြုံ ဗဟုသုတလဲကြွယ်ဝတဲ့ သူတစ်ယောက်ဖြစ်လေတော့ သူ့ကိုပြကြည့်ရင် ဒီဓားအကြောင်းသိကောင်းသိနိုင်လိမ့်မယ်ထင်တယ်"



လင်းထက်ဆွေက ခေါင်းကိုခါယမ်းပြလိုက်ပြီး....

"ဓားဟောင်းတစ်လက်ဆိုတာတော့ ဆရာလေးလိန်ရင်အနေနဲ့ သိနိုင်ကောင်း သိနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် ဒီဓားရဲ့ရာဇဝင်ကိုတော့ သူ့အနေနဲ့သိချင်မှ သိနိုင်ပါလိမ့်မယ်"

"မောင်ရင်ထင်သလို မဖြစ်နိုင်ပါဘူး။ သီလရှင်လိန်ရင် သိနိုင်ဖို့များပါတယ်၊ ဒီဓားဟာ ဖိုပေါ်က လတ်လတ်ဆတ်ဆတ်လာတာဖြစ်ပေမယ့်လို့ ရှေးဓားဟောင်းတစ်လက်ပဲဖြစ်တယ်၊ နဂိုရှိရင်းစွဲထက် တိုသွားပြီး ထိပ်ပိုင်းကိုနည်းနည်းပါးပါး ပြုပြင်ထားရုံလောက်နဲ့ ဓားအသစ်တစ်လက်ရယ်လို့ မဖြစ်နိုင်ပါဘူး၊ ကျုပ်အနေနဲ့ ဒီလောက်တော့ သိနိုင်ပါသေးတယ်"

ဟုကျန်ရှုံ ရှင်းပြနေသည်မှာ မှန်ကန်နေသဖြင့် ထိုဓား၏ ဇာစ်မြစ်ကိုသိများသွားလေပြီလားဟု ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားရသည်။

ဟုကျန်းရှုံက ဆက်ပြော၏။

"ကျုပ်က မောင်ရင့်ဓားကို အခုချက်ချင်းပဲ ထုတ်ပေးလိုက်ချင်ပါတယ်၊ သမီးက သူ့ဆရာမဆီပြသဖို့ ယူသွားတဲ့အတွက် အခုကျုပ်ဆီမှာရှိမနေတာကြောင့် ကျုပ်လဲ ဘာမှမတတ်နိုင်တော့ပါဘူး"

ဟုကျန်ရှုံတစ်ယောက် လိမ်ညာပြောဆိုနေခြင်းမဟုတ်သည်ကို လင်းထက်ဆွေ နားလည်သဘောပေါက်သည်။

လင်းထက်ဆွေသည် လွန်စွာ စိတ်ရှုပ်ထွေးသွားသည်။

မည်သို့မျှ မလုပ်တတ်အောင် ဖြစ်သွားရသည်။ ချိုတာစိမ်းသည် လင်းထက်ဆွေ အကျဉ်းအကျပ်ကျနေသည်ကိုကြည့်ပြီး လွန်စွာ သဘောကျနေလေ၏။

လင်းထက်ဆွေအား ဆက်၍ ပြောလေတော့သည်။

"ဒါ ဘာခက်တာမှတ်လို့လဲ၊ လိန်တောင်ပေါ်ကိုလိုက်သွားပြီး ဆရာလေးလိန်ရင်ဆီမှာ သွားယူလိုက်ပါလား၊ ဟား... ဟား... ဟား"

လင်းထက်ဆွေသည် ထိုစကားကြောင့် မခံချိမခံသာ ဖြစ်သွားသည်။

ထိန်းချုပ်ထားရသော သူ့မဟုတ်မခံချင်သောစိတ်ကလည်း ဝုန်းခဲ ထကြွလာသည်။

ချိုတာစိမ်းကို တင်းမာခက်ထန်စွာ ကြည့်လိုက်ပြီး....

"ကျုပ်ရဲ့ပျောက်ဆုံးနေတဲ့ပစ္စည်းကို ရှာဖို့အတွက်ဆိုရင် ငရဲပဲသွားရ သွားရ ကျုပ်သွားမယ်၊ ကဲ... လာ သွားကြစို့"

လင်းထက်ဆွေသည် စကားဆုံးသွားသည်နှင့် ချိုတာစိမ်း၏ ပခုံးကိုပုတ်ပြီး လက်မောင်းတစ်ဖက်ကို ဖြတ်ခနဲ ဆွဲကာ ခြေလှမ်းပြင်လိုက်သည်။

ချိုတာစိမ်းမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွား၏။

ဟုန်ကျန်ရှုံအား မျက်နှာငယ်လေးနှင့်အားကိုးတကြီး ကြည့်လိုက်သည်။

"သခင်ကြီးဟု... သခင်ကြီးဟု"

ဟုကျန်ရှုံသည် ချိုတာစိမ်းကို ကရုဏာသက်သွားမိသည်။



ထို့ကြောင့် လင်းထက်ဆွေအား ဟန့်တားလိုက်သည်။

"မောင်ရင်... အခု ဘယ်ကိုသွားမလို့လဲ"

လင်းထက်ဆွေက ပြတ်ပြတ်သားသားပင် ပြန်ဖြေသည်။

"လိန်တောင်ပေါ်ကို သွားမလို့... သူ့ကို ကျွန်တော်နဲ့အတူ ခေါ်သွားရလိမ့်မယ်၊ သူနဲ့ရှင်းစရာ ပြဿနာတွေရှိနေသေးတယ် မဟုတ်လား"

"ဒီလိုလုပ်လို့ မလိုပါဘူးမောင်ရင်"

"ဒီလိုလုပ်ဖို့ မလိုအပ်ဖူးလား... ဆရာကြီးဟုဆီမှာ ဒီ့ပြင် အကြံဉာဏ်တွေ ရှိသေးလို့လား"

"ကျုပ်ပြောတာကို နားထောင်ပါ မောင်ရင်... ကျုပ်ဆီမှာ တစ်ညတန်သည် နှစ်ညတန်သည် ခဏလောက် အနားယူလိုက်ပါ၊ မနက်ဖြန်ဖြစ်ဖြစ် သန်ဘက်ခါဖြစ်ဖြစ် အဲဒီနှစ်ရက် တစ်ရက်ရက် မှာတော့ ကျုပ်သမီးလေး ပြန်လာမှာပါပဲ၊ အဲဒီအခါကျမှပဲ ကျုပ်က တိအတိုင်း မောင်ရင်လေးရဲ့ဓားကို ပြန်ပေးပါ့မယ်"

ဟုကျန်ရှုံက လင်းထက်ဆွေ၏အဖြေကို မစောင့်ပဲ သူ့စကားကို ဆက်ပြောပြန်သည်။

"ကျုပ်အနေနဲ့မောင်ရင့်အပေါ်မှာ ဒေါသဝတ်မကျေရသေးပါ ဘူး၊ ကျုပ်က ဒေါ့သည်ကို လက်ခံတွေ့ဆုံတဲ့နေရာမှာတော့ အတော် ကလေး စိစစ်တတ်ပါတယ်၊ လက်ခံတွေ့ဆုံပြီဆိုရင်လဲ လိုလေသေး မရှိအောင် ဧည့်ဝတ်ပြုတတ်ပါတယ်၊ ဒါကြောင့် မောင်ရင် ဒီမှာတစ်ည လောက် တည်းခိုပါဦး၊ တကယ်လို့ လိုက်သွားမယ်ဆိုရင်လဲ သမီး လေးနဲ့ လမ်းမှာတင် လွဲသွားမှာသေချာပါတယ်၊ အဲဒီလိုဖြစ်သွားရင် မောင်ရင် ပင်ပန်းတာသာ အဖတ်တင်ပြီး ဘာမှအကျိုးရှိနိုင်မှာ မ

ဟုတ်ပါဘူး"

ဟုကျန်ရှုံ၏စကားများက ကျိုးကြောင်းဆီလျော် မှန်ကန်နေပေသည်။

ထို့ကြောင့် လင်းထက်ဆွေက ဆွဲကိုင်ထားသော ချိုတာစိမ်း၏လက်မောင်းကို လွှတ်ပေးလိုက်သည်။

"ကောင်းပါပြီခင်ဗျာ... ကျွန်တော့်ကိစ္စအတွက် ဆရာကြီးဟုကို ဒုက္ခပေးမိတာတော့ စိတ်မကောင်းပါဘူး"

လင်းထက်ဆွေ၏ ရိုးသားစွာပြောလိုက်သော စကားကြောင့် ဟုကျန်ရှုံ တဟားဟား ရယ်မောသဘောကျသွားသည်။

"ကိစ္စမရှိပါဘူးကွယ်... မလွဲသာ မရှောင်သာလို့ ဖြစ်ကြရတဲ့ကိစ္စပဲ၊ ဘယ်သူကကော ပြဿနာအလကား လာရှာပါ့မလဲ၊ မင်းစိတ်ထဲ ဘယ်လိုမှအောက်မေ့မနေပါနဲ့ကွယ်၊ ကဲ... လာ... လာ... အထဲသွားပြီး အနားယူကြရအောင်"

ဟုကျန်ရှုံက ဖော်ရွေပျူငှာစွာ ဖိတ်ခေါ်ပြီးလျှင် လင်းထက်ဆွေအား အိမ်တွင်းသို့ အလျင်ဝင်စေသည်။

ထို့နောက် ချိုတာစိမ်းဘက်သို့ လှည့်လိုက်ပြီး...

"မိတ်ဆွေကြီး ချိုတာစိမ်း... ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ကျွန်တော့်သမီးကလေး ပြန်မလာခင်တော့ ခင်ဗျားလဲ ဒီမှာပဲ ခဏလောက် နေပေးပါဦး"

ချိုတာစိမ်းမှာ အကျယ်ချုပ်သဘောမျိုး အဖမ်းခံရခြင်းအတွက် မျက်နှာပျက်သွားသည်။

"သခင်ကြီးဟု... ခင်ဗျား... ခင်ဗျား"

ဟုကျန်ရှုံက အလျင်အမြန်ပင် လက်ဝါးကာပြလိုက်ပြီး...



"စိတ်ချလက်ချသာ နေပါဗျာ... ကျွန်တော် ဒီလိုစီစဉ်ရတာလဲ ခင်ဗျားတို့ရဲ့အရှုပ်အရှင်း ပြဿနာတွေ ပြေလည်သွားစေချင်တဲ့ ရည်ရွယ်ချက်တစ်ခုပဲ ရှိပါတယ်၊ ပြီးတော့ ဓားပိုင်ရှင်လက်ထဲကိုလဲ ကျုပ်ကိုယ်တိုင် ဓားပြန်ထည့်ပေးချင်တဲ့စိတ်ရှိနေလို့ပါ၊ ဓားရှင်ကလဲ သူ့ဓားပြန်ရရင် ခင်ဗျားကို ဒုက္ခပေးမှာမဟုတ်တော့ပါဘူး"

ချိုတာစိမ်းက လင်းထက်ဆွေအား အခဲမကျေသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

လင်းထက်ဆွေက ဘာမျှမဖြစ်သလိုပင် တည်ငြိမ်အေးဆေးစွာဖြင့် ချိုတာစိမ်းအား ပြောလိုက်သည်။

"ခင့်ဗျားဟာ ဒီကိစ္စနဲ့အဓိက သက်ဆိုင်နေတဲ့ လူတစ်ယောက်ပဲဗျာ၊ ခင်ဗျားအနေနဲ့ ဒီကိစ္စပြေပြေလည်လည် ဖြစ်သွားပြီးတဲ့အခါ ခင်ဗျား သွားချင်တဲ့နေရာ သွားနိုင်ပါတယ်၊ ခုတော့...."

ချိုတာစိမ်းက မကျေမနပ်လေသံဖြင့်....

"ကောင်းပြီ... ကျုပ် နေခဲ့မယ်"

ထို့နောက် ဧည့်သည်များ အနားယူရန်အတွက် ဟုကျန်ရှုံက ဦးဆောင်၍ အနောက်ဘက်အဆောင်သို့ ခေါ်ဆောင်သွားသည်။

အနောက်ဘက် အဆောင်ရှေ့တွင် ထင်းရှူးပင်များ ညီညာစွာ စိုက်ပျိုးထားသဖြင့် ခြံဝင်းကြီးကိုကျက်သရေရှိ ခန့်ညားစေသည်။

အဆောင်တွင်းအဝင်တံခါးမကြီး၏ ဘေးတစ်ဘက်တစ်ချက်၌ ကျောက်သားဖြင့် ထွင်းထုထားသော ခြင်္သေ့ရုပ်နှစ်ရုပ်ရှိနေပြီး တံခါးမကြီးကို အနက်ရောင်ဆေးဖြင့် သုတ်လိမ်းထားသောကြောင့် မင်းမျိုးမှူးမတ် စံအိမ်တော်ကဲ့သို့ ခန့်ညားထည်ဝါလှပေသည်။

လင်းထက်ဆွေတို့ညှော်ခန်းတွင်းသို့ရောက်သည်နှင့် အခိုင်းအစေများက အစားအသောက်များဖြင့် ကျကျနန တည်ခင်းဧည့်ခံသည်။

စားသောက်ပြီးလျှင် ဟုကျန်ရှုံနှင့် လင်းထက်ဆွေတို့သည် စာကြည့်ဆောင်ထဲသို့ဝင်ရောက်ကာ စကားစမြည်ပြောဆိုကြ၏။

အတွေ့အကြုံဗဟုသုတပေါကြွယ်လှသော ဟုကျန်ရှုံနှင့် စကားပြောဆိုရသည့်အတွက် လင်းထက်ဆွေ အကျိုးကျေးဇူး အများကြီး ဖြစ်ထွန်းရသည်။

ညနေစောင်းသို့ရောက်လျှင် စကားဝိုင်းကိုဖြတ်ပြီး အစားအသောက်များ စားကြပြန်သည်။

စားသောက်ပြီးသော်လည်း သူတို့နှစ်ယောက်မှာ စကားဝိုင်းဆက်ကြပြန်သည်။

ဤမျှကြာမြင့်စွာ စကားစမြည်ပြောဆိုကြရသဖြင့် ဟုကျန်ရှုံနှင့် လင်းထက်ဆွေတို့မှာ တစ်ယောက်အတွင်းသဘောကို တစ်ယောက် ခြုံငုံနားလည်လာပြီး ရင်းနှီးမှုများ ခိုင်မာလာကြသည်။

ညဉ့်သန်းခေါင်ယံအချိန်တိုင် ရောက်သောအခါမှ သခင်ကြီး ဟုကျန်ရှုံက လင်းထက်ဆွေအား အိပ်ခန်းတွင်းသို့ လိုက်လံပို့ဆောင်ပေးလေတော့သည်။



အခန်း(၂၇)
ကြမ္မာဆိုး

လင်းထက်ဆွေသည် ဟုကျန်ရှုံနှင့်လူချင်းခွဲပြီး အခန်းထဲသို့ရောက်သည်နှင့် စဉ်းစားခန်း ဝင်မိတော့သည်။

သူ့ဆရာစီမာကမ်းစင်း ပြုလုပ်ထားခဲ့သောစားကို သီလရှင်လိန်ရင်က မည်သို့ပြောဆိုလေမည်နည်း။

ဟုကျန်ရှုံ၏သမီးက အဖေဖြစ်သူ၏စကားကို နားထောင်ပြီး သူ့စားကိုတကယ်ပဲ ပြန်ပေးမည်လား။

လင်းထက်ဆွေသည် စဉ်းစားရင်း အိပ်မပျော်နိုင်ဘဲ ဖြစ်လာသည်။

ညဉ့်နက်လာသည်နှင့်အမျှ တိတ်ဆိတ်မှုကလည်း လွှမ်းမိုးလာသည်။

သို့သော် လင်းထက်ဆွေ အိပ်မပျော်ပေ။ အိပ်ချင်စိတ်မရှိသဖြင့် တောင်တောင်အီအီ တွေးတောစဉ်းစားနေရာမှ ရုတ်တရက် သူ့ကိုယ်ပေါ်တွင်ရှိနေသော ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းကို သတိရလာ၏။

သူသည် ကျွန်ုဖိန်တောင်ပေါ်မှ ထွက်ခွာလာကတည်းက အငြင်းပွားရခြင်း၊ အထင်လွဲခံရခြင်း၊ တိုက်ခိုက်ပြေးလွှား သွားရခြင်း စသည့်ပြဿနာများနှင့်သာ အဆက်မပြတ် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ယခုကဲ့သို့ အေးအေးလူလူနေရခြင်း မရှိခဲ့သေးချေ။

ထို့ကြောင့် ယခုကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသည့်အချိန်တွင် သိုင်းကျမ်းကိုကြည့်ရလျှင် ကောင်းလိမ့်မည်ဟု စိတ်ကူးလိုက်မိသည်။

လင်းထက်ဆွေအိပ်ရာမှ ငေါက်ခနဲထထိုင်ကာ မီးအိမ်မှ မီးစာကိုမြှင့်တင်လိုက်ပြီး အတွင်းအင်္ကျီအိတ်ထဲမှ သိုင်းကျမ်းကို ထုတ်ယူလိုက်သည်။

"အား...."

သိုင်းကျမ်းပင် မဖွင့်ရသေး လူတစ်ယောက်၏ နာနာကျင်ကျင် စူးစူးရှားရှား အော်ဟစ်လိုက်သံကြားလိုက်ရသည်။

အသံမှာ မသက်ာဖွယ်ရာအသံဖြစ်သည်။ သို့သော် သူက ဧည့်သည်ဖြစ်နေသည်။ ဧည့်သည်တစ်ယောက်အဖို့ သူတစ်ပါးအိမ်၌ စပ်စပ်စုစု မလုပ်ကောင်းဟု သူ ယူဆသည်။

"ဘာများပါလိမ့်"

လင်းထက်ဆွေ တွေးတောစဉ်းစားနေစဉ်မှာပင် အနောက်ဘက်အဆောက်အအုံများဆီမှ ဆူဆူညံညံအသံများ ထွက်ပေါ်လာတော့သည်။

"အမယ်လေး...."

"လာကြပါဦးဗျို့... မီး... မီး... မီးလောင်နေပြီ"

လင်းထက်ဆွေမှာ တုံ့ဆိုင်းမနေတော့ပဲ သိုင်းကျမ်းကို အ



လျှင်အမြန်သိမ်းဆည်းလိုက်ပြီး ပြတင်းတံခါးကိုဖွင့်ကြည့်လိုက်သည်။

အနောက်ဘက်တွင် မီးများ အရှိန်တညီးညီး တောက်လောင်နေပြီး အစေခံအလုပ်သမားများက ဝိုင်းဝန်းငြိမ်းသတ်နေကြသည်ကို လင်းထက်ဆွေ တွေ့လိုက်ရသည်။

လင်းထက်ဆွေသည် အခန်းတွင်းမှထွက်ပြီး အိမ်ခေါင်မိုးပေါ်တက်ကြည့်လိုက်ရာ အနောက်ဘက်တန်းလျားမှာ မီးစွဲလောင်နေပြီး အခြေအနေတော်တော်လေး ဆိုးရွားသည်ကို တွေ့လိုက်ရသည်။

သူ သွားရောက်ပြီး ငြိမ်းသတ်ပေးရန် စိတ်ကူးမိသော်လည်း လင်းထက်ဆွေသည် ထိုစိတ်ကူးကို ပယ်ဖျက်လိုက်ရသည်။

မိမိမှာ ဧည့်သည်တစ်ယောက်ဖြစ်ပြီး သူတစ်ပါးအိမ်နောက်ဖေးဘက်ဆီသို့ သွားရောက်ရန် မသင့်တော်ပေ။

ကံအခွင့်မသင့်ပါက မိမိအပေါ် အထင်အမြင် လွဲမှားသွားနိုင်သည် မဟုတ်ပါလား။

ထိုစဉ် သူရပ်ကြည့်နေရာမြင်ကွင်းထဲသို့ လူရိပ်တစ်ရိပ်သည် မီးလောင်နေသည့်နေရာမှ ခုန်တက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုသူ၏လှုပ်ရှားမှုမှာ ပေါ့ပါးခြင်းမရှိပေ။ ခေါင်မိုးအခုံးသို့ ရောက်ပြီးနောက် လိမ့်ကျသွား၏။

ဝိုးတဝါးအလင်းရောင်ဖြင့် လင်းထက်ဆွေ အသေချာအပင် စူးစိုက်ကြည့်လိုက်ရာ စောစောက သူနှင့်အတူ စကားထိုင်ပြောခဲ့သော ဟုကျန်ရှုံဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

"ဆရာကြီး ဟု... ဆရာကြီး ဟုကျန်ရှုံ"

လင်းထက်ဆွေသည် တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

အနီးသို့ရောက်သောအခါ ဟုကျန်ရှုံမှာ လဲကျလျက်ရှိနေလေပြီ။ တစ်ကိုယ်လုံး၌ ဒဏ်ရာများစွာ ရရှိထားသည်။

"အမယ်လေး... ဖြစ်ရလေ အဘဟုရယ်၊ ဘယ်လိုဖြစ်ရတာလဲ"

ဟုကျန်ရှုံမှာ စကားပြောနိုင်စွမ်းမရှိတော့ချေ။ နာကျင်မှုဝေဒနာကို အလူးအလှိမ့်ခံစားနေရသဖြင့် မျက်နှာတပြင်လုံး ရှုံ့တွတွန့်လိမ်နေသည်။

မီးလောင်ကျွမ်းမှုမှာ သွေးရိုးသားရိုးလောင်ကျွမ်းခြင်းမဟုတ်တော့ပြီကို လင်းထက်ဆွေ သိလိုက်သည်။

တစ်စုံတစ်ယောက်၏ လုပ်ကြံမှုကြောင့် ဤသို့ဖြစ်ရသည်ကို ဟုကျန်ရှုံက သက်သေပြနေသကဲ့သို့ ရှိနေပေသည်။

ဟုကျန်ရှုံ၏အသားများမှာ တဆတ်ဆတ်တုန်နေပြီး နဖူးပြင်ထက်မှ ချွေးများမှာ ဆီးကင်း ဆီးပေါက်မျှ စီးကျလာသည်။

လင်းထက်ဆွေမှာ ဟုကျန်ရှုံကိုပစ်ထားပြီး ပြဿနာဖန်တီးသူတရားခံကို လိုက်လံရှာဖွေရန် အခက်တွေ့သွားရသည်။

သူသည် သူ့အင်္ကျီစကို ကမန်းကတန်းဆွဲဆုတ်လိုက်ပြီး ဟုကျန်ရှုံ၏ဒဏ်ရာများကို စည်းနှောင်ပေးလိုက်သည်။

ထို့နောက် မြေညီတစ်နေရာသို့ပွေ့ချီသယ်ဆောင်သွားပြီး



သူ၏ညာလက်ဖြင့် ဟုကျန်ရှုံ၏ငယ်ထိပ်ကို ဖိအုပ်ထားသော အတွင်းအားဖြင့် သွေးလည်ပတ်နိုင်အောင် ကုသပေးလိုက်သည်။

ထိုစဉ်မှာပင် မီးလောင်နေသည့်နေရာမှ ကြောက်မက်ဖွယ်ကောင်းသော အသံကျယ်ကြီးတစ်သံကြားလိုက်ရပြီး လူရိပ်တစ်ရိပ်ခုန်တက်လာပြန်သည်။

ထိုသူ၏လက်ထဲတွင် ပြောင်လက်တောက်ပသော ဓားတစ်လက်ကို ကိုင်ဆောင်ထား၏။

ထိုလူ၏မဖွယ်မရာအပြုအမူများမှာ မီးငြိမ်းသတ်နေသောလူများအား အတင်းဝင်ရောက်သတ်ဖြတ်နေခြင်းပင်တည်း။

"သေချင်လို့ မီးလာငြိမ်းနေကြတာလား"

တစ်ခဏအတွင်းမှာပင် မီးငြိမ်းသတ်နေသော လူဆယ်ယောက်ခန့် အသတ်ခံလိုက်ကြရလေသည်။

လင်းထက်ဆွေ၏မျက်လုံးထဲတွင် မီးဝင်းဝင်းတောက်လာ၏။ အသားများ တဆတ်ဆတ်တုန်လာသည်။

ဟုကျန်ရှုံ၏ငယ်ထိပ်ပေါ်တွင် ဖိအုပ်ထားသော သူ၏ညာဘက်လက်ကို ရုပ်သိမ်းလိုက်ပြီး...

"အဘ ဟုကျန်ရှုံ... ခဏလောက် အနားယူလိုက်ပါဦး၊ ကျွန်တော် မီးရှို့လူသတ်တဲ့တရားခံကို သွားရှင်းလိုက်ဦးမယ်"

ပြောပြီးသည်နှင့်အိမ်ခေါင်မိုးပေါ်သို့ တောင်လေရှက်ကြွေသိုင်း၏ကွက်ဖြင့် ခုန်တက်လိုက်ပြီး မီးလောင်ရာနေရာဆီသို့ အလျင်အမြန် ပြေးထွက်သွားသည်။

မီးလောင်ရာသို့ရောက်သွားသောအခါ လင်းထက်ဆွေသည် လူသတ်တရားခံကို သဲကွဲစွာ တွေ့မြင်လိုက်ရသည်။

သူ၏မျက်လုံးများ မီးဝင်းဝင်းတောက်သွား၏။ မခံမရပ်နိုင်အော်ဟစ်လိုက်မိသည်။

"ချီတာစိမ်း... ခင်ဗျားလောက်ယုတ်မာတဲ့လူ ဒီလောကမှာ မရှိတော့ဘူး... ခင်ဗျားကို ကျုပ် အသေသတ်မယ်"

လင်းထက်ဆွေ၏အသံမှာ စူးရှပြင်းထန်လှသဖြင့် ကောင်းကင်သို့ပင် လွင့်တက်သွားသည်။

မီးရှို့လူသတ်သည့်တရားခံမှာ ချီတာစိမ်းဖြစ်နေသဖြင့် သူ့ဒေါသကို မည်သို့မျှ ချုပ်တည်း၍မရတော့ပေ။

ဤဖြစ်ရပ်၏အကြောင်းရင်းကို လင်းထက်ဆွေကောင်းစွာသိရှိ၏။

မိမိသာ မိမိ၏စားပြန်လည်ရရှိရေးအတွက် ဟုမိသားစု၏ စံအိမ်တော်အတွင်းသို့ မဝင်ခဲ့လျှင် ဆရာကြီးဟုကျန်ရှုံက ချီတာစိမ်းအား အထင်သေးသေးဖြင့် လွှတ်မထားခဲ့လျှင် ဤဖြစ်ရပ်ကြီးဖြစ်ပေါ်လာလိမ့်မည် မဟုတ်ချေ။

လင်းထက်ဆွေသည် ချီတာစိမ်းထံသို့ ဒေါသတကြီး ခုန်အုပ်လိုက်ပြီး ခြေထောက်မြေပေါ်သို့ မကျမီမှာပင် လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်လိုက်သည်။

လွန်စွာ ဒေါသထွက်နေရကား သူ့လက်ဝါးရိုက်ချက်မှာ ကြောက်မက်ဖွယ်ရာ ပြင်းထန်လှသည်။

ချီတာစိမ်းသည် လင်းထက်ဆွေ၏ရိုက်ချက်ကို ရှောင်တိမ်းနိုင်ရန် သူ့နံဘေးတွင် မီးငြိမ်သတ်နေသော အိမ်စေတစ်ဦး၏ပခုံးကို ဓားဖြင့်ခုတ်ချလိုက်ပြီး ခုန်ပျံကျော်လွှားရှောင်တိမ်းသွားခဲ့လေသည်။

"ဝုန်း...."



ထို့ကြောင့် လင်းထက်ဆွေ၏လက်ဝါးရိုက်ချက်မှာ ချီတာစိမ်းကိုမထိပဲ လွဲချော်သွားခဲ့ရလေသည်။

လင်းထက်ဆွေသည် သူ့လက်ဝါးရိုက်ချက်လွဲချော်သွားသဖြင့် လွန်စွာ မခံချိမခံသာ ဖြစ်သွားသည်။

သူသည် ချီတာစိမ်းအား လက်ညှိုးငေါက်ငေါက်ထိုးကာ ရွတ်ချပြစ်တင်အော်ဟစ်လိုက်သည်။

"တိရစ္ဆာန်ကြီး... ခင်ဗျားကို တိရစ္ဆာန်လို့တောင် မခေါ်သင့်ဘူး၊ အချို့တိရစ္ဆာန်တွေဟာ သခင်ဖြစ်သူရဲ့ကျေးဇူးကို သိတတ်ကြသေးတယ်၊ သူဟာ နေ့လည်ခင်းက ခင်ဗျားကိုကယ်ခဲ့တယ်၊ အဲဒီကျေးဇူးအတွက် ခင်ဗျားက ဒီလိုကျေးဇူးဆပ်လိုက်တာလား"

ချီတာစိမ်းသည် လင်းထက်ဆွေ၏စကားကိုဂရုမစိုက်ချေ။ လက်ထဲမှဓားကို ဝှေ့ယမ်းလိုက်ပြီး လင်းထက်ဆွေအား သရော်တော်တော် ပြောလေ၏။

"ဟေ့ကောင်... ဟုကျန်ရှုံဟာ သူ့ကိုမေတ္တာလက်ဆောင်ဓားလာပေးတဲ့ကျေးဇူးကိုမထောက်ပဲ ငါ့ကိုအကျဉ်းသားလို ဆက်ဆံခဲ့တယ်၊ ချီတာစိမ်းဆိုတဲ့ကောင်ကို စော်ကားတဲ့လူတိုင်းဟာ အဖြစ်ပါမကျန်အောင် ချေမှုန်းခံရမယ်ဆိုတဲ့ သင်ခန်းစာကို ပေးလိုက်တာပဲ"

"ခင်ဗျားဟာ ဒီဓားကို သူတစ်ပါးဆီကခိုးလာခဲ့တာ၊ ခင်ဗျားကြောင့် ဟိုတစ်ယောက်လဲ သေသွားပြီ၊ ခင်ဗျားကို ကောင်းကောင်းကြီး သင်ခန်းစာပေးရမယ်"

"ဟား... ဟား... ဟား... မင်းကပဲ သင်ခန်းစာပေးနိုင်မလား၊ ငါကပဲ သင်ခန်းစာပေးနိုင်မလား ကြည့်ရသေးတာပေါ့"

လင်းထက်ဆွေသည် ချိုတာစိမ်း၏စကားဆုံးသည်နှင့် ဖျတ်ခနဲ လှုပ်ရှားလိုက်သည်။

သူ၏လှုပ်ရှားမှုမှာ လျှင်မြန်သွက်လက်လွန်းသဖြင့် လူလုံးမကွဲဘဲ လူရိပ်ကိုသာ ရိပ်ခနဲ မြင်ရလေသည်။

"ဝုန်း...."

လင်းထက်ဆွေ၏ လက်ဝါးရိုက်ချက်ကို ချိုတာစိမ်းမှာ သေလုမျောပါးရှောင်တိမ်းလိုက်ရသဖြင့် လွတ်သည်ဆိုရုံကလေး လွတ်မြောက်သွားခဲ့သည်။

သို့သော် လင်းထက်ဆွေ၏ လက်ဝါးရိုက်ချက်မှာ ချိုတာစိမ်းကိုမထိပဲ သစ်သားနံရံကိုမှန်ကာ ပြိုကျသွားသဖြင့် ချိုတာစိမ်းမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရသည်။

လင်းထက်ဆွေ၏ လက်ဝါးရိုက်ချက်ကို လုံးဝအထင်မသေးရဲတော့ချေ။

လင်းထက်ဆွေသည် ချိုတာစိမ်းထံ မြားတစ်စင်းကဲ့သို့ တစ်ဟုန်ထိုး ပြေးလွှားသွားကာ တည့်တည့်မတ်မတ်ပင် ခုန်အုပ်လိုက်လေသည်။

ဤတိုက်ကွက်ကား တိုက်ခိုက်သူအတွက် အလွန်အန္တရာယ်ကြီးမားလှသည်။

ချိုတာစိမ်းသည် လင်းထက်ဆွေ၏တိုက်ကွက်ကြောင့် ဝမ်းသာအားရဖြစ်သွားသည်။

ဒီကောင်တော့ ကိုယ့်သေတွင်းကိုယ်တူးပြီဟု စိတ်ထဲက ကျိတ်၍ရေရွတ်လိုက်ပြီး လက်ထဲမှဓားဖြင့် အောက်မှပက်တင်လိုက်လေ၏။



"ချွမ်း...."

လင်းထက်ဆွေမှာ အရှိန်နှင့်ခုန်အုပ်လိုက်ရသည်မို့ လေထဲတွင် ကိုယ်က ပျံဝဲနေပြီး ခြေကုတ်အား မရှိတော့ပေ။

သို့သော် သူသည် မိုးနှင့်မြေယပ်တောင်သိုင်းကွက်မှ အကွက်တစ်ကွက်ကို သုံးလိုက်၏။

ဓားက ရင်ဝကိုထိုးခွဲရန် တစ်လက်မခန့်အလိုတွင် ခါးကိုတွန့်ခနဲလှုပ်လိုက်ပြီး ဘေးတစ်ခြမ်းစောင်း ကျွမ်းထိုးထွက်သွားသည်။

ချိုတာစိမ်း၏ဓားချက် လွဲချော်သွားရလေတော့သည်။

"ဝုန်း...."

"အမယ်လေး...."

လင်းထက်ဆွေသည် ချိုတာစိမ်း၏ဓားချက်လွတ်သွားသည်နှင့် လေထဲမှပင် ညာခြေဖြင့် တစ်ချက်ကန်ထုတ်ပစ်လိုက်သည်။

ချိုတာစိမ်းမှာ သူ့အပိုင်ဓားချက်လွတ်သွားရုံမက သူ့ခန္ဓာကိုယ်ကြီးပင်လျှင် လွင့်စင်သွားခဲ့ရသည်။

သူ့ခန္ဓာကိုယ်ကြီးမှာ မီးလောင်နေသည့် အဆောင်တွင်းသို့ ရောက်လုနီးပါး ဖြစ်သွားရသည်။

သို့သော် သူ မသေပါ။ ထပြေးသည်။

လင်းထက်ဆွေသည် ချိုတာစိမ်းကို အလွတ်မခံနိုင်တော့ပေ။

ချိုတာစိမ်း ခုန်လွှားပြေးသွားသည်နှင့် သူသည်လည်း နောက်မှ ထက်ကြပ်မကွာ ခုန်ပျံပြေးလိုက်သွားခဲ့သည်။

လင်းထက်ဆွေ၏လက်မှ မည်သို့အလွတ်ပြေးမည်နည်း။

"သေပေတော့"

သူ၏လက်ဝါးရိုက်ချက်တစ်ချက်ကို ရိုက်ထုတ်လိုက်သည်။

"ဘာဖြစ်တာလဲ... ရပ်လိုက်"

"ဝုန်း..."

အော်ဟစ်တားမြစ်သံက အချည်းနှီးဖြစ်သွားခဲ့ရသည်။

လင်းထက်ဆွေ၏လက်ဝါးရိုက်ချက်ကို ချိုတာစိမ်းမရှောင်နိုင်တော့သဖြင့် ကလေးကစားစရာ အရုပ်ကလေး တစ်ရုပ်အလား လွင့်စင်ထွက်သွားရလေတော့၏။

ချိုတာစိမ်း၏ပါးစပ်မှ သွေးများ အန်ထွက်လာပြီး ငြိမ်သက်သွားတော့သည်။

"တယ် သတ္တိကောင်းပါလား"

လင်းထက်ဆွေ အနီးသို့လူရိပ်တစ်ရိပ်ရောက်ရှိလာ၏။

တစ်ပြိုင်တည်းမှာပင် အလင်းတန်းတစ်ခုက လင်းထက်ဆွေ၏မျက်စိ ကျိန်းစပ်သွားရလောက်အောင် လက်ခနဲ တိုးဝင်လာခဲ့လေသည်။

ဓားသည် သူ့လည်မျိုအနီးသို့ ရောက်ရှိနေပြီဖြစ်၍ အသေအလဲ ရှောင်တိမ်းလိုက်ရသည်။

ဓား၏ထူးခြားသော တောက်ပပြောင်လက်ပုံကြောင့် အရေးတကြီးကြည့်လိုက်မိသောအခါ လင်းထက်ဆွေမှာ ဦးခေါင်းထက်သို့ သွေးတက်မတတ် ဖြစ်သွားရလေ၏။

"ဒါ... ဒါ... ငါ့ဓား... ငါ့ဓားပဲ"

သူသည် ဓားကိုမြင်လိုက်သည်နှင့် သူ့ဆရာက သူ့အားပေးအပ်ခဲ့သည့်ဓားဖြစ်ကြောင်း ချက်ချင်းပင် သိလိုက်သည်။



မီးဖိုထဲမှ ကန်တက်လာသည့်အခြေအနေကိုပင် ပြန်လည်မြင်ယောင်လာခဲ့သည်။

ရန်သူသည် ဓားကိုဝှေ့ယမ်း၍ တရကြမ်း တိုက်ခိုက်လာပြန်သဖြင့် လင်းထက်ဆွေမှာ တဆုတ်တည်း ဆုတ်နေရသည်။ နောက်ဆုံး ဆယ်ကိုက်ခန့်အထိ ခုန်ဆုတ်လိုက်သည်။

ထိုအခါကျမှ သူ့အား တရကြမ်းတိုက်ခိုက်နေသူမှာ ခရမ်းရောင်ဝတ်စုံဝတ်ဆင်ထားသော အသက်ဆယ့်ရှစ်နှစ်အရွယ်ခန့်ရှိ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်းကို တွေ့လိုက်ရသည်။

ထိုမိန်းကလေးလက်ထဲမှဓားမှာ တလက်လက် တောက်ပနေပေသည်။

မိန်းကလေးက လက်ထဲမှဓားဖြင့် လင်းထက်ဆွေအား ထိုးညွှန်လိုက်ပြီးလျှင် လေသံမာမာဖြင့် မေးလိုက်သည်။

"ဘာကြောင့် မီးတွေရှို့... လူတွေသတ်လိုက်လုပ်နေရတာလဲ"

"ခဏနေပါဦး မိန်းကလေး... ဒီလိုမီးရှို့တာတွေ ဘာတွေလုပ်တာ ကျုပ် မဟုတ်ပါဘူး"

"ရှင်မဟုတ်ရင် ဘယ်သူလဲ ကျွန်မရှေ့မှာပဲ ရှင် လူတစ်ယောက်သတ်လိုက်ပြီ မဟုတ်လား"

မိန်းကလေးသည် ပြောရင်း ဒေါသထွက်လာသည်။ ထို့ကြောင့် ခုန်ဝင်ပြီး ထိုးခုတ်တိုက်ခိုက်တော့သည်။

ယခုကဲ့သို့ မိမိ၏ဓားဖြင့် အခြားသူတစ်ဦးက မိမိကိုတိုက်ခိုက်နေသည့်အတွက် လင်းထက်ဆွေ၏စိတ်ထဲတွင် အတော်ကလေးအခံရခက်လာမိသည်။ ဒေါသလည်း ထွက်လာရသည်။

"ရပ်လိုက်... မင်းမရပ်ရင် ငါ တိုက်ခိုက်ရလိမ့်မယ်"

"ရှမ်း...."

လင်းထက်ဆွေ စကားကိုဆုံးအောင်ပင်မပြောလိုက်နိုင်ချေ။

မိန်းကလေး၏ဓားက ရှမ်းခနဲ ဝှေ့ယမ်းလိုက်ပြန်သဖြင့် အင်္ကျီလက်စတစ်ဖက် ကွဲထွက်သွားသည်။

"ရှင်နဲ့ဟုမိသားစုက ဘာရန်ငြိုးရန်စတွေရှိလို့ ဒီလောက်အထိ ရက်စက်ယုတ်မာရတာလဲ"

လင်းထက်ဆွေ ဒေါသထွက်နေ၏။ သို့သော် မိန်းကလေး၏ ဒေါသက သူ့ထက် ပိုမိုကြီးထွားနေသဖြင့် အိမ်ခေါင်မိုးပေါ်တွင် ဘယ်ညာရှောင်တိမ်းပြေးလွှားနေရရှာသည်။

"သိပ်ဒေါသမကြီးပါနဲ့... ခဏလောက် ရပ်လိုက်စမ်းပါ၊ မင်းကို ကျုပ် ရှင်းပြပါရစေဦး၊ မင်းဟာ ဟုမျိုးဆက်မဟုတ်လား"

လင်းထက်ဆွေက သူ့ကိုပြန်လည်မခုခံပဲ ရှောင်တိမ်းနေသည်ကို သူမ သိရှိသည်။ ထို့ကြောင့် ထပ်မံမတိုက်ခိုက်တော့ပဲ ရပ်လိုက်သည်။

"ဟုတ်တယ်... ကျွန်မ ခရမ်းရောင်ပျံလွှားမယ် ဟုအင်ဟုန်ပဲ၊ ရှင် ပြောစရာရှိတာကို မြန်မြန်ပြော"

မိန်းကလေး၏ ဒေါသမပြေသေးကြောင်းကို သူ ကောင်းစွာသိသည်။

ထို့ကြောင့် မိန်းကလေးဒေါသပြေစေနိုင်မည့်နည်းလမ်းကို အမြန်ဆုံး စဉ်းစား၍ ပြောချလိုက်ရ၏။

"မင်းကို အဘဟုကျန်ရှုံဆီ ခေါ်သွားပြီးမှရှင်းပြမယ်"

"ကျွန်မအဖေက ဘယ်မှာလဲ"



"ကျုပ်နောက်ကို လိုက်ခဲ့"

လင်းထက်ဆွေသည် ဟုကျန်ရှုံရှိရာဆီသို့ ခုန်ပျံပြေးလွှားသွားသည်။

တစ်ခဏအတွင်းမှာပင် ဟုကျန်ရှုံဆီသို့နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ကြသည်။

ဟုအင်ဟုန်မှာ မြေကြီးပေါ်တွင်လဲကျနေသော သူမ၏ဖခင်ကိုတွေ့လိုက်ရလျှင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ဟုကျန်ရှုံ၏ ခန္ဓာကိုယ်ကို ကမန်းကတန်း ပွေ့ချီလိုက်သည်။

"ဖေဖေ... ဖေဖေ"

မိန်းကလေးမှာ တစ်ကိုယ်လုံး တုန်လှုပ်သွား၏။ မြေပြိုကျပြီး နက်ရှိုင်းသောတွင်းနက်ကြီးထဲကို သူမတစ်ကိုယ်လုံး စုံးစုံးမြုပ်သွားပြီဟု ထင်မိသည်။

အဘယ့်ကြောင့်ဆိုသော် ဟုကျန်ရှုံ၏ တစ်ကိုယ်လုံးမှာ အေးစက်တောင့်တင်းနေပြီဖြစ်သောကြောင့်တည်း။

## အခန်း(၂၈)
## မပြေလည်သောစားပြဿနာ

လင်းထက်ဆွေသည် ဒူးထောက်ထိုင်ပြီး ကြေကွဲစွာ အော်မိသည်။

"အဘ... အဘ ဟုကျန်ရှုံ... အဘ"

ဟုကျန်ရှုံ ဤသို့စောစီးစွာ သေသွားရခြင်းမှာ လင်းထက်ဆွေအနေဖြင့် ပိုင်ပိုင်နိုင်နိုင် မပြုစုလိုက်ရသောကြောင့် ဖြစ်သည်။

အကယ်၍သာ ချီတာစိမ်းနောက်သို့မလိုက်ပဲ သေသေချာချာ ပြုစုလိုက်ရပါက လုံးဝအသက်မရှင်နိုင်သည့်တိုင် သုံးရက်တန်သည် တစ်ပတ်တန်သည် အသက်ရှင်နိုင်ပေသေးသည်။

လင်းထက်ဆွေသည် ထိုအချက်ကိုတွေးမိပြီး ယူကျုံးမရဖြစ်နေခြင်းသာ ဖြစ်သည်။

ဟုအင်ဟုန်သည် အားပါးတရငိုကြွေးပြီးသည်နှင့် ရုတ်တရက် မတ်တတ်ထရပ်လိုက်သည်။

သူမ၏မျက်နှာမှာ သွေးဆုတ်ဖြူရော်ကာ နွမ်းဖျော့နေသော်လည်း သူမ၏မျက်လုံးများက အရောင်တလက်လက်တောက်ပကာ



ကျားသစ်မလေးတစ်ကောင်ကဲ့သို့ ရှိနေလေသည်။

သူသည် လင်းထက်ဆွေအား မကျေနပ်သည့်လေသံဖြင့်....

"ရှင် ဘာဖြစ်လို့ ဒီလောက်တောင် ရက်ရက်စက်စက် လုပ်ရတာလဲ၊ ပြောစမ်းပါ... ရှင်လူမှ ဟုတ်သေးရဲ့လား"

ပြောရင်းမှပင် လင်းထက်ဆွေအား တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားပြန်သည်။

လင်းထက်ဆွေက ကမန်းကတန်း လက်ကာ၍ တားလိုက်၏။

"ဒါတွေဟာ ကျုပ်နဲ့မဆိုင်ပါဘူး မိန်းကလေး၊ ကျုပ်နာမည် လင်းထက်ဆွေပါ၊ ဒီနေ့မနက်ကမှ မိန်းမာလေးတို့စံအိမ်တော်ကို ရောက်လာခဲ့ရတာပါ"

"ရှင်က ဒီကိုဘာလာလုပ်ရတာလဲ"

"မိန်းကလေး လက်ထဲက ဓားအတွက် လာခဲ့ရတာပါပဲ"

မိန်းကလေး ဟုအင်ဟုန် မျက်မှောင်ကြုတ်လိုက်သည်။

လက်ထဲမှဓားကို ဆတ်ပြလိုက်ပြီး....

"ဒီဓားကိုပြောတာလား... ဒီဓားက ဘာဖြစ်လို့လဲ"

"အဲဒီဓားဟာ ကျုပ်ပိုင်တဲ့ဓားတစ်လက် ဖြစ်နေလို့ပါပဲ"

ဟုအင်ဟုန်က လင်းထက်ဆွေကို မျက်လွှာပင့်ကြည့်လိုက်သည်။ ထို့နောက် ဒေါသတကြီး စွပ်စွဲတော့သည်။

"ဓားပြန်တောင်းလို့မရတာနဲ့ ရှင်က ဒီလိုရက်ရက်စက်စက် လူသတ်မီးရှို့ပစ်လိုက်တာ မဟုတ်လား"

လင်းထက်ဆွေ ပျာပျာသလဲ ဖြစ်သွားသည်။

"အာ... မဟုတ်... မဟုတ်ပါဘူး"

"ရှင်လုပ်တာမဟုတ်ဘူးဆိုရင် တရားခံအစစ်ကိုပြ... မပြနိုင်ရင် ကျွန်မ ရှင့်ကိုလုံးဝခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး"

"တရားခံရှိပါတယ်"

"ရှိရင် ဘယ်မှာလဲ"

"ချီတာစိမ်း... ချီတာစိမ်းက ကရားခံအစစ်ပါ၊ သူက ကျုပ်ရဲ့ဓားကိုခိုးယူပြီး မနေ့ညနေက မိန်းကလေးတို့ရဲ့အိမ်တော်ကို လာပို့ထားတာပါ"

"ဟုတ်တယ်... ဒီဓားကို သူ လာပို့ထားတာပဲ၊ ဒါပေမယ့် သူနဲ့ကျွန်မကို ဘာရန်ငြိုးရန်စမှမရှိခဲ့ကြဘူး"

"ရန်ငြိုးရန်စ ရှိမရှိတော့ ကျုပ် မသိဘူး၊ ဒါပေမယ့် ကျုပ်ဒီကိုလိုက်လာတော့ သူ ဓားခိုးလာတဲ့ကိစ္စတွေ ပေါ်ကုန်တာပေါ့၊ ဒါကြောင့် မိန်းကလေးရဲ့အဖေက မိန်းကလေးပြန်လာတဲ့အထိ စောင့်နိုင်းပြီး ပြန်လာရင် ကျုပ်ဓား ပြန်ပေးအပ်မယ်လို့ ကတိခံထားတယ်၊ နောက်ပြီး ချီတာစိမ်းကိုလဲ ကျုပ်လက်ထဲအပ်မယ်လို့ ပြောခဲ့တယ်၊ ဒါပေမယ့် သူ့ကိုတော့ အထင်သေးပြီး လွှတ်လွှတ်လပ်လပ်ပဲ ထားခဲ့တယ်၊ ချီတာစိမ်းကမကျေမနပ်ဖြစ်ပြီး ညဥ့်သန်းခေါင်အချိန်မှာ ဒီဂေဟာကို တိတ်တဆိတ် မီးရှို့လူသတ်လုပ်တော့တာပဲ၊ မိန်းကလေးရဲ့အဖေကိုလဲ သူပဲသတ်ပစ်လိုက်တာပါ၊ ဒါကြောင့် ကျုပ်က ဒေါသကြီးနဲ့ သူ့ကိုလိုက်သတ်တာပါ"

ဟုအင်ဟုန်က လင်းထက်ဆွေကို စူးစိုက်ကြည့်လိုက်သည်။

"ရှင့်ကိုတော့ ဘာဖြစ်လို့သတ်မပစ်ရတာလဲ"

"အဲဒီအချိန်က ကျုပ် ဧည့်ခန်းထဲမှာအိပ်နေတာပဲ၊ ကျုပ်ကိုတော့ သူ ဘယ်သတ်ရဲမလဲ၊ သူ့ပညာက ကျုပ်ကို လုံးဝမီတာမှ မဟုတ်ပဲ"



"ဒါ ဖြစ်နိုင်ပါ့မလား... ရှင့်စကားကို ကျွန်မ ဘယ်လိုယုံရမလဲ"

"ကျုပ်ပြောနေတာတွေ အားလုံးအမှန်တရားတွေချည်းပါပဲ"

"ရှင်ကတော့ ဒီလိုပဲပြောမှာပေါ့... ကျွန်မ ရှင်ပြောတဲ့အတိုင်း ဟုတ်မဟုတ် အစေခံတစ်ယောက်ယောက်ကို မေးကြည့်မယ်၊ ရှင်သာ ယောကျ်ားတစ်ယောက်ဆိုရင် ထွက်ပြေးဖို့မကြိုးစားပါနဲ့"

"အမှန်တရားကို နတ်စောင့်ပါတယ်... ကျုပ် ထွက်ပြေးစရာလဲ မလိုအပ်ပါဘူး၊ ဒီကိစ္စကို အမှန်အတိုင်းဖြစ်လိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်"

ဟုအင်ဟုန်သည် ရဲရင့်သောလင်းထက်ဆွေကိုကြည့်ပြီး သူ့စကားများ မှန်နိုင်သည်ဟု တွေးသည်။

"ကောင်းပြီ... ကျွန်မ ရှင့်စကားတွေကို မယုံကြည်နိုင်သေးဘူး၊ တစ်ယောက်ယောက်ကို မေးကြည့်ရလိမ့်မယ်"

ပြောပြောဆိုဆိုပင် မီးလောင်နေသည့် အနောက်ဘက်အဆောင်များဆီသို့ ပြေးလွှားထွက်သွားသည်။

လင်းထက်ဆွေလည်း ခေါင်းမိုးပေါ်မှဆင်းကာ သူမနောက်လိုက်သွားခဲ့သည်။

မီးလောင်သောနေရာမှာ မီးခွယ်ကျ မီးညွှန့်ကျိုးကာ အရှိန်သေသွားသည်။ မီးခိုးများသာ တအူအူ ထွက်ပေါ်နေသည်။

မီးလောင်ကျွမ်းထားသဖြင့် ကျိုးကျပျက်စီးကုန်သော ပစ္စည်းများသည်လည်း ဟိုတစဒီတစ ဖရိုဖရဲ ပြန့်ကျဲနေကြသည်။

အခိုင်းအစေများ၏ အလောင်းများမှာလည်း မီးစွဲလောင်ခံရသူက ခံရ၊ သွေးအလိမ်းလိမ်းဖြင့် ခုတ်ထစ်သတ်ဖြတ်ခံရသူက ခံရဖြင့် မြင်မကောင်း ရှုမကောင်းအောင် ဖြစ်နေသည်။

အသက်ရှင်ကျန်ရစ်သောအစေခံဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရပဲဖြစ်နေသည်။

မသေပဲ ကျန်ရစ်သူများကလည်း ပေါ့ပါးသောပစ္စည်းများ ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်သွားကြပြီဖြစ်သည်။

လင်းထက်ဆွေ၊ ဟုအင်ဟုန်နှင့်အတူ ခြံဝင်းအတွင်း၌ တစ်ဆောင်ဝင် တစ်ဆောင်ထွက် လိုက်လံရှာဖွေပါသော်လည်း အသက်ရှင်ကျန်ရစ်သည့်အစေခံဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။

ထို့ကြောင့် ဟုအင်ဟုန်က သူ့အပေါ်တွင် မယုံကြည်ဖြစ်ကာ အထင်လွဲသွားဦးမည်ကို စိုးရိမ်နေမိသည်။

"တောက်… ဘယ်အစေခံမှမတွေ့တာ သိပ်ဆိုးတာပဲ၊ ကျုပ်တော့ သက်သက်အထင်လွဲခံရတော့မှာပဲ"

လင်းထက်ဆွေက ညည်းညူလိုက်သည်။

ဟုအင်ဟုန်သည် ခြံဝင်းကြီးတစ်ခုလုံး နှံ့အောင် ရှာဖွေပါသော်လည်း အသက်ရှိသူဟူ၍ တစ်ယောက်မျှမတွေ့ရသဖြင့် စိတ်ချောက်ချားလာရသည်။

သူမ ရှာဖွေရာနောက်သို့ တကောက်ကောက်လိုက်ပြီး ကူညီရှာဖွေပေးနေသည့် လင်းထက်ဆွေကိုလည်း တဖြည်းဖြည်း ယုံကြည်မှုရှိလာသည်။

တကယ်တမ်းဖြင့်လည်း ကုလားအုတ်လိပ်ပြာပုံ ချိတ်တာစိမ်းနှင့် လင်းထက်ဆွေတို့၏ရုပ်ရည်မှာ လွန်စွာ ကွာခြားလှသည်။



ယုံစရာရှိလျှင် လင်းထက်ဆွေ၏စကားကိုသာ ယုံရပေမည်။

သူမသည် လျှပ်တစ်ပြက် အချိန်ကလေးအတွင်းမှာပင် ယုံမှတ်ဖွယ်မရှိလောက်အောင် ခိုကိုးရာမဲ့ဘဝသို့ရောက်ရှိသွားရသဖြင့် ဝမ်းနည်းပူဆွေးစိတ်တို့ ဖြစ်ပေါ်လာသည်။

သူမအနီး၌ ယောကျ်ားပျိုကလေးတစ်ယောက် ရှိနေသည်ကိုပင် မရှက်နိုင်တော့ပဲ သည်းထန်စွာ ငိုကြွေးနေမိတော့သည်။

လင်းထက်ဆွေ ဖျောင်းဖျနှစ်သိမ့်နေလေ၏။

"ဝမ်းနည်းမနေပါနဲ့တော့မိန်းကလေးရယ်… ကံစီမံတဲ့အတိုင်း ဖြစ်လာခဲ့ရတာပဲ၊ မိန်းကလေးရဲ့အဖေကိုသတ်သွားတဲ့တရားခံ ချိတ်တာစိမ်းကိုလဲ ကျုပ် သတ်ပြီးပါပြီ"

ဟုအင်ဟုန်သည် မျက်ရည်များကို လက်ဖမိုးနှင့်သုတ်လိုက်ပြီး လင်းထက်ဆွေအား စိုက်ကြည့်လိုက်သည်။ သူမ၏အကြည့်များကား ပြောင်းလဲသွားလေပြီ။

ရန်ငြိုးသိုလိုသည့် အမိုပွာယ်မျိုးမရှိတော့ပေ။ လင်းထက်ဆွေမှာ သူမနှင့်ထပ်တူထပ်မျှ ခံစားရသကဲ့သို့ စိတ်မကောင်းဖြစ်နေရသဖြင့် သူမလက်ထဲမှ ဓားကိုတောင်းရန် ကိစ္စကိုပင် ပြောမထွက်နိုင်တော့ပဲဖြစ်သွားရပေသည်။

"လာပါ မိန်းကလေးရယ်… မင်းရဲ့အဖေအလောင်းကို အလျှင်မြှုပ်လိုက်ကြရအောင်၊ ပြီးမှပဲ မင်းပြောချင်တာကို ပြောပါတော့"

ဟုအင်ဟုန်မှာ သောကမီးများ တောက်လောင်နေချိန်မို့ ဘာမျှမလုပ်တတ် မကိုင်တတ်အောင် ဖြစ်နေရလေသည်။

သူ့ဖခင်၏အလောင်းကိုမြှုပ်နှံရန်ပင် မည်သည့်နေရာတွင် မြှုပ်နှံရမည်ကို မစဉ်းစားတတ်ပဲ လင်းထက်ဆွေအား ဝမ်းပမ်းတ

နည်းလေသံဖြင့် ပြန်မေးလိုက်မိသည်။

"ဘယ်မှာမြှုပ်ရမလဲဟင်"

လင်းထက်ဆွေသည် မတောင့်မတ မကြောင့်မကြနေခဲ့သော ဟုအင်ဟုန်၏ဘဝကိုတွေးပြီး စာနာသနားစိတ် ဖြစ်ပေါ်လာသည်။

"ကဲ... မိန်းကလေး၊ မင်း အေးအေးဆေးဆေး အနားယူပါတော့၊ ဒီကိစ္စတွေ အားလုံး မင်းကိုယ်စား ကျုပ်ပဲ လုပ်လိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

လင်းထက်ဆွေသည် ကောင်းကင်လှန်မယ့်လက် ဟုကျန်ရှံ၏ အလောင်းကိုပွေ့ချီကာ ဂေဟာ၏ ရှေ့မျက်နှာစာနေရာကွက်လပ်တစ်ခုတွင် ကျင်းတူးမြှုပ်နှံသင်္ဂြိုလ်လိုက်သည်။

ထို့နောက် ချီတာစိမ်းနှင့် သေဆုံးသွားသော အခိုင်းအစေများ၏အလောင်းများကို မီးပုံထဲသို့ပစ်ချကာ သင်္ဂြိုလ်လိုက်သည်။

အားလုံးရှင်းလင်းပြီးစီးသောအခါ မီးလောင်မခံရသော အခန်းတစ်ခန်းထဲသို့ဝင်ရောက်ကာ မိမိ၏ ညစ်ပတ်ပေရေနေသောခန္ဓာကိုယ်ကို ဆေးကြောသုတ်သင်သည်။

မိမိနှင့် ဟုအင်ဟုန်တို့နှစ်ယောက် စားသောက်နိုင်ရန်အတွက် စားစရာများချက်ပြုတ်ပြင်ဆင်သည်။

တစ်ဦးတည်းလုပ်ကိုင်ရသဖြင့် အချိန်များစွာ ကုန်သွား၏။

မိုးလင်းလာသောအခါ ဟုအင်ဟုန်မှာ လင်းထက်ဆွေကို အားနာနေမိသည်။

ဖခင်ဖြစ်သူ၏မြေပုံနှင့် မှတ်တိုင်ကိုကြည့်၍ သူမ ငိုမိပြန်တော့သည်။



မကြာမီ ဟုအင်ဟုန်မှာ လင်းထက်ဆွေကို လက်အုပ်ချီ၍ နှုတ်ဆက်သည်။

"အခုလို အစစအရာရာ ကူညီတဲ့အတွက် အစ်ကိုကို ကျေးဇူးတင်လှပါတယ်၊ နောက်နောင် အခါအခွင့်အကြုံ့ခဲ့ရင် ဒီကျေးဇူးတွေကို ပြန်ဆပ်ပါ့မယ်"

ဟုအင်ဟုန်သည် စကားဆုံးသည်နှင့် အခန်းအပြင်ဘက်သို့ ချာခနဲ လှည့်ထွက်သွားတော့သည်။

လင်းထက်ဆွေမှာ တအံ့တသြ ဖြစ်သွားလေ၏။

"မိန်းကလေး... မင်း... မင်း ဘယ်သွားမလို့လဲ"

ဟုအင်ဟုန်မှာ တုံ့ခနဲ ရပ်လိုက်သည်။

လင်းထက်ဆွေကို သမင်လည်ပြန် လှည့်ကြည့်လိုက်ပြီး...

"ကျွန်မ ဆရာဆီကို သွားတော့မလို့လား"

"နေ... နေပါဦးလား မိန်ကလေးရယ်"

"ဘာပြောစရာရှိသေးလို့လဲဟင်"

လင်းထက်ဆွေက ဟုအင်ဟုန်ကို အားနာပါးနာအကြည့်ဖြင့်ကြည့်လိုက်သည်။

မပြောမပြီးဖြစ်နေသည့်စားကိစ္စကို မေးရလေတော့၏။

"မိန်းကလေး လက်ထဲက ဓားကို ဘယ်လိုလုပ်မှာလဲ"

ဟုအင်ဟုန် မျက်နှာထားတည်သွားသည်။

လင်းထက်ဆွေကို စိုက်ကြည့်လိုက်ပြီး...

"ကိစ္စတွေရှင်းရှင်းလင်းလင်း မသိရသေးတဲ့အချိန်မှာ ဒီဓားကို ကျွန်မ ပြန်မပေးနိုင်သေးဘူး၊ ဒီဓားဟာ ရှင့်ဓား ဟုတ်မဟုတ်ဆိုတာကိုလဲ ရှင် သက်သေမပြနိုင်သေးဘူး၊ တကယ်လို့ ရှင်သာ တိတိ

ကျကျ သက်သေသက္ကာယနဲ့ ပြနိုင်မယ်ဆိုရင်တော့ ကျွန်မ ရှင့်ကို ပြန်ပေးလိုက်ပါ့မယ်"

လင်းထက်ဆွေသည် ဟုအင်ဟုန်သာ ယောကျ်ားကလေး တစ်ယောက်ဖြစ်နေလျှင် တောင်းတောင်းပန်ပန် ပြောနေမည်မဟုတ်ပေ။

ယခုမူ မိန်းကလေးဖြစ်နေသည်ကတစ်ကြောင်း၊ ကြေကွဲဖွယ်ရာ အဖြစ်ဆိုးကြီးနှင့် တွေ့ကြုံရသည်ကတစ်ကြောင်းတို့ကြောင့် အကြမ်းဖက်ရန် ခက်နေလေ၏။

ထို့ပြင် ဟုကျန်ရှုံ ဤသို့အသတ်ခံရသည့်ကိစ္စကို ကောက်ချက်ချလျှင် မိမိအပြစ်လည်း ပါသင့်သလောက်ပါနေကြောင်း သူ့ဘာသာလည်း တွေးမိသည်။

ထို့ကြောင့် နောက်ဆုံးတွင် စိတ်ကို တုံးတုံးချလိုက်မိတော့သည်။

"မိန်းကလေး စိတ်ကြိုက်သာ ဆောင်ရွက်ပါတော့လေ၊ ဒါပေမယ့် ဒီဓားဟာ ကျုပ်ရဲ့ဓား အမှန်တကယ် ဖြစ်တယ်ဆိုတာကိုတော့ မိန်းကလေးယုံစေချင်တယ်၊ ကျုပ် မင်းကိုလိမ်ညာပြောနေတာ မဟုတ်ရပါဘူးကွယ်"

"ကျွန်မ ပြောပြီးပြီပဲရှင်... ရှင်သာ သက်သေအထောက်အထား ယူလာခဲ့ပါ၊ ကျွန်မကတိအတိုင်း ရှင့်ကို တည်တည်ကြည်ကြည်နဲ့ပြန်ပေးလိုက်ပါ့မယ်"

မိန်းကလေးသည် လင်းထက်ဆွေအား ရှိုရှိုင်းစွာ ကြည့်လိုက်လေ၏။

"ကဲ... ကျွန်မ သွားတော့မယ်၊ နောက်နောင် ကံကြုံရင်



ပြန်ဆုံကြသေးတာပေါ့"

ဟုအင်ဟုန်သည် ချာခနဲလှည့်လိုက်ပြီး ရိပ်ခနဲ ပြေးလွှားထွက်ခွာသွားတော့သည်။

လင်းထက်ဆွေမှာ တရိပ်ရိပ် ပြေးလွှားထွက်ခွာသွားသော ဟုအင်ဟုန်၏အသွင်သဏ္ဌာန်ကို ငေးကြည့်ပြီး ငူငိုင်ကျန်နေရစ်ခဲ့လေတော့သည်။

အခန်း(၂၉)
ပါဠိမိန်ဂိုဏ်း၏ပူဇော်ပွဲ

လင်းထက်ဆွေမှာ ဓားကိစ္စအဆင်မပြေပဲ ဟုမျိုးနွယ်စုဂေဟာမှ ခြေဦးတည့်ရာ ထွက်ခွာလာခဲ့သည်။

သူသည် သိုင်းလောကထဲသို့ ဓားနှစ်လက်ရှာဖွေရန်နှင့် ရန်ကြွေးရန်စရှင်းလင်းရန် ရောက်ရှိလာသော်လည်း သဲလွန်စခြေရာမကောက်နိုင်သဖြင့် ဘယ်သွား၍ ဘယ်လာရမှန်းမသိအောင် ဖြစ်နေရသည်။

ထို့ကြောင့် ဦးတည်ချက်ကင်းမဲ့စွာဖြင့် ထွက်လာခဲ့ရပြန်တော့သည်။

ယင်းသို့ထွက်လာရင်းမှ ညနေစောင်းအချိန်လောက်တွင် မြို့တစ်မြို့သို့ ရောက်ရှိလာခဲ့သည်။

ထိုမြို့၏အနေအထားမှာ အခြားမြို့များနှင့်မတူပဲ တည်ဆောက်ပုံ တစ်မျိုးတစ်ဖုံဖြစ်နေသည်ကို လင်းထက်ဆွေ သတိပြုမိလေသည်။

သူသည် မြို့တွင်းသို့ဝင်ရောက်မိသည်နှင့် ပတ်ဝန်းကျင်ကို



အထူးဂရုစိုက် လေ့လာမိသည်။

အဖော်မဲ့တစ်ကိုယ်တည်း လျှောက်သွားနေရသူအဖို့ သတိဝိရိယရှိမှသာလျှင် မိမိ၏အသက်ဝိညာဉ် မကင်းပြတ်နိုင်သည်ကို လင်းထက်ဆွေ သဘောပေါက်နေလေပြီ။

တဖန် ချိန်းစိန်ဂိုဏ်း၏ သတင်းလွှင့်မှုကြောင့် သူသည် သိုင်းလောက၏ မျက်လုံးဒေါက်ထောက် အကြည့်ခံနေရသူတစ်ဦး ဖြစ်နေ၏။

အရာရာကို ဂရုတစိုက်ရှိရမည်က လင်းထက်ဆွေနှလုံးပိုက်ထား၏။

ထိုစဉ် မြို့လယ်ခေါင် လမ်းမကြီးပေါ်တွင် မြင်းလေးကောင်ကစုန်စိုင်းစီးလာသည်ကို တွေ့လိုက်ရသည်။

သူစိတ်လှုပ်ရှားသွားသည်။ အဘယ်ကြောင့်ဆိုသော် ထိုမြင်းစီးလာသူလေးဦး၏ဦးခေါင်း၌ ငှက်တောင်မွေးတစ်ချောင်းစီ ကိုယ်စီစိုက်ထားသောကြောင့်တည်း။

ထိုငှက်တောင်မွေးများမှာလည်း အနီရောင်ဖြစ်နေပေသည်။

"အနီရောင်ငှက်တောင်မွေး"

ထိုသူတို့၏အသွင်သဏ္ဌာန်မှာ ကြမ်းတမ်းခက်ထရော်လှသဖြင့် လင်းထက်ဆွေ စိတ်ထဲတွင် သံသယဝင်မိပြန်သည်။

"အင်း... ဒီလူတွေဟာ ဆရာကိုသတ်သွားတဲ့လူတွေပဲ ဖြစ်ရမယ်၊ ဒီလူတွေ ကိုယ်တိုင် မဟုတ်ရင်တောင်မှ သူတို့ဂိုဏ်းသားတွေပဲ ဖြစ်ရမယ်"

လင်းထက်ဆွေသည် နောက်ပြန်လှည့်ကာ မြင်းစီးသမား

လေးယောက်နောက်သို့ တစ်ဟုန်ထိုး လိုက်ပါသွားလေတော့၏။

မြင်းလေးကောင်မှာ အပြင်းနှင်သွားသဖြင့် အတော်ကလေး ဝေးကွာသောအရပ်ဆီသို့ ရောက်ရှိသွားပြီဖြစ်သည်။

လင်းထက်ဆွေသည် ဖွဲမလျှော့ပဲ ကိုယ်ဖော့ပညာအစွမ်းကုန်သုံးကာ ပြေးလိုက်နေမိသည်။

ရှေ့မှမြင်းများမှာလည်း အရေးတကြီး သွားလာနေရဟန်တူပေသည်။ မြင်းဇက်ကိုတစ်ချက်ကလေးမတို့ပဲ ဇက်ကုန်ဖွင့် အသော့နှင်သွားသည်။

လင်းထက်ဆွေသည် မြင်းစီးသမားများကို လိုက်မမီပေ။ သို့သော် မျက်ခြည်မပြတ်အောင်တော့ ပြေးလိုက်နိုင်ခဲ့သည်။

အလင်းရောင် တဖြည်းဖြည်း မှိန်ဖျော့ကာ အမှောင်သမ်းလာသည်။

မြင်းများမှာ မရပ်မနားပဲ ရုတ်တရက် ကွေ့ချလိုက်ပြီး တောင်ကြားလမ်းကလေးအတိုင်း ဆက်ပြေးသွားသည်။

လင်းထက်ဆွေလည်း ထိုတောင်ကြားလမ်းရှိရာသို့ မှန်းဆပြေးလိုက်သွားလေ၏။

တောင်ခြေသို့ဝင်သောခါ ရှေ့မှမြင်းစီးသမားများ၏ အရိပ်အယောင်များကို မတွေ့ရတော့ပေ။

"ဟာ... တစ်လမ်းထဲရှိတာပဲ၊ ဘယ်လိုများ လမ်းမှားသွားသလဲ မသိဘူး"

လင်းထက်ဆွေသည် သူ့အား ချုံခိုတိုက်ခိုက်မည်ကို စိုးရိမ်သွားသဖြင့် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် အကဲခတ်သည်။



သို့သော် မည်သည့်တိုက်ခိုက်မှုကိုမျှ မကြုံရသဖြင့် စိတ်အေးသွားသည်။

"လမ်းကတော့ ဒီတစ်လမ်းထဲပဲရှိတယ်၊ ဒီလမ်းအတိုင်းပဲ လိုက်မယ်"

သူသည် ထိုလမ်းအတိုင်းပင် ပြေးဝင်သည်။ အတန်ကြာ ပြေးမိလျှင် မြင်းဟီသံကြားလိုက်ရသဖြင့် သူ့ခြေလှမ်းများကို ရပ်လိုက်ရသည်။

မြင်းစီးသမားများသည် ခေတ္တရပ်နားနေကြဟန်ရှိသည်။ လင်းထက်ဆွေကလည်း အသာကလေး ကိုယ်ရှိန်သပ်လိုက်ရသည်။

မကြာမီ မြင်းခွာသံများကြားလိုက်ရပြန်သည်။ သစ်ပင်များ အကြားမှ မြင်းလေးစီးထွက်လာပြီး ရှေ့သို့ပြေးထွက်သွားသည်။

သူရောက်ရှိရာနေရာနှင့် ခပ်လှမ်းလှမ်း တောင်ခြေရင်းမှ မီးရောင်များကို သူ တွေ့လိုက်ရသည်။

ထိုမီးရောင်များမှာ သက်တန့်ရောင်စုံကဲ့သို့ တောက်ပလင်းလက်နေပြီးလျှင် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

မြင်းလေးကောင်မှာလည်း ထိုမီးရောင်များဆီသို့ ဦးတည်ပြေးလွှားနေကြသည်ကို လင်းထက်ဆွေ တွေ့လိုက်ရသည်။

ဘိုလမ်းကြောင်းအတိုင်း ထပ်မံလိုက်ပါသွားလျှင် သူ့တွင် အကာအကွယ်အရံအတား ဘာမျှမရှိသဖြင့် တစ်ဘက်လူများ ထင်ထင်ရှားရှား တွေ့ရှိသွားနိုင်ပေသည်။

ရှေ့၌တွေ့ရမည့်သူများသည် ရန်သူမှန်း မိတ်ဆွေမှန်း ခွဲခြားနိုင်မည်မဟုတ်သဖြင့် ပုန်းလျှိုးကွယ်လျှိုး သွားမှသာလျှင် သူ့အ

တွက် အန္တရာယ်ကင်းလိမ့်မည်ဟု လင်းထက်ဆွေ တွက်ဆသည်။

နေရာဌာနသို့ သိရှိထားပြီဖြစ်သဖြင့်လည်း မြင်းလေးကောင် နောက်သို့ ထပ်ကြပ်မကွာ လိုက်နေစရာမလိုတော့သည်ကိုလည်း သု နားလည်လိုက်သည်။

ထို့ကြောင့် လင်းထက်ဆွေသည် အဓိကလမ်းမကြီးမှဖယ် ကာ သစ်ပင်အကြိုအကြားမှ မီးရောင်ထွက်ပေါ်လာရာဆီသို့ ပြေး လွှားသွားတော့သည်။

ဤသို့ အကြိုအကြားမှသွားမှ ကင်းသမားများနှင့် တည့် တည့်မတ်မတ် သွားတိုးတော့သည်။

"ရပ်လိုက်... ဘယ်သူလဲ"

လင်းထက်ဆွေ ကိုယ်ရှိန်သတ် ရပ်လိုက်သည်။ ထိုကင်းသ မားနှစ်ဦးသည် ပေါ့ပါးသောဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ထားပြီး ခေါင်းပေါ်၌ အစိမ်းရောင်ဗိတ်စကို ပေါင်းအုပ်ထားသည်။

ထူးခြားသည်ကား သူတို့၏ခေါင်းပေါ် ဘယ်ဘက်ခြမ်း၌ အဖြူရောင်ငှက်တောင်မွေးတစ်ချောင်းစီ ထိုးစိုက်ထား ခြင်းဖြစ်ပေ သည်။

ညဥ့်အမှောင်တွင်ဖြစ်သဖြင့် အဖြူရောင်ငှက်တောင်မွေးမှာ ဖြူဖွေးထင်ရှားနေပေသည်။

လူစိမ်းက သူတို့အမိန့်အတိုင်း ရပ်တန့်လိုက်သဖြင့် ကင်းသ မားများ ကျေနပ်သွားကြသည်။

သို့သော် လေသံမာမာဖြင့်ပင် ဆက်လက်မေးမြန်းနေပြ သေးသည်။

"ခင်ဗျား ဂါရုပြုဖို့လာတာလား၊ လေ့လာဖို့ လာတာလား



တကယ်လို့ ဂိုဏ်းချုပ်ကြီးရဲ့ ဖိတ်ကြားချက်အရ လေ့လာဖို့ လာတယ် ဆိုရင်တော့ ဘုရားတန်ဆောင်းကို ဒီလမ်းအတိုင်းတည့်တည့်သွားရင် ရောက်နိုင်ပါတယ်၊ ဒီလိုမှမဟုတ်ဘူးဆိုရင်တော့ ကျုပ်တို့ပုံရှိမိန်အဖွဲ့ ကို အပြစ်မဆိုပါနဲ့"

လင်းထက်ဆွေသည် ထိုအခါကျမှ ပုံရှိမိန်ဂိုဏ်း၏ ဌာနချုပ် သို့ သူရောက်ရှိနေကြောင်း သိရတော့သည်။

သူသည် စကားမပြန်ပဲ ငြိမ်နေလိုက်သည်။ စကားနည်း ခြင်းသည် အမှားနည်းခြင်းပင် မဟုတ်ပါလား။

သို့သော် ဤကဲ့သို့ငြိမ်နေလိုက်သည့်အတွက် လင်းထက် ဆွေသည် သူတို့၏မိတ်ဆွေလည်းမဟုတ် ဖိတ်ကြားထားသူလည်းမ ဟုတ်ကြောင်း သိသွား၏။

ထိုသူနှစ်ယောက်သည် လင်းထက်ဆွေအား ဓားဖြင့် စတင် တိုက်ခိုက်တော့သည်။

ထိုနှစ်ယောက်မှာ ပုံရှိမိန်ဂိုဏ်း၏ပထမတန်း သိုင်းသမား များဖြစ်သည့်အတွက် သိုင်းပညာအဆင့်အတန်း မနိမ့်လှချေ။

လင်းထက်ဆွေက ထိုခုတ်ချက်ကို အသာရှောင်တိမ်းလိုက် ပြီး နောက်ထပ်ခုတ်ရန် ဟန်ပြင်နေသည့် ပုံရှိမိန်ဂိုဏ်းသားနှစ်ဦး၏ ဓားများကို လက်နှစ်ဖက်နှင့် ပုတ်ထုတ်လိုက်သည်။

"ထင်...."

"ထင်...."

ပုံရှိမိန်ဂိုဏ်းသားနှစ်ဦးမှာ လက်မောင်းရင်းတစ်ခုလုံး ကျဉ် ခနဲဖြစ်သွားပြီး လက်ထဲမှဓားနှစ်လက်သည်လည်း လွတ်ကျသွား သည်။

လင်းထက်ဆွေကိုလည်း မယုံကြည်နိုင်စွာ ငေးကြောင်ကြည့်နေမိကြသည်။

လင်းထက်ဆွေသည် ထိုသူနှစ်ဦး၏ ခြေလက်အကြောနှင့် စကားပြောနိုင်သည့် အကြောတို့ကို ရုတ်တရက် ထိုးပိတ်လိုက်သည်။

ပျံ့ချိုမိန်ဂိုဏ်းသားနှစ်ဦးမှာ ပျော့ခွေလဲကျသွားရသည်။

"ကဲ... ဒီတစ်ခါတော့ ကျုပ် အလှည့်ပဲ၊ ကျုပ်က ခင်ဗျားတို့ကို မေးရလိမ့်မယ်"

ပြောပြီးသည်နှင့်တစ်ယောက်ကို ခြေထောက်နှင့် ကန်ထုတ်ပစ်လိုက်ပြီး နောက်တစ်ယောက်ကို ကုပ်မှဖမ်းကိုင်ဆွဲထူကာ အကြောဖွင့်ပေးလိုက်သည်။

"အော်မယ်အကြံနဲ့... သေသွားမယ် သိလား"

လင်းထက်ဆွေက ထိုသူ၏ကုပ်ပေါ်မှ အကြောကို ဖိထောက်ထားလိုက်ပြီး သတိပေးစကားဆိုသည်။

"ကျုပ်... ကျုပ်ကိုမသတ်ပါနဲ့"

လင်းထက်ဆွေက ထိုသူ၏အကြောကိုပိုမိုတင်းကျပ်စွာ ဖိထားလိုက်သဖြင့် ထိုသူမလှုပ်ရဲပဲ ငြိမ်သွားသည်။

လင်းထက်ဆွေက....

"ကျုပ်မေးတာကို ဖြေစမ်း... တောင်ခြေရင်းက မီးရောင်တွေထိန်လင်းနေတာ ဘာလဲ... ဘယ်နေရာလဲ"

"ကျုပ်... ကျုပ်တို့ဂိုဏ်းရဲ့ဌာနချုပ်ပါ၊ ဒီနေ့ညဟာ ကျုပ်တို့ဂိုဏ်းရဲ့ အစဉ်အလာအရ တစ်နှစ်တစ်ခါ ကျင်းပရတဲ့ ပူဇော်ပွဲလုပ်မှာ ဖြစ်ပါတယ်"

"ဘာပူဇော်ပွဲလဲ"



"ကျုပ်တို့ဂိုဏ်းရဲ့ ဂိုဏ်းခွဲရှစ်ခုဖြစ်တဲ့ အနီ... အဝါ... အပြာ... အဖြူ... အစိမ်း... ပန်းရောင်... ခရမ်းရောင်... အနက်ရောင် ဂိုဏ်းခွဲတွေက ဂိုဏ်းသားအားလုံးက ပျံ့ချိုမိန်ဂိုဏ်းကို စတင်တည်ထောင်ခဲ့တဲ့ ဂိုဏ်းချုပ်ကြီးကို ပူဇော်ကန်တော့တဲ့ပွဲတော်ပါ၊ ဒီနေ့မှာ သိုင်းလောကမှာရှိတဲ့ ထိုက်သင့်တဲ့အဆင့်ရှိတဲ့ သိုင်းသမားတွေကို လေ့လာဖို့အတွက် ဖိတ်ခေါ်ထားပါတယ်"

"မှန်မှန်ပြောနော်... မှန်မှန်မပြောရင် သေမယ်"

"ဟုတ်... ဟုတ်ပါတယ်၊ ကျုပ် လိမ်မပြောပါဘူး"

လင်းထက်ဆွေသည် ခေတ္တမျှ စဉ်းစားလိုက်သည်။ သူနှင့်မသက်ဆိုင်သော်လည်း သွားရောက်လေ့လာလျှင် ကောင်းမည်ဟု တွေးမိလိုက်သည်။

သိုင်းလောကသားအားလုံးရောက်လာလျှင် သူ ရှာဖွေနေသော သဲလွန်စကိုရရှိကောင်းရရှိနိုင်မည်ဟုလည်း တွက်ဆမျှော်လင့်မိသည်။

ထို့ကြောင့် ပွဲတော်အကြောင်းကို တီးခေါက်ကြည့်ပြန်၏။

"ဒီပူဇော်ပွဲကိုဖိတ်စာမပါတဲ့လူ ဝင်ကြည့်လို့မရဘူးလား"

"လုံးဝ ဝင်ခွင့်မပြုပါဘူး... လမ်းမကြီးတွေမှာ တင်းတင်းကျပ်ကျပ် စောင့်ကြပ်နေကြပါတယ်၊ လမ်းသွယ်ကလေးတွေမှာဆိုရင် ကျုပ်တို့က တာဝန်ယူပြီးကြီးကြပ် စောင့်ဆိုင်းနေရပါတယ်"

လင်းထက်ဆွေမှာ ထိုသူ၏စကားကြောင့် ဟန်မဆောင်နိုင်ဘဲ ရယ်မောလိုက်မိသည်။

"ဟား... ဟား... ဟား... ခင်ဗျားတို့စောင့်ကြပ်နေတော့ကော ဘာထူးမှာလဲ၊ အခုပဲ ကြည့်စမ်း... ခင်ဗျားတို့ ကျုပ်ကို တား

ထားနိုင်လို့လား။ အလကား ဟန်ပြသက်သက် လူအထင်ကြီးအောင် လုပ်နေတာပဲ"

ထိုသူမှာ လင်းထက်ဆွေ၏ အပြောဆိုးမှုကြောင့် မခံရပ်နိုင် ဖြစ်သွားရသည်။

သို့သော်လည်း လင်းထက်ဆွေ၏စကားမှာ လက်ရှိအခြေ အနေတွင် မှန်ကန်နေသဖြင့် မည်သို့မျှ မပြောသာပဲ ငြိမ်နေလိုက်ရ သည်။

သူမျက်နှာတပြင်လုံး ရက်စိတ်ကြောင့် နီရဲနေပြီး လင်းထက် ဆွေ၏ လှောင်ပြောင်ရယ်မောမှုကို ငုံ့ခံနေရသည်။

"ခင်ဗျားတို့ပူဇော်ပွဲက ဘယ်အချိန်စမှာလဲ"

"သန်းခေါင်ယံအချိန်လောက်ပါ"

လင်းထက်ဆွေ ခေါင်းညိတ်လိုက်သည်။ အမှောင်သမ်းလာ ပြီဖြစ်သော်လည်း အချိန်ကစောနေသေးသည်။

ပိုနေသောအချိန်တွင် သူ အနားယူနိုင်သေးသည်ကို တွေး လိုက်မိသည်။

"ကောင်းပြီ... ခင်ဗျားတို့ ဒီမှာစောင့်ကြပ်ရတော့ ပုန်း အောင်းပြီး စောင့်ကြပ်နေရမှာပဲ၊ ခင်ဗျားတို့ပုန်းတဲ့နေရာ လိုက်ပြစမ်း ပါ"

လင်းထက်ဆွေက ထိုသူ၏ကုပ်ကိုဆွဲကိုင်ပြီး ခေါ်ဆောင် သွား၏။

ထိုသူက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဂူတစ်လုံးထဲသို့ ခေါ် ဆောင်လမ်းပြသည်။

ဂူထဲတွင် မီးတိုင်တစ်တိုင်ထွန်းထားသဖြင့် လင်းလင်းချင်း



ချင်း ရှိနေသည်။

ထိုဂူကိုအပြင်မှ လုံးဝမတွေ့နိုင်ဘဲ လုံလုံခြုံခြုံ ရှိလှသည်။

လင်းထက်ဆွေ သဘောကျသွားသည်။ ဤနေရာတွင် ခဏ မျှ အနားယူမည်ဟု ပိုင်းဖြတ်လိုက်သည်။

"စိတ်မရှိပါနဲ့နောင်ကြီးရယ်... ကျုပ် ဒီမှာအနားယူနေတုန်း ခင်ဗျားကိုတော့ အကြောပိတ်ထားရလိမ့်ဦးမယ်"

ရုတ်တရက်ပင် ထိုသူ၏အိပ်ကြောကိုထိုးပိတ်လိုက်လေ တော့သည်။

ထိုသူမှာ ပျော့ခွေကျသွားကာ ဂူနံရံ၌ မှေးမှိအိပ်ပျော် သွား လေတော့သည်။

## အခန်း(၃၀)
## သားမက်လောင်းရွေးချယ်ပွဲ

လင်းထက်ဆွေသည် မီးတိုင်ရှေ့တွင်ထိုင်ကာ အနားယူနေလိုက်သည်။

သန်းခေါင်ကျော်မှ တောင်အောက်သို့ဆင်းပြီး ပါ့ချိမိန်ဂိုဏ်း၏ ပူဇော်ပွဲကိုလေ့လာမည်ဟု စိတ်ကူးလိုက်သည်။

သို့သော်လည်း အနီရောင်ငှက်တောင်မွေးက သူ့အတွေးထဲသို့ ဝင်ရောက်လာပြန်သောအခါ စိတ်ကို မည်သို့မျှ တည်ငြိမ်အောင်ချုပ်တည်း၍မရနိုင်ပဲ ဖြစ်ရပြန်သည်။

ဤသို့ တောင်တောင်အီအီ လျှောက်စဉ်းစားနေလျှင် ကိုယ့်စိတ်ကို ကိုယ်ဒုက္ခပေးသလိုဖြစ်နေမည်ဟု သူ စဉ်းစားမိလေသည်။

ထို့ကြောင့် စိတ်တည်ငြိမ်အောင် မည်သို့လုပ်ရမည်နည်းဟု တွေးလိုက်သောအခါ ကျောက်စိမ်းဧကရာဇ်သိုင်းကျမ်းကို သတိရလိုက်မိသည်။

တစ်ခါမှ ထုတ်မဖတ်ရသေးသော ထိုစာအုပ်ကို ယခုအချိန်တွင် ဖတ်ရှုကြည့်လျှင် စိတ်တည်ငြိမ်ရာ ရှိကောင်းသည်ဟုယူဆကာ



အင်္ကျီအိတ်ထဲမှ ကျောက်စိမ်းဧကရာဇ်သိုင်းကျမ်းကို ဆွဲထုတ်ယူလိုက်သည်။ ထို့နောက် မီးရောင်တွင် ဖွင့်ကြည့်လိုက်သည်။

သိုင်းကျမ်းမှာ ဖက်ဖူးရောင်ဖြစ်သည်။ စာရွက်များကို စက္ကူနှင့်ပြုလုပ်ထားခြင်းမဟုတ်ချေ။

တန်ဖိုးရှိသောသတ္တုတစ်မျိုးနှင့် ရွှေကို ရောစပ်အပြားခတ်ကာ ချုပ်လုပ်ထားခြင်းဖြစ်ပေသည်။

ဤစာအုပ် မိမိလက်ထဲသို့ရောက်ရှိခဲ့ပြီး ယခုအချိန်အထိ တစ်ခါမှမဖတ်ကြည့်ရဖူးသေးသဖြင့် လင်းထက်ဆွေမှာ စာမျက်နှာတိုင်းကို အသေအချာ ဂရုတစိုက် ဖတ်ရှုလေ့လာသည်။

စာအုပ်တစ်ဝက်လောက်ကြည့်ပြီးသောအခါ စာမျက်နှာတိုင်းတွင် ပုံစံမတူသောသိုင်းကွက်သရုပ်ပြပုံများပါရှိလျက် ပုံ၏အောက်တွင် အညွှန်းစာလည်းမဟုတ်၊ ဂါထာလည်းမဟုတ်သောစာများ ရေးခြစ်ထားသည်ကို လင်းထက်ဆွေ တွေ့ရသည်။

သိုင်းကျမ်းတွင် စာရွက်ရှစ်ရွက်ပါရှိပြီး မျက်နှာဖုံးနှစ်ရွက်ကိုဖယ်လိုက်လျှင် သိုင်းကွက်များအကြောင်း ရေးသားထားသည့်စာရွက်ခြောက်ရွက်ရှိသည်။

ထိုခြောက်ရွက်တွင် ပုံပေါင်းဆယ့်နှစ်ပုံတိတိ၊ သိုင်းကွက်ဆယ့်နှစ်ကွက်တိတိ ပါရှိပေသည်။

လင်းထက်ဆွေသည် ထိုသိုင်းကွက်ဆယ့်နှစ်ကွက်စလုံးကို တစ်ထိုင်တည်း ဖတ်ကြည့်လိုက်သည်။

တစ်ခါဖတ်ရုံနှင့် မည်သို့မျှ သ ဘောပေါက်နားမလည်နိုင်ပေ။

စာထဲတွင် သိုင်းကွက်ကိုရှင်းလင်းပြထားသော်လည်း သူ

သဘောမပေါက်နိုင်ပေ။

သရုပ်ပြပုံကိုကြည့်ပြန်ရာ ပထမပုံ၌ ထူးခြားချက်၊ လျှို့ဝှက်ချက်ရှိမည်ဟု ယူဆသည်။

သူသည် ပုံပါအတိုင်း ကစားကြည့်လိုက်သည်။ သူ မည်ကဲ့သို့လုပ်လုပ် ပုံပါအတိုင်း လုံးဝမတူနိုင်အောင်ဖြစ်သည်။

ကစားကြည့်စဉ်တွင် တူမယောင်ရှိသော်လည်း အသေအချာ ပြန်စဉ်းစားသောအခါ တစ်စက်ကလေး၊ တစ်ကွက်ကလေးမျှ တူမနေသည်ကို တွေ့ရှိလာရသည်။

လင်းထက်ဆွေမှာ ကစားရင်း ကစားရင်း မိမိကိုယ်ကို မိမိလည်း အံ့ဩကာ စိတ်ပျက်လာရသည်။

နောက်ဆုံးတွင် ဂူပြင်သို့ထွက်ပြီး ပထမအကွက်ကို အသေးစိတ် ပြန်လည်လေ့ကျင့်ကစားကြည့်ပြန်သည်။

ထပ်ပြန်တလဲလဲ တစ်နာရီနီးပါးမျှ ကစားကြည့်သောအခါမှ သိုင်းကွက်များကို မှတ်မိနားလည်လာတော့သည်။

သိုင်းကွက်တစ်ကွက်တိုးလျှင် မနည်းဟူသောစိတ်ကူးဖြင့် လင်းထက်ဆွေ ဒုတိယသိုင်းကွက်၏သရုပ်ပြပုံကို လေ့လာပြီး ထပ်မံကစားကြည့်ပြန်သည်။

ဒုတိယသိုင်းကွက်မှာ ပထမသိုင်းကွက်ထက် ပိုမိုခက်ခဲပြီး လင်းထက်ဆွေ မည်သို့ပင်ကစားကစား အကွက်မဝင်နိုင်အောင် ဖြစ်နေသည်။

သို့သော်လည်း သူသည် ဇွဲမလျှော့ပဲ အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်နေလိုက်သည်။

ဤသို့ဖြင့် ဒုတိယသိုင်းကွက်ကိုလည်း မှတ်မိသွားသည်။



သို့ရာတွင် ပထမသိုင်းကွက်သည်လည်းကောင်း၊ ဒုတိယသိုင်းကွက်သည်လည်းကောင်း ဆန်းကြယ်သည်ဟု မထင်မှတ်ရပေ။

သို့သော် သူသည် ပထမသိုင်းကွက်နှင့် ဒုတိယသိုင်းကွက်ကို ဆက်စပ်ကစားလိုက်သည့်အခါတွင်မှ လွန်စွာ ကြောက်မက်ဖွယ်ရာ ပြင်းထန်လာသော သိုင်းကွက်ဖြစ်ကြောင်း သိလာရလေ၏။

သိုင်းကွက်မှာ အလွန်တရာ ဆန်းကြယ်သဖြင့် သိုင်းလောကမှသိုင်းသမားများ အရှုးအမူးတပ်မက်ကြသည်မှာ အဆိုးမဆိုသာဟု လင်းထက်ဆွေ စဉ်းစားလာမိလေ၏။

လင်းထက်ဆွေသည် အကြီးအကျယ် အံ့ဩသွားရသလို ဝမ်းအသာကြီး သာသွားမိသည်။

သိုင်းကွက်များပေါ်တွင် လွန်စွာ စိတ်ဝင်စားလာသည်။ တတိယသိုင်းကွက်ကို ဆက်လေ့လာရန် အလင်းရောင်ရှိသောဂူထဲသို့ဝင်ရန် ဟန်ပြင်လိုက်မိသည်။

ထိုစဉ်....

"ဒေါင်...."

အလွန်ကျယ်လောင်သော ခေါင်းလောင်းတီးသံတစ်သံကို တောင်ခြေရင်းဘက်ဆီမှ ကြားလိုက်ရလေသည်။

တစ်ဆက်တည်းပင်စည်သံ၊ မောင်းသံ၊ ဗျောက်အိုးဖောက်သံများ ဆူညံစွာ ထွက်ပေါ်လာကြသည်။

အချိန်မှာ နံနက်သုံးနာရီခန့်ရှိနေပေပြီ။ သူအနေဖြင့် သိုင်းကွက်များကို စိတ်ဝင်တစား လေ့ကျင့်နေမိသဖြင့် အချိန်ဤမျှကြာမြင့်သွားရသည်ကို ဂရုမပြုမိခြင်းဖြစ်ပေသည်။

သူသည် တောင်ခြေရင်းဘက်ဆီသို့ လှမ်းကြည့်လိုက်မိ

သည်။

လှုပ်ရှားနေသောမီးရောင်များ၊ လူသံသူသံများကြောင့် ပွဲတော်ကန်တော့ပွဲကိုကျင်းပတော့မည်ဖြစ်ကြောင်း နားလည်လိုက်လေတော့သည်။

ထို့ကြောင့် တောင်ခြေအစွန်းဆီသို့ ပြေးထွက်လာမိတော့သည်။

တောင်ခြေတွင် တဲအိမ်ကလေးများ ဟိုတစ်စုသည်တစ်စု ရှိသည်။

အစုလိုက်ဆိုသော်လည်း သပ်သပ်ရပ်ရပ် အစုလိုက်ဖြစ်သည်။ ပျံချီမိန်ဂိုဏ်းသားများ၏နေအိမ်အဆောင်များ ဖြစ်ပုံရသည်။

ထိုအဆောင်များတွင် လူသံသူသံများကို လုံးဝမကြားရပဲ အခြားတစ်ဘက်ကွင်းပြင်ထဲတွင် ဆူညံဆူညံအသံများကို ကြားနေရသည်။

ဂိုဏ်းချုပ်ပူဇော်ပွဲကို ထိုတစ်ဘက်ကွင်းပြင်တွင် ပြုလုပ်နေကြဟန်တူသည်။

လင်းထက်ဆွေလည်း ထိုကွင်းပြင်ဘက်သို့ ချဉ်းကပ်လာ၏။

အဆောင်များကြားမှဖြတ်သန်းလာသည့်တိုင် လူတစ်ဦးတစ်ယောက်မျှမတွေ့ရသဖြင့် သူ့အဖို့ သွားလာရာ၌ ချောင်ချိနေသည်။

ကွင်းပြင်ကြီး၏ အလယ်တည့်တည့်စင်ကြီးတစ်ခုကို ဆောက်လုပ်ထား၏။

စင်၏ရှေ့၌ နေရာထိုင်ခင်းများ၊ ရောင်စုံအလှပန်းများ၊ ရောင်စုံမီးအိမ်များဖြင့် လှပခမ်းနားစွာ ပြင်ဆင်ထား၏။ နေရာထိုင်ခင်းများတွင် လူပေါင်းစုံထိုင်နေကြသည်။

ဂိုဏ်းအသီးသီးမှ ရောက်လာသော ယောကျ်ား၊ မိန်းမအစရှိသူတို့ စုံစုံလင်လင် ရောက်ရှိနေကြလေပြီ။

ထိုဧည့်သည်အုပ်မှာ စင်ရှေ့ဘယ်ဘက်ခြမ်းတွင် နေရာယူထားကြ၏။

စင်၏ညာဘက်ခြမ်းတွင် ပျံချီမိန်ဂိုဏ်းသားများ နေရာယူကြသည်။

ယင်းဂိုဏ်းသားများ၏ ခေါင်းထက်တွင် အဖြူ၊ အနီ၊ အပြာ၊ အဝါ၊ အစိမ်း၊ အနက်၊ ခရမ်းရောင်၊ ပန်းရောင်အစရှိသော ငှက်တောင်မွေးများကို သူ့အုပ်စုလိုက်သူ ထိုးစိုက်ထားကြသည်။

လင်းထက်ဆွေသည် ဧည့်သည်များ လှုပ်လှုပ်ရှားရှား ဖြစ်နေခိုက် စင်ကြီး၏အနောက်ဘက် အလင်းရောင် သိပ်မရသည့်တိုင်ထိုင်ခုံတစ်လုံးတွင်ထိုင်ကာ အခြေအနေအရပ်ရပ်ကို အကဲခတ်နေမိသည်။

"တူ… တူ… တူ"

လင်းထက်ဆွေ စောင့်ဆိုင်းအကဲခတ်နေစဉ် အဝေးမှ ကျဲချိမှုတ်သံကဲ့သို့သော အသံမျိုးထွက်လာ၏။

အသံဆုံးသည်နှင့် သန်မာထွားကျိုင်းသော မြင်းဖြူကြီးတစ်ကောင်[illegible] တစ်လှမ်းချင်းလှမ်းရင်း ကွင်းထဲသို့ဝင်လာခဲ့လေသည်။

ထိုမြင်းဖြူကြီးပေါ်တွင် မျက်နှာအသားအရေ နီစပ်စပ်နှင့် ကြံ့ခိုင်တောင့်တင်းသောလူတစ်ဦး စီးနင်းလိုက်ပါလာသည်။

ထိုသူ၏လက်ထဲတွင် သုံးထောင့်အလံတစ်ခုကို ကိုင်ဆောင်ပြီး တည်ငြိမ်အေးဆေးသောအသွင်ရှိနေသည်။

အလံကိုင်ထားသူသည် ကွင်းပြင်ကြီး၏ အလယ်သို့ရောက်သည်နှင့် မြင်းဇက်ကို တွဲ့ခနဲ ဆွဲသတ်လိုက်ရာ မြင်းဖြူကြီးမှာ ရှေ့ခြေနှစ်ချောင်း မြှောက်ကြွကာ ပတတ်ရပ်လိုက်သည်။

မြင်းဖြူကြီးတွင် ပတတ်ရပ်လိုက်သလို ထိုသူသည်လည်း ခြေနင်းကွင်းပေါ်တွင် မတ်တတ်ရပ်လိုက်ပြီး ရုတ်တရက် ခုန်ပျံလိုက်သည်။

လေထဲတွင် ဆယ်ပေခန့် မြင့်တက်သွားပြီးလျှင် စင်ကြီးပေါ်သို့ ဇွေ့ခနဲခြေချလိုက်သည်။

သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်လိုက်သည့်အလား လွန်စွာပင် လျင်မြန်သွက်လက်လွန်းလှပေသည်။

လင်းထက်ဆွေက ထိုသူကို ပါ့ချိုမိန်ဂိုဏ်းချုပ်ကြီးဖြစ်လိမ့်မည်ဟု ယူဆလိုက်သည်။

သို့သော် ထိုသူ စင်ပေါ်သို့ရောက်သည်နှင့် ထောင့်တစ်နေရာတွင်ရပ်ကာ သုံးထောင့်အလံကို ကိုင်မြှောက်လိုက်ပြီး အော်ဟစ်လိုက်၏။

"ဂိုဏ်းချုပ်ကြီး ကြွလာနေပါပြီ... အားလုံးကို အသိပေးပါတယ်"

လင်းထက်ဆွေသည် သူ့အတွေး မှားသွားပြီဖြစ်ကြောင်း သိ လိုက်ရသည်။

ထိုသူ၏ ကြေငြာသံထွက်ပေါ်လာသည်နှင့် စင်၏ညာဘက်ခြမ်းရှိ ပါ့ချိုမိန်ဂိုဏ်းသားများ တစ်ပြိုင်နက် မတ်တတ်ရပ်လိုက်ကြသည်။

ဘယ်ဘက်မှ ဧည့်သည်တော်များသည်လည်း ပါ့ချိုမိန်ဂိုဏ်း



သားများနည်းတူ မတ်တတ်ထရပ်လိုက်ကြရလေသည်။

"ဒူ... ဒူ... ဒူ"

"ဒိုင်း... ဒိုင်း... ဒိုင်း"

ထိုအချိန်မှာပင် မောင်းသံရှစ်ချက်နှင့် ဗျောက်အိုးဖောက်သံများ တခဲနက် ထွက်ပေါ်လာ၏။

မိန်းမပျိုဆယ့်ခြောက်ယောက်တို့သည် နှစ်ယောက်တစ်တွဲ နှစ်ယောက်တစ်တွဲ ရှစ်တွဲခွဲကာ လက်ထဲတွင် မီးပုံတစ်လုံးစီဆွဲကာ ဖြည်းညင်းညင်သာစွာ လျှောက်လှမ်းလာကြသည်။

ယင်းတို့၏နောက်မှ ယောကျ်ားကြီးရှစ်ယောက်သည် အရောင်ရှစ်မျိုးရှိသော အလံများကိုကိုင်ဆောင်လျက် လိုက်ပါလာကြသည်။ ဂိုဏ်းခွဲရှစ်ခုတို့၏ခေါင်းဆောင်များပေတည်း။

ဂိုဏ်းခွဲခေါင်းဆောင်များ၏နောက်တွင် အဝါရောင်ဝတ်စုံကြီးများ ဝတ်ဆင်ထားကြသည့်အဘိုးကြီးလေးဦးတို့ လိုက်ပါလာကြသည်။

ထိုလေးယောက်သည် ဝါစဉ်ကြီးများ ဖြစ်ပုံရသည်။

လင်းထက်ဆွေကမူ ထိုသူလေးယောက်ကို အခြားတစ်နယ်မှ လာရောက်ကြသော သိုင်းသမားများဖြစ်ရမည်ဟု ယူဆမိသည်။

ထိုအဝါရောင်ဝတ် အဘိုးကြီးလေးယောက်နောက်တွင် မြင်းနီကြီးတစ်ကောင်က ကြွားကြွားရွားရွား ကပ်လိုက်လာသည်။

ထိုမြင်းနီကြီးပေါ်တွင် အသက်ငါးဆယ်ကျော်ခန့်လူတစ်ဦးက လိုက်ပါစီးနင်းလာသည်။

ဖြူဆွတ်သောအသားအရေ၌ မုတ်ဆိတ်နက်များက လွန်စွာ ထင်ရှားနေသည်။

ထူထဲသော မျက်ခုံးမွေးကြီးများနှင့် ရူးရှတောက်ပသော မျက်လုံးများကလည်း ရှိနေသည်။ ဩဇာအာဏာရှိသောရုပ်ရည်မျိုး ရှိသည်။

အဖိုးတန် ပိုးဝတ်ရုံရှည်ကြီးကို လွှမ်းခြုံထားသဖြင့် ဂိုဏ်းချုပ်ကြီးတစ်ဦးအဖြစ် ထည်ဝါခန့်ညားလှပေသည်။

သူကား ပုံနှိမ်နင်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး ဟာနုအင်ပေတည်း။

ဟာနုအင်၏နောက်ပါးတွင် မြင်းနက်ကြီးတစ်ကောင်က ကပ်ပါလာသည်။

မြင်း၏အမွေးအမျှင်များမှာ မဟူရာရောင်ထနေပြီး မည်းမှောင်နေသည်။

ထိုမြင်းနက်ကြီး၏ကုန်းနှီးထက်တွင်ကား နတ်မိမယ်တစ်ပါးကဲ့သို့ ဖြူစင်ချောမောလှသော မိန်းမပျိုကလေးတစ်ဦးက ကြော့ကြော့မော့မော့ကလေး ထိုင်လိုက်လာသည်။

သူမ၏တစ်ကိုယ်လုံးတွင် ဆွတ်ဆွတ်ဖြူသောဝတ်စုံကို ဆင်မြန်းထားသည့်အတွက် တိမ်ညိုတိမ်မည်းများအလယ်တွင် ငွေစန္ဒာလမင်းကြီး ထွန်းလင်းနေသကဲ့သို့ ပေါ်လွင်ထင်ရှားလှပေသည်။

သူမ၏အလှမှာ ပုလောင်သွေးကြွစေသော အလှအပမျိုး စိုးစဉ်းမျှမပါရှိပဲ မြင်ရသူတို့၏ရင်ကို ချမ်းမြေ့အောင် ကျက်သရေရှိလှသည်။

သူမသည် မြင်းနက်ကြီးပေါ်တွင် ဣန္ဒြေရရတည်ငြိမ်စွာ လိုက်ပါလာသည်။

ဟာနုအင်သည် စင်မြင့်အနီးသို့ရောက်သောအခါ မြင်းပေါ်မှ ဆင်း၍ စင်မြင့်ပေါ်သို့ လွှားခနဲ တက်သွားသည်။



"အခုလို ကျွန်တော်တို့ ပုံနှိမ်နင်ဂိုဏ်းရဲ့ တစ်နှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်တဲ့ ဂိုဏ်းချုပ်ကြီးများ ပွဲတော်ပွဲကို တခဲနက်လာရောက်အားပေးကြတဲ့အတွက် ပုံနှိမ်နင်ဂိုဏ်းရဲ့ကိုယ်စား ကျွန်တော်က အထူးပဲ ကျေးဇူးတင်ဝမ်းမြောက်လှပါတယ်"

ဟာနုအင်က လက်အုပ်ချီနှုတ်ဆက်ပြီးသည်နှင့် ပရိသတ်ကို ကျေးဇူးတင် ပဏ္ဏာမစကားဆိုသည်။

ထို့နောက် သူ၏တစ်ဘက်နောက်တွင် ရပ်နေကြသော အလံဂိုဏ်းခွဲခေါင်းဆောင်များကိုထိုင်စေရန် အချက်ပြလိုက်သည်။

ပြီးလျှင် စင်အောက်တွင်ရှိနေသေးသော မြင်းနက်ကြီးပေါ်မှ မိန်းမပျိုကလေးကို ပြုံးရွှင်စွာ ငုံ့ကြည့်လိုက်ပြီး....

"သမီး... စင်ပေါ်ကိုတက်လာခဲ့ပါကွယ်"

ဝတ်ရုံဖြူနှင့်မိန်းကလေးမှာ ဘာတစ်ခွန်းမျှ ပြန်လည်ပြောဆိုခြင်းမပြုပဲ မြင်းပေါ်မှကိုယ်ကိုလွှပ်သည်ဆိုရုံ လွှပ်လိုက်သည်။

မြင်းနက်ကြီးပေါ်မှမြောက်တက်သွားပြီး စင်ပေါ်သို့ ဝေ့ဝဲကျလာဟန်မှာ လဲပွင့်ကလေးတစ်ပွင့် လေတွင်ဝဲပြီး မြေပြင်သို့ သက်ကြွေကျလာသည့်အလား ကြည့်ကောင်းလှပေသည်။

သူမသည် စင်ပေါ်သို့ရောက်လျှင် ရောက်ချင်း လက်အုပ်ချီကာ စင်အောက်ရှိ ပရိသတ်ကို ဂါရဝပြုနှုတ်ဆက်လိုက်သည်။ ထို့နောက် သူမ၏ဖခင်အပါးတွင် ရပ်နေလိုက်သည်။

ဟာနုအင်သည် စင်ပေါ်မှ သူလူများကို ဝေ့ဝဲအကဲခတ်လိုက်ပြီး ပရိသတ်ဘက်သို့ပြန်လည်မျက်နှာမူက အောင်မြင်ခန့်ညားသောလေသံဖြင့် အစပျိုးစကားဆိုလိုက်သည်။

"ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်များခင်ဗျာ... ဒီနေ့သ

ကျင်းပမယ့် ပူဇော်ပွဲဟာ အစဉ်အဆက်က ကျင်းပခဲ့တဲ့ ပူဇော်ပွဲတွေနဲ့ မတူပဲ တမူထူးကဲစွာ ကျင်းပသွားမှာဖြစ်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော် ပြောကြားချင်ပါတယ်"

ပရိသတ်များ အထူးစိတ်ဝင်စားသွားကြသည်။ ထို့ကြောင့် လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

ဟာနအင်က ပရိသတ်ကိုငြိမ်ဆိတ်စေရန် လက်ဝါးထောင် အချက်ပြလိုက်ပြီးလျှင် စကားဆက်ပြန်သည်။

"ကျွန်တော်ပြောခဲ့တဲ့ ယခင်နှစ်များနဲ့မတူပဲ တမူထူးကဲစွာ ကျင်းပသွားမယ်ဆိုတာကတော့ ပူဇော်ပွဲမကျင်းပမီ အခြားအစီအစဉ် သစ်တစ်ခုကို ပထမဦးစွာ ကျင်းပသွားမှာဖြစ်လို့ပါပဲခင်ဗျာ"

ဟာနအင်က စကားကိုရပ်ထားလိုက်ပြီး လေးဘက်လေး တန်ရှိလူများကို အကဲခတ်ကြည့်လိုက်သည်။

စင်ရှေ့ဘယ်ညာနှစ်ဘက်ရှိ လူထုပရိသတ်မှာ တိတ်ဆိတ် ငြိမ်သက်စွာ နားစွင့်နေကြလေသည်။

ပွဲချိန်နီးကိုဏ်း၏ အစီအစဉ်ကို ပြောင်းလဲပစ်လိုက်ရအောင် မည်မျှအရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်နေသည်ကိုလည်း အထူးပင် သိလိုကြပေသည်။

ဟာနအင်သည် ရုတ်တရက် သူ၏သမီးကလေးအား လက် ညှိုးညွှန်ပြလိုက်သည်။

"ကျွန်တော့်သမီးလေးကို အားလုံးသိရှိပြီး ဖြစ်ကြပါလိမ့် မယ်"

ဟာနအင်၏ မဆီမဆိုင်စကားကြောင့် ပရိသတ်မှာ နားမ လည်အောင် ဖြစ်သွားရသည်။



ဟာနအင်က ဆက်ပြောသည်။

"ကျွန်တော့်မှာ သားသမီးဆိုလို့ ဒီသမီးကလေးတစ်ယောက် ပဲ ရှိပါတယ်၊ ဒီသမီးလေးရဲ့ရှေ့ရေးကို စဉ်းစားပြီး ကျွန်တော်ဟာ လွန်ခဲ့တဲ့သုံးရက်လောက်က ဆုံးဖြတ်ချက်တစ်ခုချခဲ့ပါတယ်၊ ဘာဆုံး ဖြတ်ချက်လဲဆိုတော့ ကျွန်တော့်သမီးလေးကိုသိုင်းလောကထဲက သူ ရဲကောင်းတစ်ဦးဦးနဲ့ လက်ထပ်ထိမ်းမြားပေးဖို့ပဲ ဖြစ်ပါတယ်"

ပရိသတ်အားလုံးက လက်ခုပ်လက်ဝါးတီးကာ သြဘာပေး လိုက်ကြသည်။

ထိုအသံသည် ကောင်းကင်ထက်သို့ ပျံတက်ရိုက်ချန်းသွား ပေသည်။

တစ်ခဲနက် သြဘာပေးနေကြသဖြင့် ဟာနအင်၏သမီး ရှမ်း ရီမှာ မျက်နှာမထားတတ်အောင်ဖြစ်သွားပြီး ပါးပြင်နှစ်ဖက်တွင် နှင်း ဆီသွေး လျှမ်းနေရှာတော့သည်။

ဟာနအင်က ပရိသတ်ကြီးကိုငြိမ်သက်စေရန် အချက်ပြ လိုက်ပြီး....

"ကျွန်တော့်သမီးကလေးကို သိုင်းလောကထဲက သင့်တော် တဲ့သိုင်းသမားတစ်ဦးနဲ့ ရွေးချယ်လက်ဆက် ပေးရမှာဖြစ်တဲ့အတွက် ကြောင့် ဒီနေရာမှာပဲ ကျွန်တော်တို့ သိုင်းပြိုင်ပွဲကလေးတစ်ခု ကျင်းပ ရမှာ ဖြစ်ပါတယ်၊ ရွေးချယ်ယှဉ်ပြိုင်မယ့်အစီအစဉ်နဲ့ စည်းကမ်းဥပဒေ တွေကိုတော့ ဆရာကြီးကျင်းကပဲ ဖတ်ကြားကြေငြာပေးပါလိမ့်မယ်"

ဟာနအင်က ပြောပြီးသည်နှင့် သုံးထောင့်အလံ ကိုင်ဆောင် ထားသူထံ မျက်လုံးဝေ့ကြည့်လိုက်သည်။

ထိုသူကား ဆရာကြီးကျင်းပေတည်း။

ဆရာကြီးကျင်းက လက်ထဲတွင် ကိုင်ဆောင်ထားသောအနီရောင်စာရွက်လိပ်ကြီးတစ်ရွက်ကို ဖြန့်ချလိုက်လေတော့သည်။



အခန်း(၃၁)

ညှော်ဆိုး

"ဒီနေ့ည ကျွန်တော်တို့ ပါ့ချီမိန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးများ ပူဇော်ပွဲအခမ်းအနားမှာ အခု လက်ရှိ ကျွန်တော်တို့ရဲ့ဂိုဏ်းချုပ်ကြီးက သားမက်လောင်းရွေးချယ်ပွဲ အစီအစဉ်တစ်ခုကို တိုးချဲ့ထားခဲ့ပါတယ်၊ အဲဒီ သားမက်လောင်းရွေးချယ်ပွဲကတော့ ပညာယှဉ်ပြိုင်စေပြီး ရွေးချယ်မှာ ဖြစ်ပါတယ်၊ ဒီရွေးချယ်ယှဉ်ပြိုင်ပွဲကို အခုကြွရောက်လာကြတဲ့ ညှော်သည်တော်တိုင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါတယ်၊ ယှဉ်ပြိုင်မယ့်သူတိုင်း လိုက်နာကြရမယ့် စည်းကမ်းချက်များကိုတော့ ကျွန်တော်ဖတ်ကြားကြေငြာပါ့မယ်"

ကျင်းက အချိန်သိပ်ဆွဲမနေတော့ပဲ ပီသကြည်လင်သောလေသံဖြင့် စည်းကမ်းချက်များကို စတင်ဖတ်ကြားလေတော့သည်။

"သားမက်လောင်း ရွေးချယ်ပွဲရဲ့ စည်းကမ်းချက်ကတော့ တစ်အချက်... အသက်ဆယ့်ခုနစ်နှစ်နှင့် အသက်သုံးဆယ်အတွင်း အိမ်ထောင်မပြုရသေးသူများ ဝင်ပြိုင်နိုင်သည်၊ နှစ်အချက်... နောက်ဆုံးအနိုင်ရသူသည် ဂိုဏ်းချုပ်ကြီး ဟာနဒအင်၏သမီးဟာ ရှမ်းရီနှင့်

ထိပ်မိယှဉ်ပြိုင်ရမည်၊ အနိုင်ရရှိမှသာလျှင် သားမက်လောင်းအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရမည်၊ သုံးအချက်... သိုင်းပညာယှဉ်ပြိုင်မှုသည် သိုင်းလောက စည်းကမ်းထုံးစံအတိုင်း ရိုးသားစွာ ယှဉ်ပြိုင်ရမည်၊ စည်းကမ်းချက်တွေကတော့ ဒါပါပဲခင်ဗျာ၊ ရိုးသားစွာ ယှဉ်ပြိုင်ကြပါလို့ ကျွန်တော်က မေတ္တာရပ်ခံလိုက်ပါတယ်"

ဆရာကြီးကျင်းက စည်းကမ်းချက်များကို ကြေငြာပြီးသည်နှင့် ဦးညွတ်အရိုအသေပေးကာ ပထမရပ်နေခဲ့သော နေရာသို့ဆုတ်ကာ မတ်မတ်ရပ်နေလိုက်သည်။

ဟာနအင်က အောင်မြင်ခန့်ညားသောလေသံဖြင့် ကြေငြာပြန်သည်။

"ညှိပရိသတ်များခင်ဗျာ... ကျွန်တော့်ရဲ့ သားမက်လောင်းရွေးချယ်ပွဲကို ဦးစွာပထမ ကျင်းပပေးပါ့မယ်၊ ရွေးချယ်ပွဲပြီးတဲ့နောက်မှာ ဂိုဏ်းချုပ်ကြီးများပူဇော်ပွဲအခမ်းအနားကို စတင်ကျင်းပပါ့မယ်၊ ဒီနောက်မှာ သမီးလေးရဲ့ မင်္ဂလာဧည့်ခံပွဲအစီအစဉ်ကိုလဲ တစ်ဆက်တည်း ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်၊ ကဲ... အခုအချိန်ကစပြီး သားမက်လောင်းရွေးချယ်ယှဉ်ပြိုင်ပွဲကို စတင်ကျင်းပပါတော့မယ်၊ ဒီပြိုင်ပွဲမှာ ဒိုင်လူကြီးများအဖြစ်နဲ့ ကျွန်တော်တို့ဂိုဏ်းက အသက်အရွယ်ကြီးရင့်သူ ဝါရင့်သိုင်းဆရာကြီးလေးဦးက တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျာ"

ဟာနအင်က ကြေငြာပြီးသည်နှင့် ပရိသတ်ကို ဦးညွတ်နှုတ်ဆက်လိုက်ပြီး သမီးဖြစ်သူ ဟာရမ်းရီ၏လက်ကိုဆွဲကာ စင်အနောက်ဘက်ဆီသို့ ဝင်ရောက်သွားသည်။

ဒိုင်လူကြီးအဖြစ် ဆောင်ရွက်မည့် အဝါရောင်ဝတ်ရုံများကို



ဝတ်ဆင်ထားသည့်လူကြီးလေးယောက်သည်လည်း စင်ပေါ်သို့ ရိပ်ခနဲ ခုန်ပျံရောက်ရှိလာတော့သည်။

စင်ပေါ်သို့ရောက်သည်နှင့် ဒိုင်လူကြီးလေးယောက်က ပရိသတ်ကို ဦးညွတ်ဂါရဝပြုကြသည်။

ထိုအထဲမှ အသက်အရွယ်အကြီးရင့်ဆုံး ပုဂ္ဂိုလ်က....

"ယှဉ်ပြိုင်ကြမယ့် သူရဲကောင်းများခင်ဗျာ... ဒီပြိုင်ပွဲမှာ ကျွပ်တို့လေးယောက်က ဒိုင်လူကြီးအဖြစ် တိတိကျကျ ဆောင်ရွက်ပေးပါ့မယ်၊ အားလုံးပဲ ကံကောင်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်"

ပြောပြီးသည်နှင့် အမွေးတိုင်နှင့်ဖယောင်းတိုင်များ တင်ထားသော စားပွဲ၏ဘေးတစ်ဘက်တစ်ချက် ထိုင်ခုံနှစ်လုံးစီတွင် ခန့်ခန့်ညားညား ထိုင်နေလိုက်ကြသည်။

"ဒီပွဲကို ကျွန်တော် အလျှင်ဆုံး ယှဉ်ပြိုင်ပါရစေ"

ဒိုင်လူကြီးများ စားပွဲပေါ်တွင် ထိုင်လိုက်ပြီးသည်နှင့် ဘယ်ဘက်ပရိသတ်များဆီမှ အနက်ရောင်အရိပ်တစ်ခုက စင်ပေါ်သို့လွှားခနဲ ခုန်တက်လာသည်။

ထိုသူမှာ လူငယ်တစ်ယောက်ဖြစ်ပြီး ရုပ်ရည်သန့်ပြန့်သည်။

သူသည် စင်ပေါ်ရောက်သည်နှင့် လက်အုပ်ချီဂါရဝပြုပြီး ကိုယ့်ကိုယ်ကို မိတ်ဆက်စကားဆိုသည်။

"ကျွန်တော်ကတော့ ရှင်မြောင်ဂွမ်ကျောင်းတိုက်က လူဝတ်ကြောင်သိုင်းသမား အိုရမ်ချွမ်းဖြစ်ပါတယ်၊ အခုကျင်းပမယ့် သားမက်လောင်းရွေးချယ်ပွဲကို ကျွန်တော်ပထမဆုံး ယှဉ်ပြိုင်ပါ့မယ်ခင်ဗျာ"

"ကျွန်တော်ကလဲ ခင်ဗျားကို ကြိုဆိုပါတယ်ခင်ဗျာ"

ပါ့ရှိမိန်ဂိုဏ်းသားထဲမှ သိုင်းသမားတစ်ဦးက စင်ပေါ်သို့ လွှားခနဲ ခုန်တက်လာသည်။

ထိုလူငယ်၏ခေါင်းပေါ်တွင် အဝါရောင်ငှက်တောင်မွေးတစ်ချောင်းကို ထိုးစိုက်ထားသဖြင့် အဝါရောင်ဂိုဏ်းခွဲမှ ဂိုဏ်းသားတစ်ယောက်ဖြစ်ကြောင်း သိနိုင်သည်။

"ကျွန်တော်ကတော့ ပါ့ရှိမိန်ဂိုဏ်းရဲ့ အဝါရောင်ဂိုဏ်းခွဲက ဒုတိယခေါင်းဆောင် ကွေ့ကျယ်ဖြစ်ပါတယ်၊ တစ်ဘက်က ယှဉ်ပြိုင်မယ့်သူကို ကျွန်တော်ကပဲ ဧည့်ခံယှဉ်ပြိုင်ပေးပါ့မယ်"

ကွေ့ကျယ်က မိတ်ဆက်စကားဆိုပြီးလျှင် အိုရန်ချွမ်းဘက်သို့ မျက်နှာမူလိုက်သည်။

ထို့နောက် နှစ်ယောက်သားအပြန်အလှန် လက်အုပ်ချီ၍ နှုတ်ဆက်လိုက်ကြပြီးလျှင် ယှဉ်ပြိုင်တိုက်ခိုက်ရန်အတွက် အသင့်ပြင်ဆင်လိုက်ကြသည်။

ဒိုင်လူကြီးဖြစ်သူက သူတို့နှစ်ယောက်ကို ကြည့်ရှုအကဲခတ်ပြီး စတင်ယှဉ်ပြိုင်ရန် အချက်ပြလိုက်သည်။

ကွေ့ကျယ်နှင့် အိုရန်ချွမ်းတို့နှစ်ယောက်မှာ ကိုယ့်အဖွဲ့၏သိုင်းကွက်များကို ခင်းကျင်းလိုက်ပြီး စတင်တိုက်ခိုက်ကြတော့သည်။

နှစ်ယောက်စလုံးမှာ လက်ရည်တူများဖြစ်နေကြသဖြင့် တစ်ခဏအတောအတွင်းမှာပင် အကွက်ပေါင်းများစွာ တိုက်ခိုက်ပြီးသွားကြသည်။

တိုက်ကွက်ပေါင်း နှစ်ဆယ်ကျော်သည့်တိုင် တစ်ဦးကိုတစ်ဦး အနိုင်မရရှိကြသေးချေ။

ဘယ်ဘက်ခြမ်းတွင် ထိုင်နေကြသော ဧည့်သည်တော်များ



မှာ ဖင်တကြွကြွနှင့်ယှဉ်ပြိုင်ပွဲကို စိတ်ဝင်တစားကြည့်ရှုနေကြသည်။

သူတို့စိတ်ထဲတွင် တစ်ဘက်ဘက်က အလျင်အမြန် အနိုင်ရရှိစေလိုသည်။

သို့မှသာ သူတို့လျင်မြန်စွာ ဝင်ပြိုင်နိုင်မည်မဟုတ်ပါလား။

ယခုအခါ သူတို့အားလုံးသည် ဤသိုင်းပြိုင်ပွဲကို ပါဝင်ယှဉ်လိုနေကြပေပြီ။

ယခုပြိုင်ပွဲတွင် အနိုင်ရရှိပါက သိုင်းလောကတွင် သူရဲကောင်းတစ်ဦးအဖြစ် ကျော်ကြားနိုင်ရုံမျှမက ပါ့ရှိမိန်ဂိုဏ်းချုပ်ကြီး၏ သမီးကလေးကိုလည်း လက်ထပ်ခွင့်ရမည်မဟုတ်ပါလား။

လက်ရည်တူယှဉ်ပြိုင်နေကြသော အိုရန်ချွမ်းတို့နှစ်ယောက်ကိုကြည့်ပြီး ပရိသတ်ကြီးသည် အားမလိုအားမရဖြစ်လာသည်။

အဝေးတစ်နေရာဆီမှ အော်သံတစ်သံက ပြိုင်ပွဲကွင်းပြင်ဆီသို့ ပျံ့လွင့်လာသည်။

ထိုအသံနှင့်အတူ အစိမ်းရောင်အရိပ်တစ်ရိပ်က လွှားခနဲ လွှားခနဲ ခုန်ပျံပြေးလွှားလာသည်။

"ရပ်လိုက်ကြစမ်း"

ထိုသူ၏အော်ဟစ်တားဆီးလိုက်သံနှင့်အတူ လူကလည်း ကြယ်ကြွေကျသည့်အလား ပြိုင်ပွဲစင်မြင့်၏ အလယ်ကောင်တည့်တည့်သို့ ဖြုတ်ခနဲ ရောက်ရှိလာသည်။

စင်မြင့်ထက် အလင်းရောင်အောက်တွင် ထိုသူ၏မျက်နှာကို မြင်တွေ့လိုက်ရသည်နှင့် ဧည့်ပရိသတ်များမှာ ဟာခနဲ အာမေဋိတ်သံထွက်ကာ အံ့သြထိတ်လန့်သွားကြရလေတော့သည်။

ထိုသူ၏တစ်ကိုယ်လုံးတွင် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်

ထားပြီး ရှည်လျားသည့်ဆံပင်ကြီးကိုဖားလျားချထားသည်။

မျက်နှာသွင်ပြင်မှာလည်း ဘီလူးသရဲအလား အရုပ်ဆိုးလှသည်။

ထိုသူသည် ရိုးရိုးသာမန်သိုင်းသမားတစ်ယောက်မဟုတ်ပဲ အလွန်ရက်စက် ကြမ်းကြုတ်မည့်ရုပ်လက္ခဏာ ရှိပေသည်။

သိုင်းပညာအဆင့်အတန်း မြင့်မားလွန်းသဖြင့်သာ ဤနေရာမျိုးသို့ တစ်ယောက်တည်း လာရောက်နေ့ဝင့်ယှက်ရဲခြင်းဖြစ်ကြောင်းကို မှောင်ရိပ်မှကြည့်နေသော လင်းထက်ဆွေ တွက်ချက်မိပေသည်။

စင်ပေါ်တွင် ရှိနေကြသူအားလုံးက ထိုအရုပ်ဆိုးဆိုး အစိမ်းရောင်ဝတ်စုံနှင့်လူကို ငေးစိုက်ကြည့်နေမိကြသည်။

သူတို့သည်လည်း မထင်မှတ်ပဲ ဤသို့လာရောက်နေ့ဝင့်ယှက်သဖြင့် အံ့အားအသင့်ကြီးသင့်ကာ တုန်လှုပ်နေကြသည်။

အိုရန်ချမ်းနှင့်ကွေ့ကျယ်တို့သည်လည်း ယှဉ်ပြိုင်ပွဲကို ရပ်ဆိုင်းလိုက်ကြပြီး ထိုသူကိုစိုက်ကြည့်နေကြသည်။

ပျံ့ရှိမိန်ဂိုဏ်းမှဒိုင်လူကြီးလေးဦးသာလျှင် ထိုင်နေရာမှ ရုတ်တရက် ထလိုက်ကြပြီး ထိုသူအား ပြုံးရွှင်စွာ ကြိုဆိုလိုက်ကြသည်။

"ဆရာကြီးကို ကြိုဆိုပါတယ်ခင်ဗျာ"

ထိုသူက ဂရုမစိုက်သည့်အသွင်ဖြင့် ရှိုင်းရှိုင်းစိုင်းစိုင်းပင် ပြန်လည်မေးမြန်းလိုက်သည်။

"ဒီကို ငါ လာလို့မရဘူးလား"

ဒိုင်လူကြီးလေးဦးမှာ စိတ်ထဲတွင် မခံမရပ်နိုင်အောင် ဖြစ်သွားကြရသော်လည်း ကိုယ်က အိမ်ရှင်ဖြစ်နေသဖြင့် ချုပ်တည်းသည်းခံကာ ယဉ်ကျေးသိမ်မွေ့စွာပင် ပြန်လည်ဖြေကြားလိုက်သည်။



"ရပါတယ်ခင်ဗျာ... ရပါတယ်၊ ကျွန်တော်တို့ရဲ့ပေါ့လျော့မှုကြောင့် ဖိတ်စာမပေးပို့မိတာကို တောင်းပန်ပါတယ်"

"ဟုတ်တယ်... ဒီလောက်ခမ်းနားတဲ့ပွဲတော်ပွဲမှာ ငါ့ကိုမဖိတ်တာက ဘာသဘောလဲ"

"ဒါက ဒီလိုရှိပါတယ်ခင်ဗျာ... အစ်ကိုကြီးရဲ့နေရပ်လိပ်စာကို မသိတဲ့အတွက်ကြောင့် ဘယ်ကိုလာဖိတ်ရမှန်းမသိလို့ ဖြစ်သွားရတာပါ"

ထိုစကားကိုစင်နောက်မှ ဟာနအင်က ပြောကြားလိုက်ခြင်းဖြစ်သည်။

သူသည် ရှေ့သို့ထွက်လာပြီး ဒိုင်လူကြီးလေးဦးကို နောက်ဆုတ်ရန် လက်ဟန်ခြေဟန်ပြလိုက်သည်။

"ဟား... ဟား... ဟား... ဟာနအင်၊ ခင်ဗျားက ကျုပ်လိုအဆိပ်ပြင်းတဲ့လူတစ်ယောက်ကို မမေ့ပါဘူးနော်၊ ဟဲဟဲဟဲ... ကျုပ်ကိုခင်မင်မှု ရှိနေသေးတယ်ဆိုရင် အခုလို ရုတ်တရက် ရောက်လာတာကို ခင်ဗျား ဘယ်လိုမှစိတ်မရှိဘူး မဟုတ်လား၊ ဟား... ဟား... ဟား"

ထိုသူမှာ တဟားဟား ရယ်မောလိုက်ပြီး စင်အောက်မှလူများကိုလည်း အော်ဟစ်ပြောကြားလိုက်ပြန်သည်။

"ကိုးဆစ်ဘီလူး လိုက်ချိုချိန်းကိုမသိတဲ့လူများ ရှိကြသေးရဲ့လား၊ ဟား... ဟား... ဟား"

ဟာနအင်သည် ထိုသူ၏ ရိုင်းစိုင်းမောက်မာသည့် အပြုအမူကို မျက်မှောင်ကြုတ်ကြည့်လိုက်မိသည်။

အကျယ်အကျယ်မငြိမ်းဖွယ် ဖြစ်မည်စိုးသဖြင့် လက်နှစ်ဖက်

ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"အစ်ကိုကြီး ကျိုချိန်း... ထိုင်ပါခင်ဗျာ... ထိုင်ပါ"

ဟာနအင်က နေရာပေးလိုက်လျှင် လိုကျိုချိန်းသည် စုတ်တံစုတ်ဖွားဖြစ်နေသောဆံပင်များကို ယမ်းခါလိုက်ပြီး ခြေလှမ်းကျဲကြီးဖြင့် ထိုင်ခုံရှိရာဆီသို့လျှောက်သွားသည်။

သွားနေရင်းမှ ရုတ်တရက် သတိရလာဟန်ဖြင့် နောက်သို့လှည့်ပြီး ဟာနအင်ကိုမေးလိုက်ပြန်သည်။

"နေစမ်းပါဦးဗျ... ဒီနေ့ဟာ ပါ့ချိမိန်ဂိုဏ်းရဲ့ ပွဲတော်ပွဲအခမ်းအနားပဲ၊ ဘာကိစ္စကြောင့် စင်ပေါ်မှာ တိုက်ခိုက်နေကြရတာလဲ"

ဟာနအင်က ပြုံးပြလိုက်ပြီး....

"တိုက်ခိုက်နေကြတာ မဟုတ်ပါဘူး... ယှဉ်ပြိုင်နေကြတာပါ"

"ယှဉ်ပြိုင်နေကြတာ ဟုတ်လား... ဘာကိစ္စယှဉ်ပြိုင်နေရတာလဲ"

"ယှဉ်ပြိုင်ရတာကတော့...."

ဟာနအင်မှာ ပြောမည်ဟန်ပြင်ပြီးမှ ရပ်တန့်ကာ စဉ်းစားလိုက်သည်။

အကြောင်းရင်းအစစ်အမှန်ကိုဖွင့်ဟပြောကြားခြင်းမပြုပဲနေလိုသော်လည်း လိုကျိုချိန်းအား လိမ်ညာ၍ရမည်မဟုတ်သဖြင့် အမှန်အတိုင်း ပြောလိုက်ရတော့သည်။

"ယှဉ်ပြိုင်ရတာကတော့ ကျွန်တော့်သမီးလေးရဲ့ အိမ်ထောင်ရေးကိစ္စကြောင့်ပါပဲ"

"ဟင်... ဟုတ်လား၊ ဒီကိစ္စက တကယ်ပဲလား"



"တကယ်ပါပဲခင်ဗျာ... အစ်ကိုကြီးကို ကျွန်တော် မလိမ်ပါဘူး"

လိုကျိုချိန်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

"ကောင်းပြီ... ဒီယှဉ်ပြိုင်ပွဲကိုဆက်လုပ်ဖို့ မလိုတော့ဘူး... ဟား... ဟား... ဟား"

စင်အောက်မှပရိသတ်များမှာ သူ့စကားကိုနားမလည်နိုင်ပဲ ဖြူးကြောင်ကြည့်နေမိကြသည်။

ဟာနအင်သည်လည်း မည်သည့်အဓိပ္ပာယ်ဖြင့် ဤသို့ပြောရသည်ကို သိလိုသဖြင့် ဖြောင်ပင်ဖွင့်မေးလိုက်သည်။

"ဘာကြောင့်ဆက်လုပ်ဖို့ မလိုတော့တာလဲခင်ဗျာ"

လိုကျိုချိန်း အရယ်ရပ်လိုက်ပြီး....

"ခင်ဗျား သမီးကို ဘယ်သူ့မှမလိုချင်ကြလို့ ဒီလိုလုပ်နေရတာလား၊ ကိစ္စမရှိပါဘူးဗျာ... ကျုပ်ပဲခေါ်သွားပါ့မယ်၊ ကျုပ်သားနဲ့ပေးစားလိုက်တာပေါ့"

"ဘာ...."

ဟာနအင်သည် ရုတ်တရက် ထိန်းမရ သိမ်းမရဒေါသထွက်သွား၏။

"ခင်ဗျားသား... ဟုတ်လား၊ ခင်ဗျားသား လိုတာခုံးကို ပြောတာလား"

"ဒါပေါ့ဗျာ... ကျုပ်သား လိုတာခုံးပဲပေါ့၊ ကျုပ်တို့နှစ်ယောက် အခုပဲ အတည်ပြု စေ့စပ်လိုက်ကြရအောင်ဗျာ"

ဟာနအင်မှာ ဒေါသထွက်လွန်းသဖြင့် တုန်တုန်ယင်ယင်ဖြစ်လာပြီး ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေရသည်။

ထိုစဉ်….

"တော်တော် လှပါးဝပါလား"

"မတရားသက်သက် စော်ကားလှချည်လား"

အသံနှစ်သံပြိုင်တူထွက်လာပြီးလျှင် လိုက်ျှိချိန်းအနီးသို့ လု

နှစ်ယောက် တစ်ပြိုင်နက်တည်း ခုန်ဝင်လာကြလေသည်။

ကွေ့ကျယ်နှင့် အိုရန်ချွမ်းတို့ပင်တည်း။

သူတို့နှစ်ယောက်မှာ တိုင်ပင်ထားခြင်းမရှိပဲ လိုက်ျှိချိန်းအား

လက်ညှိုးငေါက်ငေါက်ထိုးကာ ပြစ်တင်ရှုတ်ချလိုက်ကြသည်။

လိုက်ျှိချိန်းက သူတို့နှစ်ယောက်ကို စူးစိုက်ကြည့်လိုက်သည်

"တောက်… ကိုယ့်သေတွင်း ကိုယ်တူးတဲ့ချာတိတ်တွေ"

စုတ်ဖွာနေသောဆံပင်ကိုခါယမ်းလိုက်ပြီး လူ●ာလည်း တစ်

ပြိုင်နက်တည်း ရိပ်ခနဲ လှုပ်ရှားလိုက်သည်။

အစိမ်းရောင်ဝတ်ရုံကြီးမှာ လေထဲတွင် လွှားခနဲပံ့ဝဲသွားပြီး

အိုရန်ချွမ်းတို့ထံသို့ ဦးတည်သွားသည်။

"ဖောင်း…"

"ဖောင်း…"

ရေထည့်ထားသောအိုးကို ရိုက်ခွဲလိုက်သည့်အလား ကျယ်

လောင်သောအသံနှစ်သံ ထွက်ပေါ်လာသည်။

လိုက်ျှိချိန်း၏ လက်ဆယ်ချောင်းက အိုရန်ချွမ်းနှင့် ကွေ့

ကျယ်တို့၏ ငယ်ထိပ်တည့်တည့်သို့ ထိုးဖောက်စိုက်ဝင်နေကြလေ

သည်။

မယုံကြည်နိုင်သောမြင်ကွင်းကြောင့် ပရိသတ်အားလုံးတို့မှာ

အံ့အားသင့်သွားကြရလေတော့သည်။



လိုက်ျှိချိန်းသည် ကွေ့ကျယ်နှင့်အိုရန်ချွမ်းတို့ကို ရှေ့သို့ယူ

လာပြီး ပရိသတ်များအား လက်ညှိုးထိုးပြကာ….

"ကြည့်လိုက်ကြစမ်း… ကျုပ်ကိုဆန့်ကျင်တဲ့သူတွေရဲ့သွား

ရာလမ်းက ဒီနှစ်ကောင်အတိုင်းပဲဖြစ်လိမ့်မယ်"

စင်အောက်ရှိ ပရိသတ်များမှာ ရုတ်တရက် ငြိမ်သက်သွား

သည်။ လိုက်ျှိချိန်း၏ရက်စက်ကြမ်းကြုတ်မှုကိုကြည့်ပြီးလျှင် တုန်လှုပ်

ချောက်ချားသွားကြလေ၏။

ရှင်မြောင်ဂူမ်ကျောင်းတော်မှ တပည့်ခြောက်ဦးက ဓားကိုယ်စီကိုင်ကာ စင်ပေါ်သို့တက်လာပြီး စိန်ခေါ်ကြခြင်းဖြစ်သည်။

သူတို့၏အစ်ကိုကြီးအတွက် လွန်စွာ ဒေါသထွက်နေကြပေသည်။

"ရှင်မြောင်ဂူမ် ကျောင်းတော်သားတို့ သတိထားကြပါ၊ ဒီလူ့ဘီလူးမှာ အောက်လမ်းအတတ်ပညာတွေ ရှိနေပါတယ်"

ဟာနအင်က သတိပေးစကားပြောကြားလိုက်၏။

ဟာနအင်၏လှုပ်ရှားမှုကိုကြည့်ကာ ပျံ့ချိမိန်ဂိုဏ်းသားတို့က စင်မြင့်ပတ်လည်ကိုဝိုင်းထားလိုက်ကြ၏။

ရှင်မြောင်ဂူမ် ဓားသမားခြောက်ယောက်တို့သည် လိုကျိုချိန်းအား ဓားများဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

လိုကျိုချိန်းက တဟားဟားရယ်ရင်း ဝိုင်းဝန်းတိုက်ခိုက်လာသည့် ဓားချက်များအား အလောင်းနှစ်လောင်းဖြင့် လှည့်ပတ်ခုခံသည်။

လင်းထက်ဆွေသည် မခံမရပ်နိုင်လောက်အောင် ဒေါသထွက်နေသည်။

သို့သော် ရောက်ရှိနေသည့်သိုင်းသမားများထဲ၌ သူ့ ထက် သိုင်းပညာကောင်းသူများ ပါဝင်နိုင်ကြောင်းတွေးမိသဖြင့် သူ၏ ဒေါသကို ချုပ်တီးကာ စောင့်ကြည့်နေလိုက်ရသည်။

ရှင်မြောင်ဂူမ် ဓားသမားများမှာ လိုကျိုချိန်းက အလောင်းကောင်နှစ်ကောင်ကို ဒိုင်းသဖွယ်ကိုင်ဆောင်ခုခံနေသဖြင့် တိုက်ခိုက်ရခက်ခဲသွားပြီး တိုက်ကွက်ပျက်ကာ နောက်သို့တဆုတ်တည်း ဆုတ်ပေးနေရတော့သည်။

## အခန်း(၃၂)
## အစော်ကားခံရသောအိပ်သည်

ဟာနအင်မှာ ဒေါသထွက်လွန်းသဖြင့် နှလုံးသားများပေါက်ကွဲလုမတတ် ခံစားနေရ၏။

ပျံ့ချိမိန်ဂိုဏ်းမှ ဒိုင်လူကြီးလေးဦးက ရုတ်တရက် ရှေ့သို့တိုးထွက်လိုက်ပြီးလျှင် ဒေါသတကြီး အော်ဟစ်လိုက် သည်။

"လိုကျိုချိန်း... ခင်ဗျား ရိုင်းစိုင်းလှချည်လား၊ ဒီအပြုအမူဟာ ကျုပ်တို့ဂိုဏ်းကို တမင်သက်သက် ရန်စစော်ကားတာပဲ"

ဟာနအင်ကလည်း သည်တော့မှပင် အိပ်မက်မှလန့်နိုးလာသူပမာ သက်ဝင်လှုပ်ရှားလာတော့သည်။

"လိုကျိုချိန်း... ခင်ဗျား ရောက်နေတဲ့နေရာဟာ ပျံ့ချိမိန်ရဲ့ ဌာနချုပ်ဆိုတာကို သတိရရဲ့လား"

သူ့စကားမဆုံးခင်မှာပင် စင်ပေါ်သို့လူရိပ်များ ရောက်လာခဲ့သည်။

"ဘီလူးကြီး... ကျုပ်တို့ရဲ့ဂိုဏ်းတူအစ်ကိုကြီး အိုရန်ချွမ်းရဲ့ အသက်သွေးကြွေးကို ပြန်ဆပ်ပါ"

လိုက်ချိန်းက သဘောကျစွာ တဟားဟား ရယ်မောလိုက်ပြီး ဘယ်ဘက်လက်ထဲမှ အိုရန့်ချမ်း၏အလောင်းကို ရွှင်မြောက်ဂွမ်သိုင်းသမားများဆီသို့ ရုတ်တရက် ပစ်လွှတ်လိုက်သည်။

ရွှင်မြောက်ဂွမ်ဓားသမားခြောက်ဦးမှာ စင်၏ထောင့်သို့ ရောက်ရှိနေသဖြင့် ရှောင်တိမ်းရန် နေရာမရှိတော့ပေ။

ထို့ကြောင့်လက်ထဲမှဓားများဖြင့် တရွှမ်းရွှမ်း ခုတ်လိုက်ရသည်။

လိုက်ချိန်းက တဟားဟားရယ်မောလိုက်ပြီးလျှင် ကွေ့ကျယ်၏ခန္ဓာကိုယ်ကို ဓားသမားခြောက်ဦးထံသို့ ပစ်သွင်းလိုက်ပြန်လေ၏။

သည်တစ်ကြိမ်တွင်မူ ဓားသမားခြောက်ဦးမှာ ထိုးခုတ်ခြင်းမပြုတော့ပဲ စင်အောက်သို့ခုန်ဆင်းလိုက်ကြ၏။

"လူ့ဘီလူးကြီး... သတ္တိရှိရင် အောက်ကိုဆင်းခဲ့စမ်းပါ"

ဒိုင်လေးဦးဖြစ်သည့်ဝါစဉ်ဆရာလေးဦးမှာ ကြည့်မနေသာတော့သဖြင့် ဝင်စွက်ရတော့သည်။

"လိုက်ချိန်း အလောင်းကိုအောက်ချထားလိုက်ပါ"

"သေခါနီးအဘိုးကြီးတွေက ငါ့ကိုတိုက်ခိုက်ချင်သေးလို့လား"

လိုက်ချိန်းက လုံးဝဂရုမစိုက်သည့်အသွင်ဖြင့် ကြုံးဝါးလိုက်ပြီး ကွေ့ကျယ်၏အလောင်းကို ဒိုင်လူကြီးလေးဦးထံသို့ ပစ်လွှတ်လိုက်သည်။

ဒိုင်လူကြီးလေးဦးမှာ အတွေ့အကြုံရှိပြီးသူများဖြစ်သဖြင့် အလောင်းကောင်အား ဓားဖြင့် ခုတ်ခြင်းမပြုပဲ ရှေ့သို့တစ်ပြိုင်နက်



လှမ်းတက်ကာ လက်ဖြင့်ဖမ်းယူဆီးပွေ့လိုက်ကြသည်။

"ဝုန်း..."

ဝါစဉ်ကြီးဆရာကြီးလေးဦးမှာ လက်ထဲသို့ အလောင်းကောင်ဆီးပွေ့မိသည်နှင့် ဟန်ချက်မထိန်းနိုင်တော့ပဲ လဲကျလုမတတ် ယိမ်းယိုင်သွားရလေသည်။

လိုက်ချိန်း၏ အတွင်းအားပညာကိုလည်း လေးစားအသိအမှတ် ပြုလိုက်ကြရသည်။

လိုက်ချိန်းမှာ ကွေ့ကျယ်၏အလောင်းကို ပစ်ပေါက်လိုက်ပြီးလျှင် စင်ပေါ်မှခုန်ဆင်းကာ ရွှင်မြောက်ဂွမ်ဓားသမားများအား အော်ဟစ်ပြောဆိုလေတော့၏။

"မင်းတို့လို မတောက်တခေါက် သိုင်းသမားကလေးတွေကများ ငါ့ကိုစိန်ခေါ်ရသလား"

ဓားသမားခြောက်ယောက်သည် သူတို့ဂိုဏ်းတူအစ်ကိုကြီးအတွက် အလွန်တရာ စိတ်ထိခိုက်နေကြ၏။

လိုက်ချိန်းအပေါ်တွင်လည်း လွန်စွာ အမျက်ထွက်နေကြသည်။

လိုက်ချိန်းက စင်အောက်ကိုခုန်ဆင်းပြီး စိန်ခေါ်ချိန်တွင် သူတို့သည် လုံးဝတွန့်ဆုတ်ခြင်းမရှိပဲ အားလုံးတစ်ပြိုင်နက် ခုန်ဝင်ကြ၏။

"သွားစမ်း"

လိုက်ချိန်းက အော်ဟစ်ရင်း သူ့ခန္ဓာကိုယ်ကို စက်ဝန်းကဲ့သို့ လှည့်ပတ်၍ လက်သီးတိုက်ကွက်များ ထုတ်သည်။

ဓားသမားခြောက်ယောက်မှာ တဝုန်းဝုန်းလဲကျလျက် သွေး

အန်နေကြတော့သည်။

တကယ်တမ်းအားဖြင့် သူတို့၏သိုင်းပညာမှာ လိုကျိုချိန်း၏ သိုင်းပညာထက်များစွာ အဆင့်နိမ့်နေ၏။

သူတို့အသေခံတိုက်လျှင်လည်း အားလုံးသေရုံသာ ရှိပေလိမ့်မည်။

လိုကျိုချိန်း၏အတွင်းအား ကောင်းမွန်ပုံကိုကြည့်ပြီး သိုင်းသမားအားလုံးမှာ သစ်သားရုပ်တုများပမာ ငေးငိုင်သွားကြလေတော့သည်။

လင်းထက်ဆွေမှာ စောစောက မခံချင်စိတ်ဖြင့် ဝင်ရောက်တိုက်ခိုက်ရန် စိတ်ကူးခဲ့သော်လည်း လိုကျိုချိန်း၏အတွင်းအားကို မြင်တွေ့လိုက်ရသောအခါ အရမ်းကာရော မဝင့်ံတော့ပေ။

ဤမျှ အတွင်းအားကောင်းမွန်သူ တစ်ဦးကို မိမိသည်လည်း အနိုင်ယူနိုင်မည်မဟုတ်ဟု ခံစားလာမိသည်။

ထိုစဉ် အဝါရောင်အရိပ်များက ဝင်းခနဲ လှုပ်ရှားသွားပြန်သည်။

ဒိုင်လူကြီးလေးယောက်က လိုကျိုချိန်းထံသို့ ခုန်ပျံရောက်ရှိသွား ကြခြင်းဖြစ်လေသည်။

လိုကျိုချိန်းက ထိုဒိုင်လူကြီးများကိုကြည့်ပြီး ဟိန်းဟောက်လိုက်သည်။

"ဘာလဲ… လူစွမ်းကောင်း ခြောက်ယောက်တောင် ခွေးပြေးဝက်ပြေး ပြေးနေရတာ၊ ခင်ဗျားတို့လို အဘိုးကြီးလေးယောက်က သေချင်နေသေးလို့လား"

ဒိုင်လူကြီးလေးယောက်က တည်ငြိမ်အေးစက်သည့်လေသံ



ဖြင့်….

"သိပ်လဲမောက်မာမနေပါနဲ့… မင်းလဲ တို့ဂိုဏ်းအတွက် အသက်ကြွေးပြန်ပေးဆပ်ရမှာပါ"

"ကဲ… ကောင်းပြီ၊ ဒီလောက်တောင်ဖြစ်လှတာ ကြည့်ကြသေးတာပေါ့"

ဒိုင်လူကြီးလေးယောက်သည်လည်း တစ်ယောက်နှင့်တစ်ယောက်အချက်ပြလိုက်ကြသည်။ လက်ဝါးတိုက်ကွက်ထုတ်ရန် ဟန်ပြင်ကြ၏။

လိုကျိုချိန်းက ခနဲ့လိုက်သည်။

"ခင်ဗျားတို့လေးယောက်စလုံး တစ်ပြိုင်တည်း ဝင်တိုက်ကြပါ။ ကျုပ် ခွင့်ပြုပါတယ်၊ လာပါ… လေးယောက်စလုံး အတူတူ ဝင်တိုက်ကြစမ်းပါ"

ဒိုင်လူကြီးလေးဦးသည် လက်ဝါးတွင် အားအပြည့်ထည့်ကာ တစ်ပြိုင်တည်း တိုက်ခိုက်ကြတော့သည်။

လေးယောက်စလုံးမှာ ဝါရင့်သိုင်းသမားများဖြစ်ကြသဖြင့် အတွင်းအား ကောင်းမွန်ကြသူများဖြစ်ကြပေသည်။

လေးယောက်ပေါင်း လက်ဝါးရှစ်ဖက်အားဖြင့် တိုက်ခိုက်သဖြင့် အင်အားအလွန်ကြီးမားနေပေသည်။

သူတို့၏ရိုက်ချက်များက လေထုကိုတုန်ခါစေလျက် လိုကျိုချိန်းထံသို့ အရှိန်အဟုန်ပြင်းစွာ ဦးတည်သွားသော်လည်း လိုကျိုချိန်း၏ ခန္ဓာကိုယ်နှင့်ထိတွေ့သောအခါ အလိုအလျောက် ပျက်ပြယ်သွားသည်။

သူတို့၏တိုက်ကွက်များ အလိုအလျောက် ပျက်ပြက်သွား

သည်ကို တွေ့ရသောအခါ ဒိုင်လူကြီးလေးဦးမှာ အကြီးအကျယ် ရှက်သွားကြလေတော့၏။

လိုက်ချိန်းက....

"ဒါ ခင်ဗျားတို့ပညာအကုန်ပဲလား... ကျုပ်ပညာလေးလဲ မြည်းစမ်းကြည့်လိုက်ကြဦး"

လိုက်ချိန်း၏မျက်နှာသွင်ပြင်က ရုတ်ခြည်းပြောင်းလဲသွား၏။

မျက်လုံးထဲ၌ လူသတ်လိုသည့်အရိပ်အယောင်များ ပေါ်လာသည်။

မားသမားခြောက်ဦးကို တိုက်သည့်တိုက်ကွက်ထက် ပြင်းထန်သော လက်ဝါးတိုက်ကွက်များကို ထုတ်သုံးတော့သည်။

"ဝုန်း... ဝုန်း... ဝုန်း"

ဒိုင်လူကြီးလေးယောက်မှာ အဝေးသို့အရှိန်ပြင်းစွာ လွင့်စင်လဲကျသွားတော့သည်။

အံ့မခန်း ထက်မြက်လှသောအတွင်းအားပညာပေတည်း။

ထိုလေးယောက်၏သိုင်းပညာမှာ အနည်းဆုံး နှစ်ပေါင်းလေးဆယ်ခန့် ဆည်းပူးသင်ကြားကြသည့် ပညာဖြစ်၍ အတော်အဆင့် မြင့်နေပေပြီ။

လေးယောက်ပေါင်း လက်တွဲတိုက်ခိုက်သည်ကို မည်သူတစ်ဦးတစ်ယောက်မျှ ထိပ်တိုက်ရင်ဆိုင်ဝံ့မည်မဟုတ်ချေ။

သို့သော် မျက်စိရှေ့တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များက ယုံကြည်နိုင်စရာ လုံးဝမရှိပေ။

လိုက်ချိန်း၏ တိုက်ကွက်တစ်ကွက်တည်းကို ဒိုင်လူကြီး



လေးယောက်ဖြစ်သော ဝါစဉ်ကြီးဆရာကြီးလေးယောက်တို့ မခံနိုင်ခဲ့ကြပေ။

လိုက်ချိန်းက သူ၏လက်ဝါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်အထပ်ထပ်ကြည့်ရှုပြီး အားပါးတရ ရယ်မောလိုက်သည်။

"ငါလိုကောင်ကို မကျေနပ်တဲ့လူရှိသေးသလားဟေ့"

ဂိုဏ်းချုပ်ကြီးဟာနအင်က လိုက်ချိန်းရှိရာစင်အောက်ကို လွှားခနဲ ခုန်ဆင်းလိုက်သည်။

"လိုက်ချိန်း... ခင်ဗျားဟာ ပျံ့ရှိမိန်ဂိုဏ်းကိုစော်ကားခဲ့ပြီ"

လိုက်ချိန်းက လှောင်ရယ်ရယ်ရင်း....

"အို... ဂိုဏ်းချုပ်ကြီး ဟာနအင်ကိုယ်တိုင် ရောက်လာတာပဲ၊ ကျုပ်ရဲ့ဂုဏ်သိက္ခာတွေ ထပ်ပြီးတက်လာရတာပေါ့ဗျာ၊ ဟဲ... ဟဲ... ဟဲ"

ဟာနအင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး လိုက်ချိန်းကိုပေါက်ထွက်လုမတတ် စိုက်ကြည့်လိုက်သည်။

"ခင်ဗျား အနိုင်ကျင့်ချင်တိုင်း ကျင့်လို့ရမယ်ထင်နေသလား၊ ခင်ဗျားလုပ်ချင်တိုင်း လုပ်နေတာကိုငုံ့ခံနေရင် ကျုပ်တို့ပျံ့ရှိမိန်ဂိုဏ်းက သိုင်းလောကမှာ ဘယ်လိုမျက်နှာပြရတော့မလဲ"

ဟာနအင်မှာ သူ့ဂိုဏ်းသားများနှင့် ဧည့်ပရိသတ်များရှေ့တွင် လက်မြှောက်အရှုံးပေး၍မဖြစ်ချေ။

သိုင်းသမားကောင်းတို့မည်သည် အသက်ထက် မိမိ၏ဂုဏ်သိက္ခာကိုထိန်းကြရသည်သာ။

ဟာနအင်လို ဂိုဏ်းချုပ်တစ်ယောက်အနေနှင့် မိမိ၏အသက်ကိုငဲ့ကွက်ပြီး အရှက်တကွဲ အကျိုးနည်း အဖြစ်ခံနိုင်မည်မဟုတ်

ချေ။

လိုက်ကျိုချိန်းက လှောင်ရယ်ရယ်၏။

"ဟဲ… ဟဲ… ဟဲ… ခင်ဗျားနဲ့ကျုပ်နဲ့က ခမည်းခမက်တွေ ဖြစ်နေပြီပဲဗျာ၊ တစ်ယောက်နဲ့တစ်ယောက် တိုက်ကြခိုက်ကြလို့ ဘယ်သင့်တော်ပါ့မလဲ"

"ရာရာစစ မတွေ့မတန်စကားတွေ လာပြောမနေနဲ့"

စကားဆုံးသည်နှင့် ဟာနုအင်က လက်ဝါးရိုက်ချက်တစ်ချက်လွှတ်ထုတ်လိုက်သည်။

ဒေါသပြင်းထန်နေသဖြင့် လက်ဝါးရိုက်ချက်မှာ အားပါအရှိန်ပြင်းလှသည်။

သို့သော် လိုက်ကျိုချိန်းက တည်ငြိမ်အေးဆေးစွာပင် ထိုရိုက်အားကို အလွယ်တကူ ရှောင်တိမ်းလိုက်သည်။

"ဒီမှာကိုဏ်းချုပ်ကြီးရဲ့ စဉ်းစဉ်းစားစားလဲ လုပ်စမ်းပါဦး… ခင်ဗျားက ကျုပ်ကိုဖြိုနိုင်လို့လား၊ လူပုံအလယ်မှာ မျက်နှာပြစရာမရှိပဲ ဖြစ်နေပါဦးမယ်"

ဟာနုအင် နောက်ထပ်အကွက်ထုတ်ရန် ဟန်ပြင်နေစဉ် စူးရှသောမိန်းကလေးသံတစ်သံ ထွက်ပေါ်လာ၏။

"တော်တော် ကြီးကျယ်တဲ့လူပဲ၊ ရှင့်ကိုယ်ရှင် ဘာများထင်နေသလဲ"

အဖြူရိပ်တစ်ရိပ် ခုန်ဆင်းလာ၏။ ဟာနုအင်၏သမီး ဟာရှမ်းရိပင်တည်း။

"ဒေါသထွက်မနေပါနဲ့ဖေဖေ၊ သမီး သူနဲ့အစွမ်းကုန် စမ်းသပ်ကြည့်လိုက်ပါဦးမယ်"



ဟာရှမ်းရိက ဖခင်ကိုပြောပြီး လိုက်ကျိုချိန်းနှင့်ရင်ဆိုင်လေ၏။

လိုက်ကျိုချိန်းသည် တဟားဟား ရယ်လေတော့သည်။

"ကြိုက်သွားပြီဟေ့… ကြိုက်သွားပြီ၊ သိပ်သတ္တိကောင်းတဲ့ ငါ့ချွေးမပဲ၊ ဟား… ဟား… ဟား ချွေးမလေးရယ် ဘယ်ယောက္ခမက ကိုယ့်ချွေးမကို မညှာမတာ ရိုက်ရက်မှာလဲကွယ်၊ ဘာပဲဖြစ်ဖြစ် ငါ အရှုံးပေးပါတယ်… ဟား… ဟား… ဟား"

လိုက်ကျိုချိန်းသည် တစ်ကိုယ်လုံး ယိမ်းထိုးပြီး ရယ်နေ၏။ ဟာရှမ်းရိမှာ လိုက်ကျိုချိန်း၏ရင့်သီးစော်ကားသောစကားများကြောင့် မျက်နှာတပြင်လုံး ရဲတွတ်သွား၏။

"လူယုတ်မာကြီး… အသက်ကြီးသလောက် အရှိန်မစီးဘူး၊ ရှင့်ပါးစပ်ဖို့ ပေါက်ပန်းဈေး စကားတွေထွက်တတ်တယ်"

ဟာရှမ်းရိသည် လက်ဝါးနှစ်ဖက်ကို ရဟတ်ကဲ့သို့ ဝှေ့ယမ်းပြီး 'အသက်ခြွေလိပ်ပြာ'သိုင်းကွက်ဖြင့် ဘယ်ညာနှစ်ဖက်ညှပ်ကာ တရစပ် တိုက်ခိုက်လေတော့သည်။

ဟာရှမ်းရိမှာ ကိုယ့်ကိုယ်ကို မယုံကြည်နိုင်လောက်အောင်ပင် အံ့ဩသွားရလေသည်။ အံ့ဩစိတ်နှင့်အတူ တုန်လည်း တုန်လှုပ်သွားရသည်။

သူမ၏ခန္ဓာကိုယ်မှာ ပင်လယ်တွင်းမှ လှိုင်းမိသော လှေငယ်ကလေးသဖွယ် လေထဲတွင် လွန့်လူးနေသည်။

လိုက်ချိန်းကို ပြန်လည်တိုက်ခိုက်ဖို့ မဆိုထားနှင့် ကိုယ့်ဟန်ချက်ကို ကိုယ်ငြိမ်အောင်ပင် မထိန်းနိုင်အောင်ဖြစ်နေရသည်။

"ဟား... ဟား... ဟား၊ ဘယ်လိုလဲ ချေးမလေးရဲ့၊ ကိုယ့်ယောက္ခမ မတိုက်ခိုက်တော့ဘူးလား"

လိုက်ချိန်းက လှောင်ပြောင်ပြောဆိုလိုက်သည်။

ဟာရှမ်းရိမှာ ပြန်လည်ပြောဆိုတိုက်ခိုက်ချင်သော်လည်း ကိုယ့်ဟန်ချက်ကိုကိုယ်မနည်းထိန်းနေရသဖြင့် မည်သို့မျှ နှုတ်တုံ့မပြန်နိုင်အောင် ဖြစ်နေသည်။

"လူစွမ်းကောင်းကြီး... ကိုယ့်ကိုယ်ကို သိပ်ကျေနပ်မနေပါနဲ့ ခင်ဗျားနဲ့တိုက်ဖို့ ကျုပ် လာပြီဗျို့"

ဟာရှမ်းရိနှင့် လိုက်ချိန်းတို့အကြားသို့ ခုန်ဝင်ရောက်ရှိလာသူမှာ လင်းထက်ဆွေပင်တည်း။

သူသည် အမှောင်ထဲမှ အကဲခတ်နေခဲ့သည်။

ဟာရှမ်းရိအနေဖြင့် လိုက်ချိန်းကို မည်သို့မျှ ယှဉ်မရနိုင်အောင် ဖြစ်နေသည်ကို တွေ့ရသောအခါတွင် သူသည် မသိလိုက်မသိဘာသာ မနေနိုင်တော့ပေ။

ထို့ကြောင့် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်လိုက်ခြင်းဖြစ်ပေသည်။



## အခန်း(၃၃)
## အစွမ်းထက်သောသိုင်းကွက်

ဟာရှမ်းရိကား ပျံရှိမိန်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး သမီးပီသလှပေသည်။

ငယ်ရွယ်သောမိန်းကလေးတစ်ယောက် ဖြစ်သော်လည်း သတ္တိအရာတွင် စံတင်လောက်ပေသည်။

သူမ၏ဖခင်ကိုယ်တိုင်ပင် တိုက်ခိုက်အနိုင်ယူရန် မသေချာသော ရက်စက်ယုတ်မာလှသည့် လူ့ဘီလူးကြီးအား တိုက်ခိုက်ဝံ့သည့် သတ္တိမှာ နည်းနည်းနောနော သတ္တိမဟုတ်ပေ။

လိုက်ချိန်းအား တိုက်ခိုက်အသုံးပြုလိုက်သော အသက်ခြွေလိပ်ပြာတိုက်ကွက်မှာ တိကျသလို လျင်မြန်သွက်လက်လှပေသည်။

"ချေးမလေးရယ်... ငါ အရှုံးပေးပါတယ်ကွယ်"

လိုက်ချိန်းက ရယ်ရယ်မောမော ပြောဆိုကာ ဟာရှမ်းရိ၏ ရိုက်ချက်ကို ယိမ်းနွဲ့ရှောင်တိမ်းပေးလိုက်သည်။

တစ်ဆက်တည်းမှာပင် သူ၏လက်ဝါးကို ခါယမ်းထုတ်လိုက်သည်။

ဟာရှမ်းရိသည် လွန်စွာ အံ့သြသွားသည်။

သူမ၏ရှေ့သို့ ရောက်ရှိလာသူအား ကယ်တင်ရှင်တစ်ယောက်ထက် သေမင်းပြည်သို့ အလည်သွားချင်သူတစ်ဦးဟုသာ ထင်မြင်မိသည်။

ထို့ကြောင့် သူမ၏ရှေ့မှ ဖယ်ရှားပေးပါဟုပြောရန် ပါးစပ်ပြင်မိလေသည်။

သူ ဘာမျှမပြောနိုင်မီ ဧည့်ပရိသတ်များသာရှိသော စင်ရှေ့ဘယ်ဘက်ခြမ်းမှ လူအားလုံးမှာ အကြီးအကျယ် အံ့သြသွားကြသည်။

လင်းထက်ဆွေအား အထိတ်တလန့် လက်ညှိုးညွှန်ပြပြီးလျှင်....

"သူ... သူ... သူပေါ့၊ ကျွန့်ဖိန်တောင်ပေါ်မှာ အိုရန်စိန်တွန့်နဲ့ တွဲဘက်အဖွဲ့ကျခဲ့တာ ဒီလူပဲ"

သူတို့၏ဝေဖန်ပြောဆိုသံမှာ တိုက်ပွဲစည်းအတွင်းသို့ ရောက်ရှိမလာပေ။

စကားကို ကျယ်ကျယ်မပြောဝံ့ပဲ တီးတိုးပြောဆိုနေကြရသောကြောင့် ဖြစ်ပေသည်။

လင်းထက်ဆွေသည် တိုက်ပွဲစည်းအတွင်းသို့ရောက်သည်နှင့် ဟာရှမ်းရိအား လက်နှစ်ဖက်ဆုပ်ဂါရဝပြုလေ၏။

"မိန်းကလေး... ဒီလောက် ယုတ်မာကောက်ကျစ်တဲ့လူကို မိန်းကလေးကိုယ်တိုင်ထွက်ပြီး တိုက်ခိုက်ဖို့မလိုပါဘူး၊ ဘေးထွက်ပြီး ခဏနားယူလိုက်စမ်းပါ၊ ကျုပ်ပဲ ဆုံးမလိုက်စမ်းပါရစေ"

လိုက်ချိချိန်းသည် လင်းထက်ဆွေ၏စကားကို ကြားသောအခါ တဟားဟား ရယ်မောလေတော့သည်။



"အင်း... အချစ်စိတ်... အချစ်စိတ်၊ တော်တော်ကလေး တန်ခိုးကြီးတာပါပဲလား"

လိုက်ချိချိန်က ခေါင်းတဆတ်ဆတ်ညိတ်ကာ ရေရွတ်လိုက်သည်။

လင်းထက်ဆွေကမူ လိုက်ချိချိန်းအား ပြန်လည်အကဲခတ်နေသည်။

ဟာရှမ်းရိက မသိမသာ နောက်သို့ဆုတ်ပေးလိုက်သည်။

လိုက်ချိချိန်းက ဆက်ပြောပြန်သည်။

"ကောင်လေး... မင်းအသက်ကို မနှမြောနိုင်အောင်ပဲ မိန်းကလေးကို စွဲလမ်းနေပြီလား၊ မိုက်ရူးရဲမဆန်ချင်စမ်းပါနဲ့ကွာ၊ မင်းငါ့ရဲ့လက်ညှိုးတစ်ချောင်းကိုတောင် ခံနိုင်မှာမဟုတ်ဘူး"

"လက်ညှိုးတစ်ချောင်းမပြောနဲ့ ဆယ်ချောင်းလဲ ကျုပ်က ဂရုမစိုက်ဘူး"

"ကောင်းပြီ"

လိုက်ချိချိန်းက လင်းထက်ဆွေအား လက်ဝါးရိုက်ချက်တစ်ချက် ထုတ်လိုက်သည်။

လင်းထက်ဆွေက ရှောင်တိမ်းခြင်းမပြုပဲ သူ့လက်ဝါးဖြင့် ဆီးခံပေးလိုက်သည်။

"ဝုန်း..."

လက်ဝါးနှစ်ခုထိပ်တိုက်တွေ့ဆုံကြလျှင် ကျယ်လောင်သော အသံကြီးမြည်ဟည်းကာ လိုက်ချိချိန်းမှာ ခုနစ်ပေအကွာသို့ ခုန်ဆုတ်သွားရတော့သည်။

သူ အံ့သြထိတ်လန့်သော အမူအရာများဖြင့် လင်းထက်ဆွေ

ကို ကြည့်သည်။

"မင်… မင်း ဘယ်သူ့တပည့်လဲ"

သူ မေးသင့်ပါသည်။ လင်းထက်ဆွေ၏အတွင်းအားသည် အုံ့မခန်းဖြစ်နေသည်။

မည်သူမျှ ဤအသက်အရွယ်ကလေး၌ ဤသို့ အတွင်းအား မကောင်းနိုင်။

ဆရာနှစ်ယောက် သင်ကြားပေးထားသော အတွင်းအားများကြောင့် ဤမျှ အတွင်းအားကောင်းမွန် ပြည့်စုံနေရခြင်း ဖြစ်ပေသည်။

နောက်ပိုင်းတိုက်ခိုက်သောအခါ လိုက်ျိချိန်းမှာ လင်းထက်ဆွေကို လုံးဝအထင်မသေးရဲတော့ပဲရှိသမျှ အတွင်းအား၏ ဆယ်ပုံခုနစ်ပုံလောက်ကို ထုတ်သုံးတိုက်ခိုက်ရတော့သည်။

"ခွေးကောင်လေး… မင်း ဘယ်လောက်စွမ်းသလဲ ငါ ကြည့်မယ်"

လိုက်ျိချိန်းက အံကြိတ်ပြီး အော်ဟစ်လျက် လက်ဝါးရိုက်ချက်တစ်ချက် ထပ်မံရိုက်ထုတ်လိုက်သည်။ ဤရိုက်ချက်မှာ ပြင်းထန်လွန်းသည်။

စင်မြင့်ရှေ့တွင်ရှိနေကြသော ပရိသတ်များ လွန်စွာ အံ့သြတုန်လှုပ်သွားသည်။

လင်းထက်ဆွေသည် သူ့လက်ဖဝါးတွင် အတွင်းအား အားလုံးစုစည်းထားမိပြီဖြစ်၍ ရှောင်တိမ်းခြင်းမပြုပဲ ထိပ်တိုက်ခုခံသည်။

"ဝုန်း…"

လိုက်ျိချိန်းမှာ အတွင်းအား၏ဆယ်ပုံခုနစ်ပုံကို ထုတ်သုံး



လိုက်သော်လည်း နောက်သို့ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားရသည်။

လင်းထက်ဆွေမှာမူ လုံးဝဟန်ချက်မပျက်ပေ။

"ဟေး…"

ပါ့ချိုမိန်ဂိုဏ်းသားများ၏ ဝမ်းသာအားရ အားပေးချီးမြှောက်သံများက ဆူညံသွားသည်။

ဤကဲ့သို့ လင်းထက်ဆွေသာ ဝင်ရောက်မတိုက်ခိုက်ပါက သူတို့၏ဂိုဏ်းချုပ်ကြီးသမီး ဟာရှမ်းရှိသည် လိုက်ျိချိန်းကို ရှုံးနိမ့်မည်မှာ သေချာသည်။

ဟာရှမ်းရှိ ရှုံးနိမ့်သွားလျှင် မည်သို့ပင်ဖြစ်စေ ဂိုဏ်းချုပ်ကြီး ဟာနအင်ကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ရပေတော့မည်။

ဟာနအင်သည်လည်း လိုက်ျိချိန်းကို သေချာပေါက် အနိုင်တိုက်ခိုက်နိုင်လိမ့်မည်ကို မည်သူမျှ အတတ်ပြောနိုင်လိမ့်မည် မဟုတ်ချေ။

အကယ်၍သာ ဟာနအင်က လိုက်ျိချိန်းကိုရှုံးနိမ့်သွားပါက ပါ့ချိုမိန်ဂိုဏ်းမှာ သိုင်းလောကအလယ်၌ ထည်ဝါဝင့်ကြွားစွာ ရပ်တည်နိုင်တော့မည်မဟုတ်ပေ။

အများသူငါများ၏တံတွေးခွက်ထဲတွင် ပက်လက်မျောရုံသာ ရှိပေတော့မည်။

လင်းထက်ဆွေက လိုက်ျိချိန်းကို အနိုင်တိုက်ခိုက် မောင်းထုတ်လိုက်နိုင်မှသာ ပါ့ချိုမိန်ဂိုဏ်းအဖို့ ဂိုဏ်း၏ဂုဏ်သိက္ခာကို အဖတ်ဆည်နိုင်တော့မည်ဖြစ်ပေသည်။

လင်းထက်ဆွေကလည်း သူ၏ပြိုင်ဘက်ကို အထင်မသေးချေ။ သတိဝီရိယထားကာ ပညာကုန်ထုတ်သုံးသည်။

သူ့ဆရာစီမာကမ်းစင်း သင်ကြားပေးခဲ့သည့် ပညာများအဖြင့် မိုးနှင့်မြေပြင်ယပ်တောင်၏သိုင်းကွက်များကိုပါ ထုတ်သုံးတိုက်ခိုက်သည်။

လိုကျချိန်းမှာ မပေါ့ဆရဲတော့ချေ။ သူ အထင်သေးခဲ့သည့် ချာတိတ်ကလေးမှာ မယုံကြည်နိုင်အောင်ပင် အစွမ်းထက်မြက်နေသဖြင့် သူ အပတ်တကုတ်ကြိုးစားသင်ယူခဲ့ရသော သိုင်းပညာများကို အိတ်သွန်ဖာမှောက်ထုတ်သုံးရလေတော့သည်။

နှစ်ယောက်သားမှာ ကျားနှင့်ဆင်ကဲ့သို့ အလစ်မပေးရဲပဲ တစ်ယောက်နှင့်တစ်ယောက် လစ်ကွက်ဟာကွက်ကို ချောင်းနေကြသည်မှာ ကြည့်နေရသူများအဖို့က လွန်စွာ ရင်မောစရာကောင်းလှပေသည်။

ထို့နောက် နှစ်ယောက်စလုံး သံပြိုင်အော်ဟစ်အားသွင်းလိုက်ကြပြီးလျှင် လူရိပ်နှစ်ခုမှာ ပူးကပ်သွားကြပြန်သည်။

တစ်ယောက်နှင့်တစ်ယောက် အကြောင်းသိများ ဖြစ်သွားကြသဖြင့် အတွင်းအားကို အလဟဿမဖြုန်းတီးရဲကြတော့ပဲ သာမန်အရှုံးအနိုင်ပေါ်ရုံ ငိုက်ခိုက်ခြင်းမျိုးဖြင့်ပင် တိုက်ခိုက်ကြတော့သည်။

လက်လှုပ်ရှားမှုများမှာ စက်ရဟတ်ကဲ့သို့ မြန်ဆန်သွက်လက်လွန်းသဖြင့် သိုင်းကွက်များကိုပင် မမြင်ရတော့ပဲ အဖြူနှင့် အစိမ်းရိပ်များသာ ရောင်စုံစက်ဝိုင်းများကဲ့သို့ တရိပ်ရိပ် မြင်နေရတော့သည်။

ဤတိုက်ပွဲမျိုးကို သိုင်းသမားများအနေဖြင့် မြင်ချင်တိုင်း မမြင်ရပေ။

သမိုင်းဝင်တိုက်ပွဲမျိုးဖြစ်၍ လူတိုင်းလူတိုင်း စိတ်ဝင်စားစွာ



ငေးကြည့်နေမိကြသည်။

ဟာရှမ်းရီသည်လည်း ရင်ကလေး တဖိုဖိုဖြင့် ကြည့်နေရှာ၏။

သူမ၏အရှက်နှင့်ဂိုဏ်း၏အရှက်ကို ကာကွယ်တိုက်ခိုက်နေသော လင်းထက်ဆွေအတွက် စိုးရိမ်လွန်းသဖြင့် လက်ဖဝါး၌ ချွေးစေးကလေးများပင် စိမ့်ထွက်စို့ရွှဲလာသည်။

လင်းထက်ဆွေသည် သူ့ဆရာများ၏ပညာများကို အိတ်သွန်ဖာမှောက် ထုတ်သုံးတိုက်ခိုက်နေပါလျက် အနိုင်မရပဲ ဖြစ်နေသဖြင့် စိုးရိမ်လာသည်။

ထိုစဉ် ပါချိုမိန်တောင်ကြားသို့အဝင် ဂူထဲ၌လေ့ကျင့်ခဲ့သည့် ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းကို ရုတ်တရက် သတိရလိုက်လေ၏။

ရုတ်တရက် ထိုသိုင်းကွက်များကို မသုံးဝံ့ပေ။ သိုင်းကွက်နှစ်ကွက်မျှနှင့် လိုကျိချိန်းကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို အနိုင်တိုက်ခိုက်နိုင်လိမ့်မည်မဟုတ်ပေ။

လင်းထက်ဆွေသည် အကျဉ်းအကျပ်ရောက်လာခိုက် အလိုအလျောက် ကျောက်စိမ်းကေရာဇ်သိုင်းကွက်နှစ်ကွက်ကို ထုတ်၍သုံးလိုက်မိတော့သည်။

ကြိုတင်စိတ်ကူးထားခြင်းမရှိပဲနှင့်သူ၏လက်နှစ်ဖက်မှာ သိုင်းကွက်အတိုင်းလှုပ်ရှားပြီး ဖြစ်နေလေတော့သည်။

လင်းထက်ဆွေမှာ ကိုယ့်ကိုယ်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရ၏။

စိတ်နောက်ကိုယ်ပါသိုင်းကွက်များကို ထုတ်သုံးမိခြင်းမှာ အံ့သြဖွယ်ရာပင် မဟုတ်ပါလား။

"ဝုန်း...."

"အား...."

သူ၏သိုင်းကျမ်းထဲမှ ပထမသိုင်းကွက်ကို စတင်ထုတ်သုံးလိုက်သည်နှင့် လိုက်ချိန်းမှာ လက်ဝါးရိုက်ချက်ထိမှန်ပြီး အဝေးသို့ လွင့်စင်သွားရလေတော့သည်။

လိုက်ချိန်းသည် လက်နှစ်ဖက်ကိုရင်ဘတ်၌ အုပ်ထားပြီး နှုတ်ခမ်းထောင့်မှသွေးများ စီးကျလာသည်။

လင်းထက်ဆွေကိုလည်း အလွန်အံ့သြသောမျက်နှာဖြင့် လှမ်းကြည့်နေမိသည်။

လင်းထက်ဆွေမှာလည်း ကိုယ့်ကိုယ်ကို အံ့သြနေမိသည်သာ။

တစ်ကွက်တည်းနှင့် လိုက်ချိန်း ရှုံးနိမ့်သွားခြင်းသည် ဟုတ်ကောဟုတ်ပါ၏လောဟု သူ သံသယ ဖြစ်နေ၏။

သူသည် လိုက်ချိန်းကိုကြည့်ကာ ငိုင်နေမိ၏။ သူနောက်ဆုံးတိုက်ခိုက်ခဲ့သောသိုင်းကွက်မှ လက်အနေအထားကိုလည်း မရုပ်သိမ်းဘဲ ကြက်သေ,သေနေသည်။

သူ့မျက်စိရှေ့တွင် ဖြစ်ပျက်ခဲ့သည်မှာ အိပ်မက်မဟုတ်ဘဲ အမှန်တကယ် ဖြစ်ပျက်ခဲ့ရသောအခါမှ သူ၏လက်ဟန်အနေအထားတို့ ကပျာကယာ ရုပ်သိမ်းလိုက်ရ၏။

သိုင်းပရိသတ်များမှာမူ လင်းထက်ဆွေ၏ သိုင်းကွက်တစ်ကွက်တည်းဖြင့် အပြတ်အသတ် အနိုင်ယူလိုက်ပုံကိုလည်း ချီးကျူးထောမနာပြု၍ မဆုံးနိုင်အောင်ရှိကြတော့သည်။

---

လင်းထက်ဆွေက လိုက်ချိန်းအား လှမ်းပြောသည်။

"ကျေနပ်ပြီလား... ခင်ဗျား ဘာပြောချင်သေးလဲ"

လိုက်ချိန်း၏မျက်နှာပေါ်မှ မောက်မာခြင်း၊ ဘဝင်မြင့်ခြင်း အရိပ်အယောင်တို့လွင့်ပျောက်သွားကြသည်။

ရှက်ရွံ့ခြင်းနှင့်ခံပြင်းနာ ကျည်းခြင်းတို့ အစားထိုးဝင်ရောက်လာသည်။

နဂိုကမှ အရုပ်ဆိုးလွန်းရသည့်အထဲ စူပုပ်ညိုမည်းနေသည့်အတွက် ကြောက်စရာကောင်းလောက်အောင်ပင် ပို၍ အရုပ်ဆိုးအကျည်းတန်နေသည်။

သူသည် လက်နှစ်ဖက်ကို ရင်ဘတ်တွင် အုပ်ထားရင်းမှအံကို တင်းတင်းကျိတ်လိုက်ပြီး....

"မင်း သတ္တိရှိရင်... ငါ့ကို တစ်ခါတည်း သတ်ပစ်လိုက်"

လိုက်ချိန်း၏လေသံက မာထန်နေဆဲပင်။

လင်းထက်ဆွေက....

"ခင်ဗျားက သေချင်ပေမယ့်လဲ ကျုပ်သတ်မှာ မဟုတ်ဘူး၊ လူတစ်ယောက်ကို ကျုပ် အကြောင်းမဲ့မသတ်ချင်ဘူး၊ ခင်ဗျားကို ကျုပ် ခွင့်လွှတ်သည်းခံနိုင်ပါတယ်၊ ကဲ... ခင်ဗျား သွားပေတော့၊ ခင်ဗျား အသက်ကို ကျုပ် ချမ်းသာခွင့်ပေးလိုက်တယ်"

လိုက်ချိန်းက လင်းထက်ဆွေကို တအံ့တသြ ကြည့်လိုက်

သည်။

"မင်း တကယ်ပြောနေတာလား... နောက်မှ မင်း နောင်တ မရပါစေနဲ့"

လင်းထက်ဆွေ ပခုံးနှစ်ဖက်ကိုတွန့်ပြလိုက်သည်။ အေး အေးဆေးဆေးပင် ပြန်ပြောသည်။

"ကိစ္စမရှိဘူး... လူတစ်ယောက်ရဲ့အသက်ကို ချမ်းသာခွင့် ပေးလိုက်လို့ ကျုပ် ဘယ်တော့မှ နောင်တမရဘူး။ ခင်ဗျား တိုက်ခိုက် ချင်တယ်ဆိုရင် ကျုပ်ကိုပဲ တိုက်ခိုက်ပါ။ လင်းထက်ဆွေဆိုတဲ့ ကောင် ကိုပဲလိုက်ရှာပါ၊ ဒီကိစ္စဟာ ပုါရှိုမိနိဂိုဏ်းနဲ့ လုံးဝမပတ်သက်ဘူးဆိုတာ တော့ ခင်ဗျား ကောင်းကောင်းသတိပြုပါ"

လိုကျိုချိန်းသည် အသက်ချမ်းသာရာရပြီဖြစ်၍ လင်းထက် ဆွေအား စကားနှိုက်တော့သည်။

"မင်းဟာ လူစွမ်းကောင်းတစ်ယောက်ပါပဲ၊ လူစွမ်းကောင်း ပဲ ဖြစ်ဖြစ်၊ သူရဲကောင်းပဲဖြစ်ဖြစ် ပညာရပ်တစ်ခုကို တတ်မြောက်ဖို့ဆို တာ ဆရာရှိမှဖြစ်တယ်၊ မင်းဆရာက ဘယ်သူများလဲ"

လင်းထက်ဆွေမှာ သိုင်းလောကအတွေ့အကြုံ နုနယ်သေး သော်လည်း ယုတ်မာကောက်ကျစ်သူအတော်များများကို တွေ့ဆုံဖူး ခဲ့ပြီ ဖြစ်သဖြင့် လိုကျိုချိန်း၏စကားပရိယာယ်ကို ကောင်းစွာ သဘော ပေါက်နားလည်လိုက်သည်။

ထို့ကြောင့် တင်းမာခက်ထန်စွာပင်....

"ဒါတွေ ခင်ဗျားနဲ့မဆိုင်ဘူး... ခင်ဗျား သတ္တိရှိရင် တိုက်ခိုက် ချင်ရင် ကျုပ်ကိုပဲ တွေ့အောင်ရှာပါ၊ ဘာမှအပိုတွေ မေးနေစရာမလို ဘူး"



လိုကျိုချိန်း နှုတ်ဆိတ်သွားသည်။ သူ့တွင် ရရှိထားသည့်ဒဏ် ရာမှာ မသေးလှချေ။

ထို့ကြောင့် ဤနေရာမှ အမြန်ဆုံးခွာရမည်ဟု စိတ်ကူးထား ကာ လင်းထက်ဆွေအား အေးစက်သောလေသံဖြင့် စိန် ခေါ်စကား ပြောကြားတော့သည်။

"ကောင်းပြီ... မင်းသာ စိတ်မပြောင်းလဲပါစေနဲ့၊ ဒီညငါရ ရှိထားတဲ့လက်ဝါးတစ်ချက်အတွက် မင်းကိုပြန်တိုက်ခိုက်ဖို့ ငါ လာ ခဲ့မယ်"

သူသည် စကားဆုံးသည်နှင့်ပြိုင်ပွဲကွင်းပြင်၏အပြင်ဘက်သို့ ပြေးထွက်သွားလေတော့သတည်း။

## အခန်း(၃၄)
## မှားယွင်းသောသတင်း၏သားကောင်

ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်နေသည့်ဝါစဉ်ကြီးဆရာကြီး လေးယောက်တို့သည် လင်းထက်ဆွေအနီးသို့ ချဉ်းကပ်လာပြီး မကျေမနပ် ပြောဆိုကြ၏။

"ဘာဖြစ်လို့ သူ့ကို ဒီလိုလွယ်လွယ်နဲ့ သွားခွင့်ပေးလိုက်ရတာလဲ"

လင်းထက်ဆွေက ခပ်အေးအေးပင် ပြောသည်။

"သည်းခံခွင့်လွှတ်တတ်တာဟာ မြင့်မြတ်ပါတယ်ဗျာ... ဘယ်သူ့ကိုပဲဖြစ်ဖြစ် ခွင့်လွှတ်နိုင်ရင် ခွင့်လွှတ်လိုက်တာ အကောင်းဆုံးပါပဲ"

လင်းထက်ဆွေသည် ဤနေရာသည် သူ့အနေဖြင့် ဆက်နေရန် အကြောင်းမရှိတော့ဟု ယူဆလျက် အားလုံးကို ဂါရဝပြုပြီး ထွက်ခွာသွားတော့သည်။

"နေဦး... ရှင် မသွားပါနဲ့ဦး"

ဟာရှမ်းရီက လှမ်းအော်တားမြစ်လိုက်သည်။



လင်းထက်ဆွေ ခြေလှမ်းကိုတုံ့ခနဲ ရပ်ကာ ယဉ်ယဉ်ကျေးကျေးပင် ပြန်မေးသည်။

"နောက်ထပ် ဘာကိစ္စများ ရှိနေသေးလို့လဲ မိန်းကလေး"

ဟာရှမ်းရီမှာ လင်းထက်ဆွေကိုကြည့်ပြီး ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

လင်းထက်ဆွေ၏ ချောမောသောမျက်နှာကို အနီးကပ်တွေ့လိုက်ရသဖြင့် သူမ၏ရင်အစုံမှာ လှုပ်ရှားသွားရသည်။

ထို့နောက် သူမ၏ဖခင်အနီးသို့ တိုးကပ်သွားကာ လေသံတီးတိုးဖြင့်....

"ဖေဖေ... သူ့ကို ကျေးဇူးတင်စကားပြောလိုက်ဦးလေ"

ဟာနအင်က သူ၏မုတ်ဆိတ်ကျင်စွယ်များကိုပွတ်သပ်ပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဖေဖေ နားလည်ပါတယ်သမီးရယ်"

ဟာရှမ်းရီတစ်ယောက် လင်းထက်ဆွေအပေါ်တွင် စိတ်ဝင်စားနေသည်ကို အကင်းပါးသောဟာနအင် ရိပ်မိပြီးဖြစ်ပေ၏။

ဟာနအင်က လင်းထက်ဆွေအား လက်အုပ်ချီ ဂါရဝပြုရင်း လေးစားစွာ ပြောသည်။

"သူရဲကောင်းလေး... ကျုပ်က သူရဲကောင်းလေးကို စကားတစ်ခွန်းလောက် ပြောပါရစေ"

"ဂိုဏ်းချုပ်ကြီး... ကျွန်တော့်ကို ဘာများခိုင်းစရာရှိသေးလို့ပါလဲ ခင်ဗျား"

ဟာနအင်က ပြုံးပြလိုက်ပြီး သမီးဖြစ်သူကို လှမ်းကြည့်လိုက်သည်။

ထိုစဉ် စင်ရှေ့ဘယ်ဘက်ထောင့်မှ လူတစ်ယောက်၏အသံက ရုတ်တရက် ထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား... ကျုပ်တို့ဂိုဏ်းကပို့ထားတဲ့ အကြောင်းကြားစာကို မေ့နေပြီလားခင်ဗျာ"

စူးစူးရှရှ ထွက်လာသောစကားသံကြောင့် ဟာနအင်မှာ ငိုင်သွားမိသည်။

မီးခိုးရောင်ဝတ်ရုံကြီး တဖားဖားနှင့် ကွင်းလယ်သို့လျှောက်လာသော အဘိုးအိုတစ်ဦးကို တွေ့လိုက်ရသည်။

အဘိုးအို၏မုတ်ဆိတ်မွေးများက ဖြူဖွေးနေကာ ရင်ဘတ်ရှေ့တွင်တွဲလဲ ကျနေသည်။

သူ၏မျက်လုံးနှင့်နားထင်ကို ကြည့်လိုက်သည်နှင့် အတွင်းအား ကောင်းမွန်သူတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်ပေသည်။

ဟာနအင်က ထိုသူကိုတွေ့သည်နှင့် လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုသည်။

"ကျုပ်က ဘယ်သူများလဲလို့ လက်စသတ်တော့ ချိန်းစိန်ဂိုဏ်းရဲ့စည်းကမ်းထိန်းသိမ်းရေးမှူးကြီး ဖောင်းရဲ့ကိုး"

ဖောင်းရဲ့မှာ ချိန်းစိန်ဂိုဏ်း၏ ဒုတိယဂိုဏ်းချုပ် အဆင့်ရှိသူတစ်ယောက်ဖြစ်သည့်အပြင် စည်းကမ်းထိန်းသိမ်းရေးမှူးတစ်ယောက်လည်း ဖြစ်ပေသည်။

ချိန်းစိန်ဂိုဏ်းသားတစ်ဝက်ကျော်ခန့်မှာ သူ၏သိုင်းပညာသြဝါဒခံတပည့်များ ဖြစ်ကြပေသည်။

ဂိုဏ်းငါးဂိုဏ်းကို ပေါင်းစုတည်ထောင်ထားသည့်ဂိုဏ်းတစ်ဂိုဏ်းတွင် ဒုတိယအဆင့်ရှိသူတစ်ဦးဖြစ်သဖြင့် ဟာနအင်နှင့်ဖောင်းရဲ့



တို့၏ဂုဏ်အဆင့်မှာ ကွာခြားခြင်းမရှိလှပေ။

ဖောင်းရဲ့သည် ချိန်းစိန်ဂိုဏ်း၏ ဒုတိယဂိုဏ်းချုပ် ဖြစ်သည်နှင့်အညီ ဂိုဏ်းနှင့်ပတ်သက်သောကိစ္စအချို့တွင် သူ့အာဏာဖြင့် ဆုံးဖြတ်ခွင့်ရှိ၏။

သူသည် သိုင်းလောကတွင်လည်း ပန်းစကြာဓားသမားအဖြစ် နာမည်ကြီးသူတစ်ဦးဖြစ်ပေ၏။

ပန်းစကြာဓားသမားဖောင်းရဲ့က သူ့လူများရှေ့သို့ ထွက်လာပြီး လင်းထက်ဆွေနှင့် ရင်ဆိုင်လိုက်၏။

"မင်းတော်တော် သတ္တိကောင်းပါလား၊ ပါ့ချိမိန်ဂိုဏ်းနဲ့ မပတ်သက်သူတွေကို လုံးဝဝင်ခွင့်မပြုတဲ့နေရာမျိုးကိုတောင် ရောက်အောင်လာရဲတယ်"

လင်းထက်ဆွေသည် ဖောင်းရဲ့ကိုမမြင်ဖူးပေ။ ယခုမှ တွေ့သူတစ်ဦးက သူ့အား ဟိန်းဟောက်နေခြင်းအတွက်မှ အံ့သြသွားသည်။

"ဘယ်လိုများ ပြောလိုက်တာပါလိမ့်ခင်ဗျာ... ကျွန်တော့်မှာ ဘာချို့ယွင်းချက်ရှိလို့ ဒီလိုပြောရတာပါလဲ"

"မင်းမှာ ဘာချို့ယွင်းချက်ရှိလို့လဲ ဟုတ်လား၊ မင်း တော်တော် တတ်နိုင်တဲ့ကောင်ပဲ၊ ကျန့်ဖိန်တောင်ပေါ်မှာ ကောက်ကျစ်ယုတ်မာပက်စက်တဲ့ လုပ်ကြံမှုကို လုပ်ရုံနဲ့ အားမရနိုင်လို့ ဒီကိုလာပြီး နောက်ထပ်ယုတ်မာဦးမလို့ပေါ့... ဟုတ်လား"

ဟာနအင်၏မျက်နှာ၌ အံ့သြသောလက္ခဏာများ ပေါ်လာလေတော့၏။

"မင်းက ကျန့်ဖိန်တောင်ပေါ်မှာ လူစွမ်းကောင်းသိုင်းသမား

အများအပြားကိုသေအောင် ကောက်ကောက်ကျစ်ကျစ်လုပ်ခဲ့တဲ့ လင်းထက်ဆွေလား"

ဒီကိစ္စပေါ်လာပြန်ပြီဟု လင်းထက်ဆွေ တွေးလိုက်၏။

"ဟုတ်ပါတယ်... ကျွန်တော်ဟာ ကျန့်ဖိန်တောင်ပေါ်က ဆင်းလာတဲ့ လင်းထက်ဆွေပါပဲ၊ ဒါပေမယ့် လူစွမ်းကောင်းသိုင်းသမားတွေကို သတ်ဖြတ်ဖို့ ကောက်ကောက်ကျစ်ကျစ် စီစဉ်ခဲ့တာကတော့ မဟုတ်ပါဘူး၊ သိုင်းလောကသားတွေဟာ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကျွန်တော့်အပေါ် အထင်လွဲနေကြတာပါခင်ဗျာ"

လင်းထက်ဆွေက ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားပင် ပြော၏။

ဖောင်းရဲ့မျက်နှာထားက တင်းမာသွား၏။

သိုင်းသမားများဘက်သို့ မျက်နှာမူလိုက်ပြီး....

"အားလုံးကြားကြတယ် မဟုတ်လား၊ ခင်ဗျားတို့ရှေ့တင်ပဲ သူ ဝန်ခံလိုက်ပြီ၊ ကျန့်ဖိန်တောင်ပေါ်မှာ ကျခဲ့ရတဲ့သွေးတွေ မခြောက်သေးဘူး၊ ခင်ဗျားတို့ရဲ့ဂိုဏ်းအသီးသီးက ဂိုဏ်းသားတွေရဲ့ အရိုးတွေလဲ မဆွေးသေးဘူး"

ဖောင်းရဲ့၏သွေးထိုးစကားကြောင့် ဥည့်ပရိသတ်များ၏ ငြင်းခုံဝေဖန်သံများ ဆူညံသွား၏။

လင်းထက်ဆွေသည် ပျံ့ချိုမိန်ဂိုဏ်းကို ဝင်ရောက်ကူညီရာမှ သူ့အတွက်ပြဿနာတက်လာရသည့်အဖြစ်ကို ရယ်ချင်လာမိသဖြင့် တဟားဟား အော်ရယ်တော့၏။

"ဘာ ရယ်တာလဲကွ"

"ရယ်စရာကောင်းလို့ ရယ်တာပေါ့ဗျာ၊ ကြည့်စမ်းပါဦး... ခင်



ဗျားတို့တွေ ဘယ်ရောက်ရယ်စရာကောင်းသလဲ၊ ကိုယ့်ကိုယ်ကို အထက်လမ်းဂိုဏ်းသားတွေအဖြစ် ဂုဏ်ယူနေကြတယ်၊ အထက်လမ်းဂိုဏ်းသားတွေဖြစ်လျက်နဲ့ ဘာလို့သေရမှာ ကြောက်ကြရတာလဲ"

ပန်းစကြာခါးသမားဖောင်းရဲ့မှာ မျက်နှာကြောတင်းသွားသည်။

"ဟေ့ကောင်... လူကြီးလူကောင်းတွေကို မင်း စော်ကားလှချည်လား"

လင်းထက်ဆွေသည် ပြောရင်း ဒေါသထွက်လာ၏။

"ခင်ဗျားပါးစပ် ပိတ်ထားလိုက်စမ်းဗျာ... ဘာအထက်လမ်းဂိုဏ်းသားတွေလဲ၊ ခုနက လိုက်ချိုချိန်း မောက်မောက်မာမာ စိန်ခေါ်နေတုန်းက ခင်ဗျားတို့ဘယ်ရောက်နေကြသလဲ၊ ဘယ်မှာအမြီးကုပ်နေကြသလဲ၊ အားနွဲ့တဲ့မိန်းမသားတစ်ယောက်ကို စော်ကားမော်ကားလုပ်နေတာကျတော့ လက်ပိုက်ကြည့်နေနိုင်ကြတယ်၊ ဘယ်မှာလဲ ခင်ဗျားတို့ရဲ့ အထက်လမ်းဂိုဏ်းသား ဂုဏ်သိက္ခာတွေ... သတ္တိတွေ၊ အခုကျမှ ခင်ဗျားတို့က လေလုံးမိုးလုံးတွေနဲ့ ထွက်လာကြတယ်၊ သူနိုးပြေးမှ ထိုးကွင်းထရဲကြတယ်၊ ဘာလဲ... ခင်ဗျားတို့က လိုက်ချိုချိန်းကိုရင်မဆိုင်ရဲပေမယ့် ကျုပ်ကို လွယ်လွယ်ကူကူနဲ့ အနိုင်ကျင့်လို့ ရမယ်လို့များ ထင်နေသလား"

လင်းထက်ဆွေက ခါးထောက်ရင်ကော့ကာ မားမားမတ်မတ် အသင့်ရပ်နေလိုက်သည်။

စောစောက လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသော သိုင်းသမားများမှာ လင်းထက်ဆွေ၏ ခမ္ဘမိဋ္ဌာန်ကျကျ ပြောလိုက်သော စကားများ

ကြောင့် ကိုယ့်လိပ်ပြာကိုယ်ရက်သွားပြီး နောက်ဆုတ်သွားကြသည်။

သူ၏သွေးထိုးပေးမှု မအောင်မြင်သဖြင့် ဖောင်းရဲ့မျက်နှာပျက်သွား၏။ ဟာနအင်နှင့်လှည့်တိုက်ပြန်သည်။

"ဂိုဏ်းချုပ်ကြီး ဟာနအင်... ခင်ဗျားရဲ့ဂိုဏ်းသားမျောက်မင်း လုံစောင်းရှမ်းရဲ့ကိစ္စတွေ သူနဲ့မရှင်းတော့ဘူးလား"

ဖောင်းရဲ့မှာ ဖြစ်ပြီးသားကိစ္စများကို ပြန်လည်ဖော်ထုတ်ပြီး လင်းထက်ဆွေနှင့်အခြားသူများကို ရန်တိုက်ပေးနေခြင်းသာဖြစ်ပေသည်။

သူစိတ်ထဲတွင် လင်းထက်ဆွေအား သိုင်းလောက၏ ရန်သူကြီးအဖြစ် စွဲမှတ်ထား၏။

ထို့ကြောင့် အပြတ်ရှင်းလိုပေသည်။ သို့သော်လည်း သူတစ်ယောက်တည်းနှင့် လင်းထက်ဆွေကို မည်သို့မျှ အနိုင်တိုက်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့်လည်း သိုင်းသမားပရိသတ်များကို သူ့ဘက်သို့ပါအောင် စည်းရုံးသိမ်းသွင်းနေခြင်းဖြစ်ပေတော့သည်။

ဖောင်းရဲ့၏သွေးထိုးစကားကို ဟာနအင်မှာ အနုလုံပဋိလုံ စဉ်းစားနေမိသည်။

လင်းထက်ဆွေအား သိုင်းလောက၏ ရန်သူတစ်ယောက်အဖြစ်လည်း သံသယရှိသည်။

သို့သော် လင်းထက်ဆွေ၏ အပြောအဆိုအမူအရာများကို ကြည့်၍လည်း ယုတ်မာကောက်ကျစ်သော စိတ်ဓာတ်ရှိသူတစ်ယောက် မဖြစ်နိုင်ဟု သုံးသပ်မိပြန်သည်။

ချိန်းစိန်ဂိုဏ်း၏မေတ္တာရပ်ခံချက်ကို လျစ်လျူပြုလိုက်ခြင်း



အားဖြင့် သင့်မြတ်နေသော ဂိုဏ်းအချင်းချင်း မျက်နှာပျက်ရမည့် အရေးနှင့် ပါ့ချိုမိန်ဂိုဏ်း၏ ဂုဏ်သိက္ခာကို ပြန်ဆယ်ပေးခဲ့သော လင်းထက်ဆွေ၏ ကျေးဇူးတရားများကို အပြန်ပြန်အလှန်လှန် ချင့်ချိန်စဉ်းစားနေရ၏။

ထိုစဉ် ဟာရှမ်းရိက စကားဝိုင်းထဲသို့တိုးဝင်လာသည်။

သူမ၏ဟန်ပန်မှာ စောစောကလို ရက်စနိုးဖြစ်မနေတော့ပဲ ဖျတ်ဖျတ်လတ်လတ်/သွက်သွက်လက်လက် ဖြစ်နေပေသည်။

"မျောက်မင်းလုံစောင်ရှမ်းရဲ့ကိစ္စဆိုတာက ကျွန်မတို့ ပါ့ချိုမိန်ဂိုဏ်းရဲ့ကိစ္စပါ၊ ဒီကိစ္စကို ဘယ်သူမှ ဝင်စွက်ဖက်နေစရာမလိုပါဘူး။ ကျွန်မတို့သဘောနဲ့ ကျွန်မတို့ ဆုံးဖြတ်ရမယ့် အခွင့်အရေးပဲ ဖြစ်ပါတယ်၊ ပြီးတော့ ပါ့ချိုမိန်ဂိုဏ်းရဲ့ ပူဇော်ပွဲအခမ်းအနားမှာ ဘယ်သူ့ကိုမှ ရန်စိုက်ဒေါသဖြစ်ဖို့ ခွင့်မပြုနိုင်ပါဘူး"

ဟာရှမ်းရိက ပြတ်သားစွာ ပြောချလိုက်သည်။

ဖောင်းရဲ့မှာ ဟာရှမ်းရိ၏ ပြတ်ပြတ်သားသား ပြောလိုက်သည့်စကားကြောင့် မျက်နှာအကြီးအကျယ်ပျက်သွားရသည်။

သူ့အယူအဆကို အလျော့မပေးပဲ အကြောက်အကန်ပြောဆိုသည်။

"မိန်းကလေး... မင်း အယူအဆတွေ မှားနေပြီ"

ဟာရှမ်းရိကလည်း ကြက်ခေါင်းဆိတ်မခံပင် ပြန်မေးသည်။

"ကျွန်မက ဘယ်နေရာမှာမှားနေလို့လဲ"

"ပါ့ချိုမိန်ဂိုဏ်းရဲ့ သွေးကြွေးတောင်းတာ မတောင်းတာကို အပထားဦး၊ ချိန်းစိန်ဂိုဏ်းရဲ့အကြောင်းကြား မေတ္တာရပ်ခံချက်ကိုတော့ မင်းတို့လက်ခံပြီးပြီပဲ"

ဖောင်းရဲ့၏စကားက စီးပိုးလှသည်။ သိုင်းလောက၏ဦးစီးဦးဆောင်ဂိုဏ်းဟူသောဂုဏ်ပုဒ်ဖြင့် ကျန်သောသိုင်းဂိုဏ်းများအပေါ် အထက်စီးမှဆက်ဆံခြင်းသာဖြစ်သည်။

အကယ်၍ တဖြည်းဖြည်း တစစ ဤသို့ဆက်ဆံလာနိုင်လျှင် သိုင်းလောကကြီးတစ်ခုလုံး လုံးဝချုပ်ကိုင်နိုင်မည်ဖြစ်ပေသည်။

ဟာရှမ်းရှိမှာ ဖောင်းရဲ့၏စီးစီးပိုးပိုး စကားများကြောင့် မခံမရပ်နိုင်အောင်ဖြစ်ကာ မျက်နှာတပြင်လုံး နီရဲလာသည်။

သို့သော် သူမ ဖခင်ကဲ့သို့ပင် ချိန်းစိန်ဂိုဏ်းကို လျှော့မတွက်ရဲသဖြင့် ဘာဆက်ပြောရမည်မှန်းမသိပဲ ဖြစ်သွားရပြန်သည်။

ဟာနအင်သည် လုံးဝရပ်နေသည်။ ဤကိစ္စကို လုံးဝ ဝင်မပြောတော့ချေ။

ဟာရှမ်းရှိသည် သူမ၏ဖခင်အနီးသို့ တိုးကပ်သွားပြီး တီးတိုးပြောသည်။

"ဖေဖေ... ဘာဖြစ်လို့ဝင်မပြောပဲ ဒီအတိုင်း ရပ်နေရတာလဲ၊ သူက ကျွန်မတို့ကိုကူညီထားတဲ့လူပဲ၊ တစ်ခုခုတော့ ဝင်ပြောသင့်တာပေါ့ ဖေဖေရယ်"

လင်းထက်ဆွေသည် သူ့အတွက် ဟာရှမ်းရှိ သောကရောက်နေသည်ကို ရိပ်မိလိုက်သဖြင့်....

"မိန်းကလေး... ကျုပ်အတွက် ဘာမှစိတ်မပူပါနဲ့၊ ကျုပ်ဟာ ဘယ်သူ့အပေါ်မှ မတရားမလုပ်ခဲ့ဘူး၊ ဒီကိစ္စကို ကျုပ်ဘာသာ ဖြေရှင်းပါ့မယ်"

လင်းထက်ဆွေသည် ဖောင်းရဲ့ဘက်သို့ ပြန်လှည့်လိုက်၏။

"ဒီမှာဆရာကြီး... ခင်ဗျားတို့ချိန်းစိန်ဂိုဏ်းက ကျုပ်ကိုရန်သူ



ကြီးတစ်ယောက်အဖြစ် သတ်မှတ်ပြီး ရှင်းလင်းပစ်ဖို့ သိုင်းလောကတစ်ခုလုံးကို အကြောင်းကြားထားတယ်၊ ကဲ... အခု ကျုပ် ဒီမှာရှိနေပြီလေ၊ ခင်ဗျားတို့မျက်စိရှေ့မှောက်မှာ ရောက်နေပြီလေ၊ လာစမ်းပါ... လာကြစမ်းပါ၊ ခင်ဗျားတို့ချိန်းစိန်ဂိုဏ်းရဲ့သိုင်းကွက်တွေကို ကျုပ်ကြည့်စမ်းပါရစေ"

ဖောင်းရဲ့သည် ဝါစဉ်ကြီးဆရာကြီးတစ်ဦးဖြစ်၏။

လူငယ်တစ်ဦး၏ မထီမဲ့မြင် စိန်ခေါ်သံကြားလိုက်ရသောအခါတွင် ရှူးရှူးရှားရှား ဒေါသပွားရလေတော့၏။

"တော်တော် အပြောကြီးတဲ့ကောင်ပါလား"

"ရွှမ်း...."

ဖောင်းရဲ့ဒေါသတကြီး ဓားအိမ်မှဓားကို ဆွဲထုတ်လိုက်သည်။ ဓားရောင်က လက်ခနဲဖြာထွက်သွားသည်။

လင်းထက်ဆွေက ချိန်းစိန်ဂိုဏ်းသားများကို စိန်ခေါ်လိုက်သည်။

"ချိန်းစိန်ဂိုဏ်းသားတို့... ခင်ဗျားတို့ဂိုဏ်း နာမည်ပျက်သိက္ခာကျမှာစိုးရိမ်လို့ မလာကြတာလား၊ လာကြပါ၊ အားလုံးတစ်ပြိုင်နက်တည်း ဝင်တိုက်နိုင်ပါတယ်၊ ခင်ဗျားတို့နဲ့တိုက်ခိုက်လို့ ကျုပ်ရှုံးနိမ့်သွားခဲ့ရင် ဒီနေ့ ဒီအချိန်ကစပြီး သိုင်းလောကထဲကထွက်သွားမယ်၊ ဘယ်သူ့ကိုမှလဲ အတွေ့မခံပဲ ကျုပ် ဇာတ်မြှုပ်နေလိုက်မယ်၊ ဒါပေမယ့် ခင်ဗျားတို့ကို ကျုပ်တစ်ခုတော့ ပြောချင်တယ်၊ ဘယ်ကိစ္စဖြစ်ဖြစ် စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်နဲ့လုပ်ကြစမ်းပါ၊ ကျန့်ဖိန်တောင်ပေါ်က ကိစ္စတွေအတွက် တိုက်ခိုက်မယ်ဆိုရင် ဖြစ်ပျက်ခဲ့ အဖြစ်အပျက်တွေကို ဧစ်ဧစ်မြစ်မြစ် ဂဃနဏစုံစမ်းပြီးမှလုပ်တာ အသင့်လျော်ဆုံး

ပါပဲ၊ ဒီစကားပြောလို့ ခင်ဗျားတို့ကို ကျုပ် အယူခံဝင်နေတယ်လို့ မထင်လိုက်ကြပါနဲ့၊ ခင်ဗျားတို့ အမှားကြီးတစ်ခု လုပ်မိမှာစိုးလို့ ကျုပ်က သတိပေးတာပါ၊ ကဲ... လာကြစမ်းပါ၊ ကျုပ်ကို တစ်ပြိုင်နက်တည်း လာပြီး တိုက်ခိုက်လိုက်ကြစမ်းပါ"

လင်းထက်ဆွေ၏အသံက တုန်ခါနေသည်။ ဧည့်ပရိသတ် သိုင်းသမားများ၏ နှလုံးသားသို့တိုင် စူးဝင်သွားအောင် ရှိတော့သည်။

ဖောင်းရဲ့က သူ၏စေးရှည်ကိုဖွေ့ယမ်းလိုက်ပြီး သိုင်းသမားများအား သွေးထိုးပေးလိုက်ပြန်သည်။

"သူ့စကားတွေကို နားထောင်မနေကြပါနဲ့၊ သူပြောနေတာ အမှန်တရားတွေ မဟုတ်ဘူး၊ ဒီလိုကောက်ကျစ်ယုတ်မာတဲ့လူအတွက် သိုင်းလောကရဲ့စည်းကမ်းဥပဒေတွေကို လေးစားနေစရာ မလိုပါဘူး"

လင်းထက်ဆွေက ချက်ချင်းဝင်ပြောသည်။

"ကျုပ် ပြောပြီးပါပကော၊ ခင်ဗျားတို့အားလုံး တစ်ပြိုင်နက်တည်း လာနိုင်ကြပါတယ်၊ ကျုပ်မှာ လူတစ်ယောက် လက်နှစ်ဖက်တည်း ရှိပါတယ်"

"မဟုတ်ဘူး... ရှင်တစ်ယောက်တည်း မဟုတ်ဘူး၊ ရှင့်ဘက်မှာ ကျွန်မရှိတယ်"

လင်းထက်ဆွေ လှည့်ကြည့်၏။ ဟာရီရှမ်းပေတည်း။

သူမသည် ရှေ့သို့ခုန်ဝင်ကာ လင်းထက်ဆွေနှင့်ပခုံးချင်းယှဉ်လျက် ရပ်နေလိုက်တော့သည်။

သူမသည် ရိုးသားဖြောင့်မတ်ဖြူစင်သူ တစ်ဦးဖြစ်ပြီး စာနာတရားလည်း ရှိပေသည်။



ကျွန်ုပ်ဖိန်တောင်ကိစ္စတွင်လည်း လင်းထက်ဆွေ မတရားမလုပ်ဟု ယုံကြည်သည်။

ထို့ကြောင့် လင်းထက်ဆွေဘက်မှ ဝင်ရပ်ခြင်းဖြစ်တော့သည်။

ယခုကဲ့သို့ ဟာရှမ်းရီက သူ့ဘက်မှ မားမားမတ်မတ် ရပ်တည်ပေးသည်ကိုတွေ့ရလျှင် လင်းထက်ဆွေသည် နှလုံးသားထဲ၌ တုန်ယင်လှိုက်လှဲစွာ ခံစားလိုက်ရသည်။

သို့သော် သူ့ဘက်မှရပ်တည် ပေးသည့်အတွက် ဟာရှမ်းရီ တစ်စုံတစ်ရာ အန္တရာယ်ဖြစ်သွားမည်ကို လည်း စိုးရိမ်မိသည်။

"မိန်းကလေး... ဒီလူတွေဟာ သိုင်းလောကမှာသိုင်းသမားထိပ်သီးတွေ ဖြစ်နေတယ်၊ မင်း ဝင်မပါပါနဲ့လား"

လင်းထက်ဆွေ စေတနာဖြင့် တားမြစ်၏။ ဟာရှမ်းရီက နားမကြားသူအလား ငြိမ်နေသည်။

ဖောင်းရဲ့မှာ ဟာရှမ်းရီက ရန်သူအားပေးလုပ်နေသဖြင့် မခံမရပ်နိုင်ဖြစ်သွားပြီးလျှင် ဟာနအင်အား ခြိမ်းခြောက်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး ဟာနအင်... လင်းထက်ဆွေနဲ့ပတ်သက်တဲ့ အကြောင်းကြားစာကို ကျွန်တော်တို့ ချိန်းစိန်ဂိုဏ်းကတစ်ဆင့် ဖြန့်ဖြူးတယ်ဆိုပေမယ့် သိုင်းလောကတစ်ခုလုံးရဲ့ ကိုယ်စား အကျိုးမျှော်ကိုးပြီး ဆောင်ရွက်ပေးလိုက်တာပါ၊ ကျုပ်တို့ ချိန်းစိန်ဂိုဏ်းတစ်ခုတည်းရဲ့ အာဃာတနဲ့ လုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး၊ ခင်ဗျားသမီးရဲ့ လုပ်ရပ်တွေဟာ တော်တော်လေး မှားယွင်းနေပါပြီ၊ ဒီလိုလုပ်လိုက်ခြင်းအားဖြင့် ပါ့ချိမိန်ဂိုဏ်းဟာ ကျုပ်တို့ချိန်းစိန်ဂိုဏ်းကို ဆန့်ကျင်သလို သိုင်းလောကတစ်ခုလုံးကို ဆန့်ကျင်ရာလဲ ရောက်ပါ

တယ်"

ဖောင်းရဲ့၏ပရိယာယ်ကြွယ်ဝမှုကြောင့် ဟာနအင်မှာ တွေဝေငူငိုင်သွားရသည်။

သူတွင် တိကျသောဆုံးဖြတ်ချက်ကို မချနိုင်အောင်ဖြစ်နေလေသည်။

ဖောင်းရဲ့မှာ ဟာနအင်တွေဝေသွားသည်ကို တွေ့သည်နှင့် အားတက်သွားပြီး ဆက်လက်၍ ရန်တိုက်ပေးလိုက်ပြန်သည်။

"နောက်တစ်ချက်လဲ ဂိုဏ်းချုပ်ကြီး စဉ်းစားကြည့်စမ်းပါ၊ သူ့အပေါ်မှာ ခင်ဗျားတို့ဂိုဏ်းသား လုံစောင်ရှမ်းရဲ့ပြဿနာက ရှိနေပါသေးတယ်၊ လုံစောင်ရှမ်းသေသွားပြီဆိုပေမယ့် သူ့အရိုးက အအေးသေးပါဘူး၊ သေဆုံးသူတစ်ယောက်အတွက် ကျန်ရစ်သူအများမှာ တာဝန်ရှိပါတယ်၊ အထူးသဖြင့် ခင်ဗျားလိုဂိုဏ်းချုပ်ကြီးတစ်ယောက်မှာ ပိုပြီးတာဝန်ရှိပါတယ်၊ တကယ်လို့ ခင်ဗျားကသာ သူ့ကိုခွင့်လွှတ်လိုက်မယ်ဆိုရင် ခင်ဗျားရဲ့ ပုံချိုမိန်ဂိုဏ်းသားတွေက ခင်ဗျားကို ဘယ်လိုမြင်မလဲ၊ ဒီလူတွေကို ခင်ဗျား ဘယ်လိုဦးဆောင်သွားမှာလဲ၊ စဉ်းစားကြည့်စမ်းပါဗျာ"

ဖောင်းရဲ့၏စကားများက တဖြည်းဖြည်း ပုံချိုမိန်ဂိုဏ်းသားများနှင့် ဟာနအင်ကိုပင် သွေးဆွဲပေးရာ ရောက်လာသည်။

ဟာရှမ်းရီသည် ဖခင်ဖြစ်သူကို အားမလိုအားမရဖြစ်ပြီး ဖောင်းရဲ့အား ဝင်ပြောသည်။

"ဘဘ ခုနကပြောတဲ့စကားတွေဟာ သိုင်းလောကတစ်ခုလုံးရဲ့အကျိုးကို မျှော်ကိုးပြီးပြောသလို ကျွန်မတို့ပုံချိုမိန်ဂိုဏ်းအပေါ် စေတနာဗရပွနဲ့ ပြောနေပုံမျိုးလဲ သက်ရောက်ပါတယ်"



ဖောင်းရဲ့က အလျင်အမြန် ဝင်ပြောသည်။

"ဟုတ်တယ်... ဟုတ်တယ် ငါက မင်းတို့ပုံချိုမိန်ဂိုဏ်းအပေါ် စေတနာထားပြီး ပြောနေရတာ"

ဟာရှမ်းရီ ပြုံးလိုက်သည်။ ငါးစာသာမြင်ပြီး ငါးမျှားချိတ်မမြင်သည့် ဖောင်းရဲ့အား သာသာနှင့်နာနာလေး ပြန်နက်လိုက်သည်။

"ဟုတ်ပါပြီ... ဘဘက ကျွန်မတို့ပုံချိုမိန်ဂိုဏ်းအပေါ် သံယောဇဉ်ရှိ စေတနာထားတယ်ဆိုရင် ခုနက ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို ပြန်စဉ်းစားကြည့်ကြရအောင်၊ စောစောက ဒီနေရာမှာ လိုကျိချိန်းက ကျွန်မတို့ကို ရန်ရှာစော်ကားခဲ့ပါတယ်၊ ကျွန်မတို့ ပုံချိုမိန်ဂိုဏ်းရဲ့ နာမည်နဲ့ဂုဏ်သိက္ခာကို ရေစုန်မျှောပစ်ရလောက်အောင် ရိုင်းရိုင်းစိုင်းစိုင်း ပြုမူခဲ့ပါတယ်၊ ဒါတွင်မကပါဘူး... အခု ဒီကိုရောက်နေကြတဲ့ သိုင်းလောကသားတွေကိုပါ သွယ်ဝိုက်စော်ကားသလို လုပ်ဆောင်သွားခဲ့ပါတယ်၊ ဒီအချိန်မှာ ဘဘက ဘာလုပ်နေပါသလဲ၊ သိုင်းလောကရဲ့အကျိုး... ပုံချိုမိန်ဂိုဏ်းအပေါ် သံယောဇဉ်နဲ့ စေတနာထားရှိတယ်ဆိုရင် ဘဘ ဝင်ကယ်ပါတော့လား၊ အဲဒီတုန်းက ငြိမ်နေပြီး အခုမှ ပုံချိုမိန်ဂိုဏ်းအပေါ် စေတနာထားသယောင် ပြောနေတာကတော့ အပြောနဲ့ အလုပ်လွဲနေပါတယ်"

ဟာရှမ်းရီ၏ချက်ကျလက်ကျပြောဆိုချက်ကြောင့် ဖောင်းရဲ့မှာ အရိုက်ကိုအထိုးခံလိုက်ရသလို မျက်နှာကြီးနီရဲသွားတော့သည်။

သူ့စကားနှင့်သူ ပြန်ပိတ်နေပြီဖြစ်၍ ဘာမျှပြန်မပြောတတ်အောင်လည်း ဖြစ်သွားရသည်။

သို့သော် သူ၏မျက်လုံးများကမူ ကောက်ကျစ်သည့် ဉာဏ်နီ

ဉာဏ်နက်များ ထုတ်နေမှန်း သိသာလှသည်။

သူသည် ဟာနအင်အား အကူအညီတောင်းသည့်အကြည့်နှင့် စိုက်ကြည့်နေလိုက်သည်။

လင်းထက်ဆွေသည် ဟာနအင် အကျဉ်းအကျပ်ကျနေသည်ကို ကိုယ်ချင်းစာ နားလည်လိုက်၏။

ထို့ကြောင့် ဟာနအင်ရှေ့သို့လျှောက်သွားပြီး လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ... အတွဲ့ရှိရင် ချေရပါတယ်၊ ကြွေးမြီရှိရင်လဲ ကြွေးရှင်ကိုပေးဆပ်ရပါတယ်၊ ဒီအတွက် ကျွန်တော် မတုန်လှုပ်ပါဘူး၊ ဖြစ်ပျက်ခဲ့ပြီးသမျှ ကိစ္စအားလုံးအတွက် ဂိုဏ်းချုပ်ကြီး ခေါင်းအရှုပ်မခံပါနဲ့၊ ကျွန်တော့်ကြွေးကို ကျွန်တော်ဖန်တီးလိုက်ပါ့မယ်"

ပြောပြီးသည်နှင့်ရုတ်တရက် ကိုယ်ကိုလှည့်လိုက်သည်။

ထို့နောက် သိုင်းသမားအားလုံးကို စူးစူးရဲရဲ ဝေ့ကြည့်လိုက်ပြီး....

"သိုင်းလောကသားများခင်ဗျာ... ဒီနေ့ည ဖြစ်ပျက်နေတဲ့ ကိစ္စဟာ ပါ့ချိမ်ဂိုဏ်းနဲ့ လုံးဝမသက်ဆိုင်ပါဘူး၊ မကျေနပ်တဲ့သူရှိရင် ကျွန်တော်နဲ့သာ လာရောက်ရှင်းလင်းနိုင်ပါတယ်"

လင်းထက်ဆွေ၏အသံက အောင်မြင်ခန့်ညားစွာ ထွက်ပေါ်လာသည်။

သူသည်လည်း သစ်ပင်တစ်ပင်ကဲ့သို့ ခိုင်ခိုင်မတ်မတ်ကြီး တောင့်တင်းစွာ ရပ်နေလိုက်သည်။

သူ့အမူအရာ သူ့အသွင်အပြင်မှာ သူရဲကောင်းတစ်ယောက်



၏ ဂုဏ်အင်္ဂါနှင့် လိုက်လျောညီထွေ ရှိလှပေသည်။

ဖောင်းရဲ့သည် ဟာရှမ်းရီ၏စကားများကို မချေပနိုင်ပဲ အရှက်ကွဲခဲ့ရ၏။

ယခု လင်းထက်ဆွေ၏ စိန်ခေါ်စကားကို ကြားရသောအခါ ဝမ်းသာသွား၏။ သူ၏ဓားရှည်ကို အပေါ်မြှောက်ဝှေ့ယမ်းလိုက်ပြီး သိုင်းသမားများအား တပ်လှန့်လိုက်သည်။

"သိုင်းသမားတို့... သူကိုယ်တိုင်က ဒီလိုပြောလာတော့ ကျုပ်တို့အားလုံး လက်ပိုက်ကြည့်နေလို့ မဖြစ်ကြတော့ဘူး၊ ကျန့်ဖိန်တောင်ပေါ်မှာ အသက်ဆုံးရှုံးသွားကြရတဲ့ ကျုပ်တို့ရဲ့သိုင်းလောကသားညီအစ်ကိုတွေအတွက် ကလဲ့စားချေကြရမယ်"

လင်းထက်ဆွေသည် အသင့်အနေအထားဖြင့် စောင့်နေလိုက်သည်။

တစ်ဘက်မှ လူအင်အားနှင့် ဖိတိုက်လာတော့မည်မို့ လျှော့မတွက်ရဲပဲ နားမျက်စိအစွမ်းကုန်ဖွင့်ကာ သတိကြီးစွာ ထားနေရသည်။

"လာကြပါ... တိုက်ခိုက်ချင်တဲ့လူအားလုံး တက်လာကြပါ၊ ကျုပ် ကြိုဆိုပါတယ်"

ချိန်းစိန်ဂိုဏ်းသားအချို့ ထလာကြ၏။

"အားလုံး တစ်ပြိုင်တည်း တက်ကြ"

ဖောင်းရဲ့က သူ၏ဓားရှည်ကိုဝှေ့ယမ်းပြီး သိုင်းသမားများအား အချက်ပေးလိုက်လေတော့သည်။

## အခန်း(၃၅)
## ကြူလုံပေါင်းသခင်မဏ်မျက်ရည်

ဖောင်းရဲ့က သိုင်းသမားများအား ဝင်ရောက်တိုက်ခိုက်ရန် အချက်ပေးနှိုးဆော်နေစဉ်မှာပင် ကွင်းပြင်အစပ်ဆီမှ အဝါရောင်ငှက်တောင်မွေး ခေါင်းတွင်ထိုးစိုက်ထားသူနှစ်ဦး လျင်မြန်စွာ ပြေးလာပြီးလျှင် အော်ဟစ်အကြောင်းကြားလာလေ၏။

"ကြူလုံပေါင်းဂိုဏ်းချုပ်ကြီး ရောက်လာပါပြီ"

ထိုသတင်းစကားကို ကြားလိုက်ရသော ဟာနအင်သည် လွန်စွာ စိတ်လှုပ်ရှားသွားရ၏။

ကြူလုံပေါင်းဂိုဏ်းချုပ်ကြီး ကွမ်းကျန့်ဟုန်းမှာ မိုးအောက်မြေပြင်ကို လွှမ်းမိုးနိုင်သူအဖြစ် သိုင်းလောကတွင် နာမည်ထင်ရှားခြေဖာတိက္ကမ ကြီးမားသူတစ်ဦး ဖြစ်ပေသည်။

ကွမ်းကျန့်ဟုန်းရောက်လာသဖြင့် မည်သည့်နည်းနှင့်မဆို ဤကိစ္စကို အတတ်နိုင်ဆုံး ဖြေရှင်းပေးသွားနိုင်လိမ့်မည်ဟု ဟာနအင် ယုံကြည်မိသည်။

ထို့ကြောင့် လင်းထက်ဆွေအား တိုက်ခိုက်ရန် ဟန်ပြင်နေ



ကြသော သိုင်းလောကသားများအား လက်ကာ၍ တားဆီးထားလိုက်ရသည်။

"နေကြပါဦး... အားလုံးပဲ ခဏလောက် ရပ်ထားလိုက်ကြပါဦး။ ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးရောက်လာမှ ဖြေရှင်းကြတာပေါ့"

သူ၏စကားမဆုံးခင်မှာပင် ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးသည် မီးအိမ်ကိုင် လမ်းပြသူများနောက်မှ မားမားကြီးလျှောက်ကာ ကွင်းထဲသို့ ဝင်ရောက်လာတော့သည်။

သူသည် ဟာနအင်အား ခရီးရောက်မဆိုက်ပင် မေးမြန်းလိုက်သည်။

"လိုက်ချိန်... ခင်ဗျားတို့ဆီကို လာနှောင့်ယှက်သွားတယ်လို့ သတင်းစကားကြားလိုက်ရပါတယ်၊ အခု ဘယ်မှာလဲ လိုက်ချိန်"

စောစောက တိုက်ခိုက်ရန် ဟန်ပြင်နေကြသောသိုင်းသမားများသည် သူတို့၏ဓားများကို ကမန်းကတန်း သိမ်းဆည်းပြီး မိုးအောက်မြေပြင်ပြိုင်ဘက်ကင်းဟု ကျော်ကြားသော ကွမ်းကျန့်ဟုန်းအား ဂါရဝပြုနေကြလေတော့၏။

ဟာနအင်က လက်နှစ်ဖက်ဆုပ်ပြီး ဂါရဝပြုလိုက်၏။

"ကျွန်တော်တို့ကလဲ ညံ့လွန်းပါတယ်လေ... တကယ်လို့သာ ဒီနေရာမှာ ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးသာရှိနေရင် လိုက်ချိန် ဒီလိုသောင်းကျန်းရဲမှာ မဟုတ်ပါဘူး"

မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ကွမ်းကျန့်ဟုန်းက အားပါးတရ ရယ်မောလိုက်ကာ....

"ပျံ့ချိမိန် ဂိုဏ်းချုပ်ကြီးက ကိုယ့်ကိုယ်ကို နှိမ့်ချပြောလှချည်လား။ သူ့ကို ခင်ဗျားတို့မောင်းထုတ်လိုက်ပြီးပြီ မဟုတ်လား"

"သူ့ကို ကျွန်တော်တို့အနိုင်ရလိုက်တာ မဟုတ်ပါဘူး"

"ဟင်... ဒါဆိုရင် ဘယ်သူက အနိုင်ရလိုက်တာလဲ"

"သိုင်းလောကကို မကြာသေးခင်ကမှဝင်လာတဲ့ လင်းထက်ဆွေဆိုတဲ့ သူငယ်လေးတစ်ယောက်ပါ"

"ဘာ... လင်းထက်ဆွေ၊ ဟုတ်လား"

လင်းထက်ဆွေ၏အမည်ကို ကြားသည်နှင့် ကွမ်းကျန့်ဟုန်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

ဟာနအင်က အမူအရာပျက်သွားသော ကွမ်းကျန့်ဟုန်းကို ကြည့်ပြီး...

"ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးက သူ့ကိုသိလို့လား"

"အခု... သူ ဘယ်မှာလဲ"

"ကျွန်တော် ဒီမှာရပ်နေပါတယ်ခင်ဗျာ"

ကွမ်းကျန့်ဟုန်းမှာ တမုဟုတ်ချင်းပင် မျက်နှာအမူအရာ ပြောင်းလဲသွားရသည်။

သူ၏မျက်လုံးနှစ်လုံးက အရောင်တလက်လက်တောက်လာပြီး လင်းထက်ဆွေကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။

"မင်း လူလိမ်... မင်းလိမ်ပြောခဲ့လို့ ငါ ဒုက္ခတော်တော်ရောက်ခဲ့ရတယ်၊ ရန်ငြိုးရန်စတစ်ခုလဲ တိုးခဲ့ရတယ်၊ အခု မင်းကို ငါ ထပ်တွေ့နေပြန်ပြီ၊ မင်း ဘာတွေထပ်လိမ်ဦးမလဲ"

လင်းထက်ဆွေမှာ စစချင်း ဆောက်နဲ့ထွင်းဆိုသကဲ့သို့ ကွမ်းကျန့်ဟုန်းက အပြစ်တင်စွပ်စွဲလိုက်သဖြင့် အံ့အားသင့်သွားရ၏။

"ကြူလုံပေါင်း ဂိုဏ်းချုပ်ကြီးခင်ဗျား... ကျွန်တော့်ကို ဘာကြောင့် ဒီလိုစွပ်စွပ်စွဲစွဲ ပြောလိုက်ရတာပါလဲ"



"ဩော်... မင်းက အိပ်ချင်ယောင်ဆောင်နေတာပေါ့လေ၊ မင်း ငါ့ကိုလိမ်ညာပြောခဲ့လို့ ငါကလဲ သမီးဇာနဲ့ ဝိညာဉ်မဲ့ဂူကို သွားခဲ့တယ်၊ မင်းရဲ့စကားကိုယုံပြီး ဝိညာဉ်မဲ့ဂူတစ်ခုလုံးကို မဆင်မခြင် တိုက်ခိုက်ပစ်ခဲ့တယ်၊ မင်းပြောသလို ငါ့သမီးကို အဲဒီမှာမတွေ့ခဲ့ရဘူး၊ ဝိညာဉ်မဲ့ဂူရှင် ရောင်ကျိုလှောင်ကို သက်သက်မယ့် ရန်စသလို ဖြစ်သွားခဲ့ရတာပေါ့၊ သေသေချာချာ စဉ်းစားကြည့်မှ မင်းက မြားတစ်စင်းနဲ့ ငှက်နှစ်ကောင်ကိုပစ်လိုက်တာ ဖြစ်နေတာပဲ၊ မင်းက ကျန့်ဖိန်တောင်ပေါ်မှာ မင်းရဲ့ကောက်ကျစ်တဲ့လုပ်ကြံမှုတွေ ငါ သိသွားမှာစိုးရိမ်လို့ ငါ့ကိုပထုတ်လိုက်ပြီး ဝိညာဉ်မဲ့ဂူရှင်နဲ့ ရန်တိုက်ပေးခဲ့တာ မဟုတ်လား"

"ဟာ... ဂိုဏ်းချုပ်ကြီး မှားနေပြီ၊ ဒါဟာ မမှန်ကန်တဲ့စွပ်စွဲချက်ပဲ"

"ဘာမမှန်ကန်တဲ့စွပ်စွဲချက်လဲ... မင်းက ငါ့ကိုငြင်းချင်သေးလို့လား"

လင်းထက်ဆွေ ဒေါသထွက်သွားသည်။ စေတနာနှင့်ကူညီခဲ့သည်ကို ကူညီရာမရောက်ပဲ အပြစ်တင်ရှုတ်ချစွပ်စွဲနေသဖြင့် မခံမရပ်နိုင်အောင် ဖြစ်သွားရသည်။

"ကျွန်တော်ဂိုဏ်းချုပ်ကြီးကို လူကြီးတစ်ယောက်အနေနဲ့ကော ဖြောင့်မတ်မှန်ကန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်အဖြစ်ပါ လေးစားရှိသေပါတယ်၊ စိတ်ထဲမှာ ထင်တဲ့အတိုင်း ရမ်းသမ်းပြီး မစွပ်စွဲပါနဲ့"

"ဘာ စွပ်စွဲရမှာလဲ၊ ငါ့စိတ်ထင်ပြောနေတာ မဟုတ်ဘူး၊ မင်းလိမ်တာကိုပြောနေတာကွ သိရဲ့လား"

လင်းထက်ဆွေက ရဲဝံ့ပြတ်သားသည့်လေသံဖြင့် ချေပလိုက်

သည်။

"ကျွန်တော်က ခင်ဗျားကိုလိမ်ပြောတယ်ထင်နေရအောင် ခင်ဗျားသမီးကို အသေအချာ မေးပြီးပြီလား။ သူ့ကိုသွားမေးမကြည့်ရသေးဘဲနဲ့ ကျုပ်ကို မစွပ်စွဲပါနဲ့"

"ငါ့သမီး ဟုတ်လား... အေး... မင်းကိုပဲ ငါက မေးရလိမ့်မယ်၊ အခု ငါ့သမီး ဘယ်မှာလဲ၊ သူ့နိုးက လူမြန်မဟစ်သလို မင်းက ငါ့ကိုထပ်ပြီး လှည့်စားဦးမလို့ မဟုတ်လား"

"ဟား... ဟား... ဟား"

လင်းထက်ဆွေမှာ သူ့ အထင်တကြီး တလေးတစားရှိခဲ့သူက မဆင်မခြင် မစဉ်းမစားနှင့် သူ့စေတနာကို စော်ကားလာသဖြင့် ရင်ထဲတွင် နာကျည်းမိပြီး ရယ်မောလိုက်သည်။

"ခင်ဗျားသမီး ဝိညာဉ်မဲ့ပူကလွတ်မြောက်ပြီး ဝမ်လုံပန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်လေး ရောက်ကျင်းလုံနဲ့ လေ့စီးပြီး လျှောက်လည်နေလေရဲ့၊ ခုလောက်ဆိုရင်တော့ ကြူလုံပေါင်းဂိုဏ်းရဲ့ ကုလားထိုင်ပေါ်မှာထိုင်ပြီး အေးအေးသက်သာ အနားယူနေလောက်ရောပေါ့၊ ခင်ဗျားက ကျွန်တော့်ကိုလာမေးနေတယ်ဆိုတော့ သိပ်ကိုရယ်စရာကောင်းတဲ့ ကိစ္စပါပဲ"

လင်းထက်ဆွေက ဝမ်လုံပန်ဂိုဏ်းချုပ်လေး၏ နာမည်နှင့်တကွ အတိအကျ ပြောဆိုလိုက်နိုင်သဖြင့် ကွမ်းကျန့်ဟုန်းမှာ တဒင်္ဂမျှ ငိုင်သွားသည်။

နံဘေးတွင်ရပ်နေသော ဖောင်းရဲ့မှာ ကွမ်းကျန့်ဟုန်း စိတ်ပြောင်းသွားမည်ကို လွန်စွာ စိုးရိမ်နေမိသည်။ သူ့နှလုံးသားထဲတွင် လင်းထက်ဆွေအား သိုင်းသမားအားလုံးက ရန်သူအဖြစ် မြင်နေစေ



ချင်သည်။

ကွမ်းကျန့်ဟုန်းမှာ သိုင်းလောကတွင် ဩဇာအာဏာအရှိဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သဖြင့် ကွမ်းကျန့်ဟုန်းက လင်းထက်ဆွေအား ရန်သူအဖြစ်သတ်မှတ်လိုက်လျှင် သူဖြစ်ချင်သည်တို့ မလွဲမသွေ ဖြစ်သွားရမည်ဟု နားလည်ထားသည်။

ထို့ကြောင့် ရှေ့သို့တိုးဝင်လိုက်ပြီး ကွမ်းကျန့်ဟုန်း၏စိတ်ကို ဆွပေးလိုက်သည်။

"ကြူလုံပေါင်း ဂိုဏ်းချုပ်ကြီးခင်ဗျား... လူလိမ်ဆိုတာ သာမန်လူတွေထက် ခေါင်းတစ်လုံးပိုတတ်ပါတယ်၊ ဒီလိုကောက်ကျစ်ယုတ်မာတဲ့လူရဲ့စကားမျိုးကို ယုံစားဖို့ မသင့်ပါဘူး"

သူ့စကားမဆုံးခင်မှာပင် လင်းထက်ဆွေ ရိပ်ခနဲလှုပ်ရှားလိုက်သည်။

သိုင်းသမားအားလုံးမှာ ကွမ်းကျန့်ဟုန်း၏ အဆုံးအဖြတ်စကားကို စိတ်ဝင်စားနေကြသဖြင့် လင်းထက်ဆွေလှုပ်ရှားလိုက်သည်ကို သတိမထားလိုက်မိကြချေ။

လင်းထက်ဆွေမှာ လျှပ်ပြက်လိုက်သကဲ့သို့ ဖောင်းရဲ့အနားရောက်သွားပြီးလျှင် ဖောင်းရဲ့၏ဓားကိုင်လက်ကို ဖမ်းဆုပ်ထားလိုက်သည်။

ဖောင်းရဲ့ကဲ့သို့သော ဝါစဉ်ကြီးသိုင်းသမားကြီးအဖို့ ယခုကဲ့သို့ တစ်ပါးသူ၏ဖမ်းဆီးခြင်းခံရသည်မှာ ရှက်ဖွယ်လိလိ အပြုအမူပင်ဖြစ်တော့သည်။

သူ ဘာမျှမလုပ်နိုင်ခင်မှာပင် လင်းထက်ဆွေက ဓားကိုလုလိုက်ပြီး ပြောင်းခနဲ ထက်ပိုင်းချိုးပစ်လိုက်သည်။

"ခင်ဗျား တော်တော်ကောင်းကြိတဲ့လူပဲ၊ တစ်ချိန်လုံးလိုလို ကျုပ်နဲ့သိုင်းလောကသားတွေ မသင့်မြတ်ဖြစ်အောင် ဘေးက သွေးထိုးရန်တိုက်ပေးနေတယ်၊ ခင်ဗျားတို့ရှိန်းစိန်ဂိုဏ်းဟာ သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့ ဂိုဏ်းတစ်ဂိုဏ်းဖြစ်ပေမယ့် ကျုပ် ဂရုမစိုက်ဘူး"

လူအားလုံးမှာ လင်းထက်ဆွေ၏ လှုပ်ရှားမှုကြောင့် အံ့အားသင့်သွားကြရလေသည်။ ဖောင်းရဲ့မှာမူ အကြီးအကျယ် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားရတော့သည်။

ဖောင်းရဲ့သည် ရှိန်းစိန်ဂိုဏ်း၏ ဒုတိယဂိုဏ်းချုပ်တစ်ယောက်ဖြစ်သည့်အပြင် သိုင်းလောကတွင်လည်း ထင်ပေါ်ကျော်ကြားသူတစ်ယောက် ဖြစ်၏။

ထိုသူမျိုးကို မနေ့တစ်နေ့ကမှ သိုင်းလောကထဲသို့ ဝင်ရောက်လာသူ လူငယ်လေးတစ်ယောက်က လက်ထဲမှဓားကို ဆွဲယူချိုးပစ်လိုက်သည်ဆိုခြင်းမှာ အရပ်ရပ် နေပြည်တော်ကြား၍မှ မလျော်သောကိစ္စမျိုး ဖြစ်နေပေသည်။

ဖောင်းရဲ့သည် လင်းထက်ဆွေအား အစိမ်းလိုက်ဝါးစားချင်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ပြီး....

"ကောင်းတယ်... ဒီလုပ်ရပ်ဟာ မင်းနဲ့ငါ ကမ္ဘာကျေပေမယ့် ဥဒါန်းမကျေအောင် လုပ်လိုက်တာပဲ၊ နောက်မှပဲ မင်းနဲ့ငါ ထပ်ပြီး ဆုံကြသေးတာပေါ့"

ဒေါသတကြီး ကြုံးဝါးကာ နောက်သို့ပင် လှည့်မကြည့်တော့ဘဲ တစ်ဟုန်ထိုး ပြေးလွှားထွက်ခွာသွားတော့သည်။



ကွမ်းကျန့်ဟုန်းမှာလည်း ဖောင်းရဲ့ထွက်ခွာသွားမှ အိပ်ရာက လန့်နိုးလာသူတစ်ဦးကဲ့သို့ဖြစ်လာရ၏။

သူသည် ဖောင်းရဲ့ကိစ္စကို ဂရုမစိုက်ချေ။ မိမိ၏သမီး ကွမ်းရဲ စမ်းအခြေအနေကိုသာ စကားပြန် ဆက်လိုက်သည်။

"လင်းထက်ဆွေ... ခုနက မင်းပြောတဲ့စကားဟာ အမှန်အကန်တွေပဲလား"

"ကျွန်တော် ဘယ်တုန်းကမှ လိမ်မပြောတတ်ခဲ့ပါဘူး၊ ယုံတာမယုံတာကတော့ ဂိုဏ်းချုပ်ကြီးသဘောပါ"

ကွမ်းကျန့်ဟုန်း တစ်ခဏမျှ စဉ်းစားဟန်ပြုလိုက်သည်။ ထို့နောက် ဟာနအင်အား လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"ပျံရှိမ်နိဂိုဏ်းချုပ်ကြီး... ကျုပ် တစ်ခုတောင်းဆိုပါရစေ၊ လင်းထက်ဆွေကို ကျုပ် ဒီနေရာက ခေါ်သွားခွင့်ပြုပါ"

ခွင့်တောင်းပြီးသည်နှင့်ဟာနအင်၏စကားပြန်ကိုပင် မစောင့်တော့ပဲ လင်းထက်ဆွေအား တစ်ဆက်တည်း ပြောလိုက်သည်။

"ကဲ... သွားကြစို့၊ မင်းနဲ့ငါ ကြူလုံပေါင်းဌာနချုပ်ကို အတူတူသွားကြမယ်၊ ဒါမှ မင်းရဲ့စကား မှန်မမှန်သိရမယ်"

သူ့စကားမှာ ရုတ်တရက် စဉ်းစားလျှင် လျော်ကန်သင့်မြတ်လှပေသည်။

သို့သော် အသေအချာ တွေးကြည့်ပါက အထက်စီးနင်းနှင့် ပြောလိုက်ခြင်း ဖြစ်ပေသည်။

လင်းထက်ဆွေသည် ဤအချက်ကို ထွင်းဖောက်သိမြင်သည်။

သူ့အနေဖြင့် အကျဉ်းသားတစ်ယောက်ပမာ ကွမ်းကျန့်ဟုန်းနောက်သို့ မလိုက်နိုင်ပါချေ။

"ဝမ်းနည်းပါတယ် ခင်ဗျား... ကျွန်တော် မအားလပ်လို့ မလိုက်နိုင်ပါဘူး"

"အားတာ မအားတာ မသိဘူး၊ ငါ့စကားအတိုင်း လိုက်ခဲ့ရမယ်"

ကွမ်းကျန့်ဟုန်း၏စကားက အမိန့်ပေးနေသလိုဖြစ်နေသည်။

လင်းထက်ဆွေ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ပြီး...

"ကြူလုံပေါင်း ဂိုဏ်းချုပ်ကြီးခင်ဗျာ... ကျွန်တော်ဟာ ခင်ဗျားရဲ့လက်အောက်ငယ်သားတစ်ယောက် မဟုတ်ပါဘူး၊ ကိုယ့်ထမင်း ကိုယ်စားပြီး ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ပါရစေ၊ ကျွန်တော် ခင်ဗျားကိုသိုင်းလောကရဲ့ ဝါရင့်ပုဂ္ဂိုလ်တစ်ယောက် အသက်အရွယ်ကြီးရင့်တဲ့ လူတစ်ယောက်မို့ ယဉ်ကျေးမှုအရ လေးစားရိုသေပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကို အတင်းအကျပ်ချုပ်ကိုင် လွှမ်းမိုးချင်လို့မရပါဘူး၊ ကျွန်တော်ဟာ ရုပ်သေးရုပ်လို ကြိုးဆွဲတိုင်း ကတတ်တဲ့လူစားမျိုးလဲ မဟုတ်ပါဘူး"

ကွမ်းကျန့်ဟုန်းကို ဤကဲ့သို့ကြမ်းကြမ်းတမ်းတမ်း ပြောဝံ့သူ သိုင်းလောက၌မရှိပေ။



"သိုင်းလောကမှာ ငါ့ကို ဒီစကားမျိုးပြောရဲတဲ့လူတစ်ယောက်မှ မရှိဘူး၊ မင်း တော်တော်သတ္တိကောင်းပါလား"

"ဟုတ်ကဲ့... ကျွန်တော်က ခေါင်းငုံ့ခံတတ်တဲ့ လူစားမျိုးထဲမှာ မပါပါဘူး"

ကွမ်းကျန့်ဟုန်းမှာ ဒေါသကိုမချုပ်တည်းနိုင်တော့သဖြင့် လင်းထက်ဆွေကို လက်ငါးချောင်းဖြင့်ဖမ်းကုတ်လိုက်သည်။

သတိအမြဲထားနေသော လင်းထက်ဆွေက ရှောင်တိမ်းပေးလိုက်သဖြင့် မိမသွားချေ။

"ဩော်... မင်းက ဒီလိုလား"

ကွမ်းကျန့်ဟုန်းက နောက်တစ်ကြိမ် ဖမ်းကုတ်လိုက်ပြန်သည်။ လင်းထက်ဆွေက ကိုယ်ဖော့ရှောင်တိမ်းလိုက်ရပြန်၏။

"ခဏနေကြပါဦး"

ဟာရှမ်းရိက သူတို့နှစ်ဦးအကြားတွင် ဝင်ရပ်လိုက်သည်။

"ဘာဘာ ကွမ်းကျန့်ဟုန်း... သမီးတို့ ပါ့ချီမိန်ဂိုဏ်းဟာ ကြူလုံပေါင်းဂိုဏ်းလို သိုင်းလောကရဲ့ပထမနေရာမှာမရှိပေမယ့် အထက်လမ်းသိုင်းဂိုဏ်းတစ်ဂိုဏ်းဖြစ်ပြီး တခြားဂိုဏ်းတွေထက်တော့ သာနေပါသေးတယ်၊ ဘာဘလို အတွေးအခေါ် အမြော်မြင်ဉာဏ်ကြီးမားတဲ့ ကြူလုံပေါင်း ဂိုဏ်းချုပ်ကြီးတစ်ယောက်အနေနဲ့ သိုင်းလောကစည်းကမ်းဥပဒေကို လိုက်နာဖို့ သင့်ပါတယ်"

ဟာရှမ်းရိက ဝင်ရောက်ဖြစ်တင်စကား ဆိုလိုက်သဖြင့် ကွမ်းကျန့်ဟုန်းမှာ ပို၍ပင် စိတ်ဆိုးသွားရတော့သည်။

"ညည်းက ဘာဝင်ရှုပ်တာလဲ၊ ငါ ညည်းအဖေနဲ့ပြောပြီး ဆိုပြီးနေပြီ"

"ဟုတ်ပါတယ်... ဖေဖေ့ကိုပြောပြီးတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဖေဖေကမှခွင့်မပြုသေးပဲ၊ တကယ်လို့သာ ဖေဖေက ခွင့်ပြုမယ်ဆိုရင် စောစောကပဲ ကျွန်မတို့ဂိုဏ်းသားတွေကို ဖမ်းဆီးဖို့ အမိန့်ပေးခိုင်းစေပြီး ဘဘရဲ့လက်ထဲထိုးအပ်လိုက်မှာပေါ့၊ ဘဘဟာ သိုင်းလောကရဲ့ပထမနေရာမှာရှိနေတဲ့ ဂိုဏ်းချုပ်ကြီးတစ်ယောက်ဖြစ်လို့ သိုင်းလောကစည်းကမ်းကို ဖောက်ဖျက်လိမ့်မယ်လို့ မမျှော်လင့်ပါဘူး"

ကွမ်းကျန့်ဟုန်းခမျာ အရုက်ကွဲပြီးရင်း ကွဲနေရတော့သည်။

သူသည် ဟာနအင်ဘက်သို့လှည့်လိုက်ပြီး စိတ်မရှည်ဟန်ဖြင့် မေးမြန်း မိလေ၏။

"ကဲ... ပါ့ချိုမိန်ဂိုဏ်းချုပ်ကြီး၊ ခင်ဗျားရဲ့သဘောထားကို ပြောစမ်းပါဦး"

ဟာရှမ်းရိက အလုအယက် ဝင်ပြောသည်။

"ဒီကိစ္စဟာ ဖေဖေနဲ့မဆိုင်ဘူး၊ သူဟာ ကျွန်မနဲ့သက်ဆိုင်နေပါတယ်၊ ကျွန်မသဘောကတော့ လုံးဝကိုခွင့်မပြုနိုင်ပါဘူး"

"ဘာ... မင်းက ခွင့်မပြုနိုင်ဘူး၊ ဟုတ်လား"

ကွမ်းကျန့်ဟုန်းသည် ထိုစကားကိုကြားလိုက်ရသဖြင့် ကြက်သေ သေသွားသည်။

ဟာနအင်ကို လှမ်းကြည့်လိုက်ပြီး....

"ဟာနအင်... ခင်ဗျားသမီးကို ဒီလိုပဲ ကြည့်နေတော့မှာလား"

"ဒါတွေဟာ ကျွန်မရဲ့သဘောထားတစ်ခုတည်းပါ၊ ပါ့ချိုမိန်ဂိုဏ်းနဲ့ လုံးဝမသက်ဆိုင်ပါဘူး၊ ပြောစရာရှိရင် ကျွန်မနဲ့ပြောနိုင်ပါတယ်"



ဟာနအင်သည် သမီးဖြစ်သူ ဟာရှမ်းရိအား စိတ်ပျက်လက်ပျက်ကြည့်လိုက်ပြီး....

"သမီး... ဘယ်လိုပြောနေတာလဲကွယ်"

"သမီးက အမှန်တရားနဲ့ သမာသမတ်ကျတာကိုပဲ လိုချင်ပါတယ်"

"မင်းနဲ့ငါ အမှန်တရား လုပ်မနေနိုင်ဘူးဟေ့"

ကွမ်းကျန့်ဟုန်မှာ ဒေါသတကြီးအော်ဟစ်လိုက်ပြီး ဟာနအင်တို့သားအဖနှစ်ယောက်ခေါင်းပေါ်မှ ဓွန်ရဲတစ်ကောင်အလားကျော်ဖြတ်ကာ လင်းထက်ဆွေထံသို့ ခုန်အုပ်လိုက်တော့သည်။

လူရိပ်နှစ်ရိပ်က ရှုပ်ထွေးနေသည်။ ကွမ်းကျန့်ဟုန်း ခုန်အုပ်လိုက်သည်နှင့် လင်းထက်ဆွေက ရှောင်တိမ်းပေးလိုက်ပြီး ပြန်လည်တိုက်ခိုက်သည်။

တိုက်ပွဲ၏အရှိန်အဟုန်မှာ ပြင်းမားပြင်းထန်လှသဖြင့် လေထုတဟူးဟူးထကာ ဖုန်လုံး သဲလုံးများ အလိပ်လိပ် ထလာသည်။

အနီးအနားရှိ မီးတိုင်များသည်လည်း လေတိုက်ခတ်မှုကြောင့် ငြိမ်းသွားတော့သည်။

ထိုစဉ် ခပ်လှမ်းလှမ်းဆီမှ တရိပ်ရိပ် ပြေးလွှားလာရင်း အော်ဟစ်လိုက်သည့် မိန်းမသံတစ်သံကို ကြားလိုက်ရတော့သည်။

"ဘာကြောင့် တိုက်ခိုက်နေရတာလဲ"

ထိုအနီရောင်အရိပ်နှင့် အသံကို ကြားလိုက်ရလျှင် ပျံ့ရှိမိန့်ဂိုဏ်းချုပ်ကြီးဟာနအင်မှာ ဝမ်းသာသွားမိသည်။

"ဟာ... ကြူလုံပေါင်းဂိုဏ်းချုပ်ကတော်ကြီးပါလား၊ မရီးကြီး ရောက်လာတာအတော်ပဲ၊ ဒီမှာအစ်ကိုကြီး ကွမ်းကျန့်ဟုန်း ဒေါသအကြီးအကျယ် ထွက်နေတယ်"

ဟာနအင်က ဆီး၍ အကြောင်းကြားလိုက်သည်။

ကြူလုံပေါင်း ဂိုဏ်းချုပ်ကတော်မှာ အသက်လေးဆယ်ကျော်အရွယ် ရှိပြီဖြစ်သော်လည်း ကြ့ခြေရရ ခန့်ချောချောသူတစ်ဦးဖြစ်သည်။

သူမ၏တစ်ကိုယ်လုံးတွင် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာပေါ်အပြုအပြင် အခြယ်အသလုံးဝမရှိပေ။

သူမ၏ မျက်ဝန်းအိမ်မှာ ရီဝေမှုန်မှိုင်းနေပြီး စိတ်ဝေဒနာတစ်ခုခုကို ခံစားနေရကြောင်းဖော်ပြလျက် ရှိနေပေသည်။

သူမ ရောက်လာသဖြင့် ကွမ်းကျန့်ဟုန်းက တိုက်ကွက်များကို ရုပ်သိမ်းလိုက်၏။

အမျိုးသမီးကြီးက ကွမ်းကျန့်ဟုန်းရှေ့တွင် ရပ်လိုက်ပြီး မျက်မှောင်ကြုတ်ကာ....

"ဘာလို့ ဒီလိုတိုက်ခိုက်နေကြရတာလဲ"

ကွမ်းကျန့်ဟုန်းက အလျင်အမြန်ပင် ဖြေသည်။

"သမီးလေး ကွမ်းရဲစမ်းနဲ့ပတ်သက်ပြီး တိုက်နေရတာကွယ်"

အမျိုးသမီးကြီးက ဘာမှုပြန်မပြောပဲ လင်းထက်ဆွေကို ကြည့်လိုက်သည်။

လင်းထက်ဆွေ၏ နုနယ်သန့်စင်သော မျက်နှာကလေးကို



မြင်လိုက်ရလျှင် ရင်ထဲတွင်လှုပ်ရှားကာ ငေးငိုင်သွားမိသည်။

အလိုအလျောက် လင်းထက်ဆွေအနီးသို့ကပ်သွားပြီးလျှင် နူးညံ့ညင်သာသောလေသံကလေးဖြင့် မေးမိလေ၏။

"ဒီက သူငယ်လေးက ဘယ်သူများပါလိမ့်"

လင်းထက်ဆွေသည် ထိုအမျိုးသမီးကြီးကိုမြင်လိုက်ရသည်နှင့် ရင်ထဲ၌ အမျိုးအမည်မသိသောဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။

"ကျွန်တော့်နာမည် လင်းထက်ဆွေပါ"

"လင်းထက်ဆွေ ဟုတ်လား"

သူမသည် စိတ်ကိုမထိန်းချုပ်နိုင်လောက်အောင် သတိလက်လွတ်ဖြစ်သွားကာ ရှေ့သို့လှမ်းတက်ပြီး လင်းထက်ဆွေအားဖမ်းကိုင်ရန် ဟန်ပြင်လိုက်သည်။

လင်းထက်ဆွေသည် သတိလက်လွတ်မနေပဲ လူတိုင်းကိုစောင့်ကြည့်နေသူဖြစ်၍ ချက်ချင်းပင် နောက်သို့ခုန်ဆုတ်နိုင်လိုက်သည်။

"ခင်ဗျား ဘာလုပ်တာလဲ"

အမျိုးသမီးကြီး၏မျက်နှာမှာ မှိုင်းညို့သွားပြီး....

"ခဏလောက် စကားပြောချင်လို့ပါကွယ်"

"ပြောစရာရှိရင် ဒီအတိုင်းပြောလို့လဲ ရပါတယ်"

ကွမ်းကျန့်ဟုန်းမှာ သူ့အစီအစဉ်ပျက်မလိုဖြစ်သွားသဖြင့် ရှေ့သို့လှမ်းတက်လိုက်ပြီး....

"နေဦး... ငါ သူ့ကိုဆုံးမစရာရှိသေးတယ်"

ဝတ်စုံနီအမျိုးသမီးကြီးကလည်း တည်တည်ငြိမ်ငြိမ်ပင်....

"ဟင်အင်း... ကျွန်မ သူနဲ့စကားပြောစရာရှိသေးတယ်"

ကွမ်းကျနဲ့ဟုန်းကို လက်ကာတားဆီးထားပြီး လင်းထက်ဆွေအနီးသို့ တိုးကပ်သွားပြန်သည်။

"ငါ မင်းနဲ့အေးအေးဆေးဆေး စကားပြောချင်တယ်"

လင်းထက်ဆွေ သည်းမခံနိုင်တော့။

"ခင်ဗျားတို့ ဘယ်လိုဖြစ်နေကြတာလဲ၊ ပြောစရာရှိရင် အခု ပြောနိုင်ပါတယ်"

အမျိုးသမီး၏ မျက်နှာအမူအရာမှာ တမုဟုတ်ချင်း သနားစရာအသွင်သို့ ကူးပြောင်းသွားသည်။

ညင်သာပျော့ပျောင်းသော လေသံဖြင့် တောင်းပန်စကားဆိုသည်။

"ငါ တောင်းပန်ပါတယ်ကွယ်၊ မင်းနဲ့ စကားတစ်ခွန်းတည်းပဲ ပြောရရင် ကျေနပ်ပါပြီ၊ ဒါပေမယ့် ဒီစကားကို ဒီမှာပြောလို့တော့ မဖြစ်ဘူး"

ကွမ်းကျနဲ့ဟုန်းသည် သူ့ဇနီးကို မီးတဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်ပြီးလျှင် လင်းထက်ဆွေအနီးသို့ မြင်းရိုင်းတစ်ကောင်အလား ပြေးကပ်သွားသည်။

လင်းထက်ဆွေမှာ ထိတ်လန့်သွားပြီး အတွင်းအားများကို လက်နှစ်ဖက်သို့ပို့ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

သို့သော် ကွမ်းကျနဲ့ဟုန်းမှာ သူထင်သလို မတိုက်ခိုက်ချေ။

"မိုးကြိုးသွား စီမာကမ်းစင်းနဲ့ မင်း ဘာတော်သလဲ"

လင်းထက်ဆွေမှာ မမျှော်လင့်ပဲ အမေးခံလိုက်ရသဖြင့် အံ့သြသွား၏။



သို့သော် စဉ်းစားမနေတော့ပဲ ရုတ်တရက်ချက်ချင်း ပြန်ဖြေလိုက်မိသည်။

"ကျွန်တော့်ဆရာပါ"

"ဩော်... လက်စသတ်တော့ မင်းကိုး"

ကွမ်းကျနဲ့ဟုန်းက လင်းထက်ဆွေကို နာကျည်းကြေကွဲသော အကြည့်ဖြင့်ကြည့်ကာ ရေရွတ်လိုက်သည်။

ထို့နောက် မည်သို့မျှလှုပ်ရှားခြင်း၊ နှုတ်ဆိတ်ခြင်းမရှိပဲ မြေကြီးပေါ်တွင် ခြေထောက်တစ်ချက်ဆောင့်ကာ ခုန်ထွက်သွားလေတော့သည်။

"အစ်ကို... အစ်ကို နေပါဦး"

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကြီးက နောက်မှကျယ်လောင်စွာ လှမ်းခေါ်သော်လည်း ကွမ်းကျနဲ့ဟုန်းမှာ နောက်သို့ပင် လှည့်မကြည့်တော့ဘဲ တစ်ဟုန်ထိုး ပြေးလွှားသွားရာ တစ်ခဏချင်းပင် လူလုံးပျောက်ကွယ်သွားတော့သည်။

မထင်မှတ်သော ပြောင်းလဲမှုတို့ကြောင့် ကွင်းထဲရှိ လူအားလုံးမှာ မတွေးတတ်အောင် ဖြစ်သွားကြရသည်။

လင်းထက်ဆွေကား ပို၍ပင် နားမလည်နိုင်ပဲ ဖြစ်ရသည်။

"ဆရာနဲ့ကွမ်းကျနဲ့ဟုန်းမှာ ဘယ်လိုရန်ငြိုးတွေများ ရှိနေပါလိမ့်"

လင်းထက်ဆွေ စဉ်းစားနေစဉ်မှာပင် အမျိုးသမီးကြီးသည် အနီးသို့ပြန်လည်ရောက်ရှိလာသည်။

လင်းထက်ဆွေအား မျက်ရည်ရစ်ဝဲသောမျက်လုံးများဖြင့် ကြည့်လိုက်ပြီး...

"လူကလေး ငါပြောမယ့်စကားက သိပ်အရေးကြီးတဲ့ စကားဖြစ်လို့ပါကွယ်၊ လူကလေးအနေနဲ့ ဒီစကားကိုနှစ်ယောက်ချင်း နားထောင်သင့်ပါတယ်ကွယ်"

လင်းထက်ဆွေသည် အမျိုးသမီးကြီးကို သနားလာသဖြင့် ခေါင်းညိတ်လိုက်လေ၏။

"ကဲ... ကောင်းပြီ၊ ကျွန်တော်လိုက်ခဲ့မယ်... ဘယ်ကိုသွားမလဲ"

အနီရောင်ဝတ်အမျိုးသမီးကြီးသည် လွန်စွာ ဝမ်းသာသွားသည်။ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ပြီး မျက်ရည်စများကိုသိမ်းလိုက်သည်။

ထိုစဉ်မှာပင် ဟာရမ်းရိက သူတို့နှစ်ယောက်အနီးသို့ ရိပ်ခနဲ ရောက်လာပြီး စိုးရိမ်သောလေသံဖြင့် တားမြစ်လိုက်သည်။

"လိုက်မသွားနဲ့... ရှင် စဉ်းစားပါဦး"

အမျိုးသမီးကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အလောတကြီး လေသံဖြင့် မေးလိုက်သည်။

"ဟာရမ်းရိ... ကလေးမလေး၊ မင်းက ဘာသဘောနဲ့ဒီလိုတားလိုက်ရတာလဲ"

ဟာရမ်းရိက နှာခေါင်းရှုံ့လိုက်ပြီး ရန်တွေ့စကားဆိုသည်။

"ကျွန်မက ရှင့်ကို ပြန်မေးပါရစေ၊ ရှင်ကကော ဘာသဘောနဲ့ စကားပြောချင်ရတာလဲ၊ ဒီမှာပြောလဲဖြစ်တာပဲ၊ တမင်သက်သက်ခေါ်ထုတ်သွားတာဟာ မရိုးသားလို့ပေါ့ရှင့်"

ဟာရမ်းရိသည် လင်းထက်ဆွေအတွက်စိုးရိမ်ပြီး တားဆီးခြင်းဖြစ်ပေသည်။



အမျိုးသမီးကြီးမှာ ကွမ်းကျန့်ဟုန်း၏ဇနီးဖြစ်နေသဖြင့် လိုဆယ်အကောက်ကြံခြင်းဖြစ်လေမည်လားဟု သူမ သံသယဝင်နေမိ၏။

ထို့ကြောင့် မိန်းမကျွန်ဘဝသိက္ခာပင် မဆည်နိုင်တော့ဘဲ ဝင်ရောက်တားဆီးလိုက်ရခြင်းဖြစ်ပေသည်။

လင်းထက်ဆွေသည် ဟာရမ်းရိက သူ့အပေါ်ထားရှိသည့် စေတနာကို သိရှိသွား၏။ ကျေးဇူးလည်း တင်သွားသည်။

"ညီမ ဟာရမ်းရိ... အစ်ကို့အတွက် ဘာမှပူမနေပါနဲ့၊ အစ်ကိုဟာ ဒီလိုပဲ ဒုက္ခတွင်းတွေထဲက လွတ်လွတ်လာတဲ့သူပါ၊ ဘာမှ စိုးရိမ်မနေနဲ့ညီမလေး"

ဟာရမ်းရိသည် ထပ်မံ၍မပြောတော့ပဲ လင်းထက်ဆွေကိုသာ စိုးရိမ်သောမျက်လုံးများဖြင့် ကြည့်နေတော့၏။

လင်းထက်ဆွေသည် သူမကိုကြည့်ပြီး ဟင်းခနဲသက်ပြင်းချလိုက်မိသည်။

"ကဲ... သွားကြစို့"

အမျိုးသမီးကြီးကိုလှည့်ကြည့်ပြီး ရုတ်တရက် ခုန်ထွက်သွားလေတော့သည်။

အမျိုးသမီးကြီးက ဟာရမ်းရိကိုချစ်ခင်ကြင်နာစွာ ကြည့်လျက်....

"သမီးလေး ဟာရမ်းရိ၊ မင်းက သူ့အတွက် တော်တော်ကလေး စိတ်ပူတတ်တာပဲကွယ်၊ အင်း... မင်းတို့နှစ်ယောက်ရဲ့မေတ္တာတရားက တော်တော်လေး ဆန်းကြယ်သလို ကြီးမားကြပါကလား နော်"

သူမသည် ပြောပြီးသည်နှင့် ရိပ်ခနဲ ခုန်ပျံထွက်ပြေးသွားလေတော့သည်။



## အခန်း(၃၆)
## သွေးမျှော်စင်အိမ်

တောင်တန်း၏အပြင်သို့ရောက်လျှင် အမျိုးသမီးကြီးက ရှေ့မှ ဦးဆောင်သည်။

လင်းထက်ဆွေက နောက်မှထက်ကြပ်မကွာ ကပ်လိုက်သည်။

သူတို့နှစ်ယောက်၏ကိုယ်ဖော့ပညာမှာ ကောင်းမွန်လွန်းသဖြင့် ပါ့ချိမ့်မြန်ဂိုဏ်းတည်ရာဌာနနှင့် အတော်ကလေး ဝေးကွာလာသည်။

တဖြည်းဖြည်း ပြေးလွှားလာခဲ့ရာ နာရီဝက်ခန့်ကြာသော်လည်း မရပ်၊ တစ်နာရီခန့်ကြာသော်လည်း မရပ်သဖြင့် လင်းထက်ဆွေက စိတ်မရှည်စွာ မေးလိုက်၏။

"ဂိုဏ်းချုပ်ကြီးကတော်... ဘယ်အထိသွားမလို့လဲ ခင်ဗျား၊ အခု ပြောလို့ရပြီ မဟုတ်လား"

"ဟုတ်တယ်... ဒီနေရာက အကောင်းဆုံးပဲ"

အမျိုးသမီးကြီးက အရှိန်လျှော့ကာ ခြေစုံရပ်လိုက်သည်။

လင်းထက်ဆွေကလည်း အမျိုးသမီးကြီးနှင့် ငါးပေခန့်အကွာတွင်ရပ်ပြီး အခြေအနေပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ဂိုဏ်းချုပ်ကြီးကတော်က....

"မင်းရဲ့အကျီကို လက်မောင်းရင်းထိရောက်အောင် မ,တင်လိုက်စမ်းပါ"

လင်းထက်ဆွေသည် နားမလည်နိုင်သောအကြည့်ဖြင့် ပြန်ကြည့်မိ၏။

"ကျွန်တော့်ကို စကားပြောမလို့ဆို"

"မင်း ဘာမှမမေးပါနဲ့... ငါပြောသလိုသာ လုပ်လိုက်စမ်းပါ၊ မင်းကို ငါ ဘယ်လိုမှအန္တရာယ်မပေးပါဘူး၊ မင်းကိုယ်ပေါ်က အမှတ်အသားတစ်ခုကို ကြည့်ချင်လို့ပါ"

လင်းထက်ဆွေသည် ကျေနပ်ခြင်းမရှိသော်လည်း အကျီလက်စကို ပခုံးအထိ ပင့်တင်ထားလိုက်သည်။

အမျိုးသမီးကြီးက....

"မင်းရဲ့လက်မောင်းအရင်းမှာ ငွေဒင်္ဂါးတစ်ပြားလောက်ရှိတဲ့ ကြယ်ပွင့်တစ်ပွင့်လို အနီရောင်အမှတ်တစ်ခုရှိတယ် မဟုတ်လား"

လင်းထက်ဆွေသည် လွန်စွာ အံ့သြသွားသည်။

သူ၏ မွေးရာပါအမှတ်အသားကို ဂိုဏ်းချုပ်ကြီးကတော်သည် အဘယ့်ကြောင့်ကြို တင်သိနေရသနည်း။

"ဟုတ်တယ်... ရှိပါတယ်၊ ဟောဒီမှာလေ"

အမျိုးသမီးကြီး၏မျက်နှာမှာ အကြီးအကျယ် ပြောင်းလဲသွားသည်။



ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ကျေနပ်ခြင်း၊ ဆွေးမြည့်ခြင်း ဆန့်ကျင်ဘက်ခံစားချက်များ မျက်နှာပေါ်တွင် တမုဟုတ်ချင်း ထင်ဟပ်လာသည်။

သူမ၏နှုတ်ခမ်းကလေးများက တဆတ်ဆတ် တုန်ယင်လာသည်။

"သား... လူလေး... မေမေ့သားလေးရယ်"

အမျိုးသမီးကြီးက ဝမ်းသာလှိုက်လှဲစွာ မြည်တမ်းပြီး လက်နှစ်ဖက်ဆန့်တန်းကာ ပြေးလာသည်။

လင်းထက်ဆွေသည် လန့်ဖျပ်ကာ နောက်သို့ခုန်ဆုတ်မိသည်။

"သားလေး ထက်ဆွေ... မပြေးပါနဲ့သားရယ်၊ မေမေ့ရင်တွေ ကွဲလုပါပြီ သားရယ်၊ မေမေ သားကိုရှာခဲ့ရတဲ့နှစ်တွေ မနည်းတော့ပါဘူးကွယ်"

လင်းထက်ဆွေ ကြောင်ကြည့်နေမိသည်။ အမျိုးသမီးကြီး၏ ဆို့နင့်ကြေကွဲစွာ ပြောနေသည့်စကားများကို သူ လုံးဝနားမလည်နိုင်ပေ။

"ဂိုဏ်းချုပ်ကြီးကတော်... သတိထားပါ၊ ကျွန်တော်ဟာ ဂိုဏ်းချုပ်ကြီးကတော်ရဲ့သား မဟုတ်ပါဘူး"

အမျိုးသမီး၏ပါးပြင်တွင် မျက်ရည်များ တသွင်သွင် စီးကျလာသည်။

"သားရယ်... မေမေ မရူးပါဘူးကွယ်၊ သားနဲ့မေမေဟာ ဆယ့်ငါးနှစ်လုံးလုံး တကွဲတပြားစီ နေခဲ့ရတာဆိုတော့ သားက မေမေ့ကို စိမ်းနေပြီလား၊ မေမေ့ကို မေ့သွားပြီလား သားရယ်၊ မေမေဟာ

သားရဲ့မေမေအရင်းပါကွယ်"

လင်းထက်ဆွေမှာ နှလုံးသားထဲ၌ အေးခနဲ စိမ့်ခနဲ ခံစားလိုက်ရသည်။

"ဆရာ ငါ့ကိုပြောတော့ ငါ့အမေ သေသွားပြီတဲ့၊ အခု ဘယ်လိုတွေဖြစ်နေရတာလဲ၊ ဝက်ပါဝူရှင်မ ဝူယို့နန်က ငါ့ကို သူ့သားပါလို့ တဖွဖွ ဆိုခဲ့ဖူးတယ်၊ အခုလဲ ဒီမိန်းမကြီးက သူ့သားလို့ပြောနေပြန်ပြီ၊ ငါ တကယ်ပဲ သူ့သားဖြစ်နေလေရော့သလား၊ အို မဟုတ်နိုင်ပါဘူး၊ သူက ကွမ်းကျန့်ဟုန်းရဲ့ ဇနီး၊ ကြူလုံပေါင်း သခင်မ၊ ငါသာ သူ့သားဆိုရင် ကွမ်းမျိုးနွယ်စုဖြစ်နေမှာပေါ့၊ ဒါဖြင့် ဘာဖြစ်လို့ လင်းမျိုးနွယ်ဖြစ်နေရတာလဲ"

လင်းထက်ဆွေသည် သူ့အား အပြင်ခေါ်ထုတ်ပြီး ပြောခဲ့သည့်စကားမှာ အဓိပ္ပာယ်မရှိသည့်စကားဖြစ်နေသဖြင့် လွန်စွာ ဒေါသထွက်သွားသည်။

သို့သော် သူ့ဒေါသကိုထိန်းချုပ်၍ စကားပြောသည်။

"ဂိုဏ်းချုပ်ကြီးကတော်... မဟုတ်တာတွေ ပြောမနေပါနဲ့၊ ကျွန်တော့်က ခင်ဗျား သားမဟုတ်ပါဘူး... မဖြစ်နိုင်ပါဘူး"

"ဘယ်လိုပြောလိုက်တာလဲ သားရယ်၊ မေမေ့ရင်တွေ ကွဲရပါပြီကွယ် သား"

"ကျေးဇူးပြုပြီး ဒီစကားကိုရပ်လိုက်ပါ၊ ဂိုဏ်းချုပ်ကြီးကတော်ဟာ ကျွန်တော့်မျိုးရိုးကိုမေ့နေပြီ ထင်ပါတယ်၊ ကျွန်တော်က လင်းမျိုးရိုးပါ"

အမျိုးသမီးကြီး၏ မျက်ဝန်းအိမ်မှမျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျဆင်းလာလေ၏။



"မေမေ့မျိုးနွယ်ကို မမေ့ပါဘူးသားရယ်၊ မေမေ့နာမည်က ရဲ့ဖုံးလိမ်ပါ၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်လောက်က သိုင်းလောကရဲ့ အလှဆုံး အမျိုးသမီးနှစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ရဲ့ဖုံးလိမ်ကို မသိတဲ့လူ အတော်ပဲ ရှားပါတယ်"

လင်းထက်ဆွေ ပြုံးမိသည်။

"ဂိုဏ်းချုပ်ကြီးကတော်ရဲ့ နာမည် ဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ ခင်ဗျားရဲ့ အိမ်ထောင်ဘက်က အဓိကမဟုတ်လား၊ ဘယ်သူနဲ့ပဲ အိမ်ထောင်ပြုပြု အိမ်ထောင်ဘက်ရဲ့ မျိုးနွယ်နောက်ကို လိုက်ရမှာပေါ့၊ အခု ခင်ဗျားဟာ ကွမ်းမိသားစုထဲကလူတစ်ယောက် ဖြစ်နေပါတယ်၊ အဲဒါကို သတိထားဦးပေါ့"

လင်းထက်ဆွေသည် သူ့အား သူမ၏သားပါဟု ပြောဆိုလာခဲ့သည့် အမျိုးသမီးတစ်ဦးကို တွေ့ခဲ့ပြီးဖြစ်၍ ယခုဂိုဏ်းချုပ်ကြီးကတော်က သူမ၏သားပါဟု စွပ်စွဲပြောဆိုလာသောအခါတွင်မူ စိတ်ထဲ၌ သိပ်အဆန်းတကြယ်မဖြစ်တော့ပေ။

"ဒီမှာ ဂိုဏ်းချုပ်ကြီးကတော်... ခင်ဗျားမှာ သမီးတစ်ယောက်တည်းရှိလို့ သားတစ်ယောက်လိုချင်လွန်းအားကြီးပြီး သားရူးနေတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ ကျွန်တော့်မှာ တခြားကိစ္စတွေရှိနေလို့ ဒီထက် အချိန်မပေးနိုင်ပါဘူး၊ ဒါကြောင့် ကျွန်တော့်ကို ခွင့်ပြုပါဦး၊ တကယ်လို့ ဂိုဏ်းချုပ်ကြီးကတော်မှာ သားတစ်ယောက်ရှိနေရင်လဲ တခြားတစ်ယောက် ဖြစ်ပါလိမ့်မယ်"

သူသည် ပြောပြီးသည်နှင့်ကိုယ်ဖော့ကာ ပြေးလွှားထွက်ခွာသွားတော့သည်။

"သား ထက်ဆွေ၊ မေမေ့ကို ထားခဲ့ပြီလား သားလေးရယ်"

ဂိုဏ်းချုပ်ကြီးကတော် ရဲ့ဖုံးလိမ်၏ ဆို့ဆို့နစ်နစ်ကလေး မြည်ကြွေးသံသည် အသည်းနှလုံးပြုတ်ကြွေကျတော့မည်ပမာ ပေါ်လာရာတော့သည်။

လင်းထက်ဆွေသည် ရဲ့ဖုံးလိမ်၏ဆွေးဆွေးမြည့်မြည့် တကျော်ကျော်အော်ခေါ်နေသည့်အသံကိုကြားနေရသော်လည်း ဂရုမစိုက်တော့ပဲ မနားတမ်း ပြေးလွှားလာခဲ့သည်။

စိတ်လှုပ်ရှားနေသဖြင့် ကိုယ့်ကိုယ်ကိုပင် သတိမထားမိပဲ ခြေဦးတည့်ရာစွတ်ပြေးလာခဲ့ရာ တောင်ကုန်းဆယ်ခုခန့်ပင် ကျော်လွန်လာခဲ့သည်။

သူ့ကိုယ်သူ သတိထားမိသောအခါ တောအုပ်တစ်ခုအနီးသို့ ရောက်လာခဲ့ပြီကို သိရှိလိုက်ရသည်။

တောအုပ်မှာ မတ်စောက်သော တောင်စောင်းတစ်ခုအနီးတွင် ရှိနေပြီး သက်ရင့်သစ်ကြီးဝါးကြီးများ ပေါက်ရောက်နေသည်။

ထိုတောအုပ်၏အစပ်၌ ထူးခြားသောမျှော်စင်အိမ်တစ်ခုကို တွေ့လိုက်ရသည်။

ထိုမျှော်စင်အိမ်ကို အနီရောင်ဆေးသုတ်လိမ်းထားသဖြင့် အဝေးမှပင် လှမ်းမြင်နိုင်ပေသည်။

"အင်း... ထူးဆန်းတဲ့မျှော်စင်အိမ်ပဲ၊ အဲဒီမှာ ဝင်အနားယူပြီး ရှေ့ဘယ်လိုခရီးဆက်ရမလဲဆိုတာ စုံစမ်းရမယ်"

သူသည် မျှော်စင်အိမ်ရှိရာသို့ဦးတည်ပြေးလွှားတော့သည်။

မျှော်စင်အိမ်မှာ အထပ်သုံးထပ်ရှိပြီး အပေါက်များစွာ ဖောက်ထားသည်။

သက်ရင့်သစ်ပင်များက ပတ်ပတ်လည်ဝန်းရံပေါက်နေသ



ဖြင့် စည်းရိုးသဖွယ် အရံအတား ဖြစ်နေသည်။

အနီးသို့ရောက်လျှင် မျှော်စင်အိမ်မှအပ အခြားအဆောက်အအုံများ မတွေ့ရသည့်အပြင် လူသူအရိပ်အယောင်လည်း လုံးဝမတွေ့ရပေ။

လင်းထက်ဆွေ၏စိတ်ထဲတွင် ထူးဆန်းသည်ဟု တွေးနေစဉ်...

"ခေါင်..."

ခေါင်းလောင်းသံကဲ့သို့ ကြည်လင်ပီသသောအသံတစ်သံက မျှော်စင်အိမ် အပေါ်ဆုံးထပ်လောက်ဆီမှ ထွက်ပေါ်လာသည်။

လင်းထက်ဆွေ အပေါ်သို့မော့ကြည့်လိုက်မိသည်။

"မင်း ဘယ်ကလာတာလဲ"

လေသံတိုးတိုးဖြင့်မေးလိုက်သံကိုကြားလိုက်ရသဖြင့် လင်းထက်ဆွေ ကြက်သီးမွေးညင်းထသွားရသည်။ ကိုယ်ကိုလှည့်ရန် ဟန်ပြင်လိုက်မိသည်။

"မလှုပ်နဲ့"

အမိန့်ပေးသံကိုကြားလိုက်ရပြန်သည်။ လင်းထက်ဆွေ အကြီးအကျယ် တုန်လှုပ်သွားရတော့သည်။

မည်သည့်အချိန်ကရောက်ရှိ နေမှန်းမသိသော လူဆယ့်နှစ်ယောက်က သူ၏နောက်တွင်ရပ်ကာ ဝန်းရံထားကြသည်။

ထိုသူများ၏ရုပ်ရည်များမှာ ဘီလူး၊ သရဲကဲ့သို့ကြမ်းတမ်းအရုပ်ဆိုးလှ၏။

ဆံပင်များက ပခုံးထိအောင်ရှည်လျားပြီး မျက်နှာကိုသဲကွဲစွာ မမြင်ရအောင်ဖုံးလွှမ်းထားသည်။

ထိုစဉ် လေပြင်းတစ်ချက် ဝှေ့ယမ်းသွားသဖြင့် သူတို့၏ဆံပင်များ ဖွာရရာ ကြဲသွားသည်။

နာတာရှည် ရောဂါဝေဒနာသည်များကဲ့သို့ ဝါထိန်သော အသားအရေများကိုလည်း တွေ့လိုက်ရသည်။

သူတို့၏ မျက်လုံးများမှာမူ လှုပ်ရှားမှုကင်းမဲ့ပြီး တစ်ပါးသူကို ညှို့ယူနိုင်လောက်အောင် အားကောင်းစူးရှလွန်းနေသည်။

ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသော မီးခိုးရောင် အင်္ကျီကြီးများမှာ မြေကြီးတွင် တရွတ်ဆွဲနေပြီး အင်္ကျီလက်စမှာလည်း ရှည်လျားလွန်းသဖြင့် လက်ဖျားကိုပါ ဖုံးနေသည်။

လူသူအသွားအလာကင်းပြတ်သော တောခေါင်ခေါင်ထဲ၌ ဤကဲ့သို့ ဘီလူးသရဲဆန်ဆန် လူများကိုတွေ့လိုက်ရသဖြင့် လင်းထက်ဆွေမှာ ထိတ်ခနဲ ဖြစ်သွားသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

လင်းထက်ဆွေက ခပ်မာမာပင် အော်ဟစ်မေးလိုက်သည်။

ထိုဆယ့်နှစ်ယောက်ထဲမှ အကြီးအကဲဖြစ်ဟန်တူသူက....

"မင်း မျက်လုံးကန်းနေသလား"

"ခင်ဗျားတို့ကလဲ ကောင်းကောင်းပြောပါ၊ ခင်ဗျားတို့ ဘယ်သူတွေလဲ"

ထိုသူက လင်းထက်ဆွေနောက်သို့ လက်ညှိုးထိုးလျက် အသံလေးလေးဖြင့် ပြောလိုက်သည်။

လင်းထက်ဆွေက ထိုသူလက်ညှိုးညွှန်ပြရာဆီသို့ ကြည့်လိုက်မိ၏။

သစ်ပင်ကြီးနှစ်ပင်အကြားရှိ သစ်သားပြားတစ်ချပ်ပေါ်တွင်



အနီရောင်ဆေးဖြင့် ရေးထိုးထားသောစာတန်းတစ်တန်းကို ဖတ်လိုက်ရတော့သည်။

"သွေး မျှော်စင်အိမ်... ဝင်သူတိုင်း သေရမည်"

စာလုံးများမှာ သွေးများ စီးကျနေသည့်အတိုင်း ရေးဆွဲထားသည်။

လင်းထက်ဆွေက တည်ငြိမ်စွာပင် ပြန်ပြောသည်။

"ကျွန်တော် လမ်းပျောက်လာတဲ့ ခရီးသွားတစ်ယောက်ပါခင်ဗျာ၊ အဝေးကနေ ဒီမျှော်စင်အိမ်ကို လှမ်းမြင်ရလို့ လမ်းစရလိုရငြားလာခဲ့တာပါ၊ သတိမထားမိလို့ ဒီဆိုင်းဘုတ်ကိုလဲ မမြင်မိပါဘူးခင်ဗျာ"

စောစောက ခေါင်းဆောင်ဖြစ်ဟန်တူသူက လင်းထက်ဆွေကိုစူးစိုက်ကြည့်လိုက်ပြီး....

"သွေးမျှော်စင်အိမ်ကိုတွေ့လို့ ဒူးမထောက်တဲ့လူဟာ သေလမ်းကိုရွေးတာပဲ"

လင်းထက်ဆွေမှာ ယခုမှပင် ဤမျှော်စင်အိမ်မှာ ဂိုဏ်းဂဏအဖွဲ့အစည်းတစ်ခု၏ ဌာနချုပ်တစ်ခုဖြစ်ကြောင်း သိရှိသဘောပေါက်သွားရသည်။

သိုင်းလောကစည်းကမ်းအရ ဌာနချုပ်တည်ရာနယ်မြေအတွင်းသို့ ပြင်ပလူများ လုံးဝဝင်ခွင့်မပြုပေ။

ဝင်ရောက်လာလျှင်လည်း ထိုဂိုဏ်းအဖွဲ့အစည်း၏ စည်းကမ်းပညတ်ချက်အတိုင်း ဆောင်ရွက်ခြင်းခံရမည်ဖြစ်ပေသည်။

သို့သော် ယခုကဲ့သို့ အသက်ပေးရလောက်အောင်တော့ ပြစ်ဒဏ်မခတ်တတ်ကြချေ။

သူတို့၏ ကန့်သတ်နယ်မြေအတွင်းသို့ နယ်ကျူးဝင်ရောက်ခဲ့မိ

သည့်အတွက် မိမိတွင်သာ အပြစ်ရှိသည်ဟု လင်းထက်ဆွေသဘော ပေါက်သည်။ ထို့ကြောင့် စိတ်ဆိုးခြင်း လုံးဝမဖြစ်မိပေ။

"ကျွန်တော်မသိလို့ ဝင်လာခဲ့မိတာပါခင်ဗျာ၊ ဒီတစ်ခါတော့ ကျွန်တော့်ကိုခွင့်လွှတ်ပါ... ကျွန်တော် သွားပါရစေ"

လင်းထက်ဆွေ၏တောင်းပန်စကားကို ထိုလူဆယ့်နှစ်ယောက်တို့က လုံးဝဂရုမစိုက်မိကြပေ။

ခေါင်းဆောင်လုပ်သူက....

"မင်း သွားတော့မယ်... ဟုတ်လား"

"ဟုတ်ကဲ့... ကျွန်တော် အခုချက်ချင်းပင် သွားပါတော့မယ်"

"သွားလို့တော့ ရပါတယ်ကွာ၊ ဒါပေမယ့် ဒီမျှော်စင်အိမ်ထဲကို ရောက်တဲ့လူမှန်သမျှ အသက်ရှင်လျက် ထွက်သွားခွင့်တော့မရဘူး"

"ဗျာ...."

လင်းထက်ဆွေ စိတ်မချမ်းမသာ ဖြစ်သွား၏။ သူ ရန်မဖြစ်ချင်ပေ။

"ခင်ဗျားတို့က ဘယ်လိုတောင်းပန်စေချင်သလဲဗျာ"

ခေါင်းဆောင်ဖြစ်သူက သူ့ဆံပင်ကိုခါယမ်းလိုက်သည်၊ သူ၏သရဲကဲ့သို့သောမျက်နှာက ထင်းခနဲ ပေါ်လာသည်။

"မင်းရဲ့သွေးနဲ့မျှော်စင်အိမ်ကို ဆေးကြောပူဇော်ရမယ်"

လင်းထက်ဆွေမှာ ထောင်းခနဲ ဒေါသထွက်သွားရသည်၊

ကြောက်စိတ်လုံးဝမရှိပဲ ပကတိအေးဆေးစွာ မေးလိုက်ပြန်သည်။

"ဒီနည်းအပြင် တခြားနည်းလမ်း မရှိတော့ဘူးလား"

"ဒီပြင်နည်းလမ်းတွေက မင်းနဲ့မထိုက်တန်ဘူး"



"မထိုက်တန်ဘူး ဟုတ်လား... ဘာကြောင့်မထိုက်တန်ရတာလဲ"

ခေါင်းဆောင်ဖြစ်သူက တုံ့ဆိုင်းခြင်းမရှိပဲ ခပ်သွက်သွက်ပြန်ဖြေသည်။

"မင်းသာ တကယ်လို့ ဂိုဏ်းတစ်ခုခုက ဂိုဏ်းခေါင်းဆောင်ဖြစ်ဖြစ်၊ ဂိုဏ်းချုပ်ပဲဖြစ်ဖြစ် ဖြစ်နေမယ်ဆိုရင်တော့ သေလမ်းကို ရွေးနေစရာ မလိုတော့ဘူးပေ့ါ၊ အဲဒီလိုလူမျိုးအတွက် ဒီအကျဉ်းထောင်ထဲမှာ တစ်သက်လုံး ချုပ်ထားလိုက်ရုံပဲ၊ မင်းက ဂိုဏ်းခေါင်းဆောင် မဟုတ်တဲ့အပြင် အသက်လဲငယ်သေးတော့ တို့ မင်းကိုတစ်သက်လုံး စိတ်လှောင်ချုပ်မထားချင်ဘူး၊ သေလမ်းကိုပဲ ရွေးပေးမယ်၊ ဒါက မင်းကို သက်ညှာတဲ့သဘောပါ"

လင်းထက်ဆွေက စကားနည်းရန်စဲ တောင်းပန်လိုက်၏။

"ကျွန်တော် ဒီကိုလာချင်လို့ တမင်သက်သက် လာခဲ့တာမဟုတ်ပါဘူး၊ နောက်ပြီး ကျွန်တော့်ကြောင့် ခင်ဗျား သွေးမျှော်စင်အိမ်မှာ ဘာမှနစ်နာတာမရှိခဲ့ပါဘူး၊ ဒီတော့ ကျွန်တော်သွားပါရစေ၊ နောက်နောင် ဒီနေရာကို ဘယ်တော့မှ ကျွန်တော် မလာတော့ပါဘူး"

ပြောပြီးသည်နှင့် လူဆယ့်နှစ်ယောက်၏ စက်ဝိုင်းအတွင်းမှ ခုန်ထွက်လိုက်သည်။

"ရှိ...."

ထိုစဉ် ခရာသံတစ်ချက်ပေါ်ထွက်လာပြီး ထိုလူသရဲဆယ့်နှစ်

ယောက်မှာ တစ်ပြိုင်နက်တည်း လှုပ်ရှားကာ သူတို့၏ အရိုးစုကဲ့သို့သော လက်ချောင်းနှစ်ဆယ့်လေးချောင်းဖြင့် ရိုက်ချလိုက်ကြသည်။

သူတို့၏လှုပ်ရှားမှုမှာ မည်သည့်အသံမျှ ထွက်ပေါ်လာခြင်းမရှိပေ။

လင်းထက်ဆွေသည် ထိတ်လန့်သွားသည်။ အသေအလဲရှောင်လိုက်ရသည်။

ထိုလူများ၏အတွင်းအားမှာ ကြောက်မက်ဖွယ်ရာကောင်းလှကြောင်းကို သိရှိလိုက်ရသဖြင့် လုံးဝမပေါ့ဆရဲတော့ပေ။

သူမြေကြီးပေါ်သို့ ခြေချမိသည်နှင့် ထိုလူဆယ့်နှစ်ယောက်တို့သည်လည်း ထက်ကြပ်မကွာ ရောက်လာကြလေ၏။

ခေါင်းဆောင်လုပ်သူက စူးစိုက်ကြည့်လိုက်ပြီး....

"ဘယ်လိုလဲ... ငါတို့ကိုယ်တိုင်သတ်ဖို့ လိုသေးသလား"

လင်းထက်ဆွေက လက်ဝါးနှစ်ဖက်ကို ရင်ဘတ်ရှေ့တွင်ကာလျက် ခုခံရန် အသင့်ပြင်ထားလိုက်သည်။

"ကျွန်တော် အသတ်မခံနိုင်ဘူး၊ ဒီနေရာကို မတော်တဆဝင်ခဲ့မိတာ"

"မတော်တဆပဲ ဝင်လာလာ... တမင်တကာပဲ ဝင်လာလာ မင်းရဲ့ရင်ကိုခွဲပြီး သွေးကိုယူရမယ်၊ မင်းရဲ့နှလုံးသွေးနဲ့ မျှော်စင်အိမ်ကို ဆေးရမယ်"

ထိုသူများက တစက်ကလေးမှအလျှော့မပေးပဲ လက်ဝါးရိုက်ချက်ကို ပြိုင်တူထုတ်လိုက်ပြန်သည်။

ယခုတစ်ခါ ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက်မှာ စောစောက ရိုက်ချက်ထက် ပို၍ အားပါပြင်းထန်လှသည်။



"ဝုန်း...."

လက်ဝါးချင်းဆိုင်မိလိုက်ကြသည်နှင့် ကျယ်လောင်သော အသံကြီးမြည်ဟည်းသွားပြီး လင်းထက်ဆွေ၏ လက်မောင်းနှစ်ဖက်စလုံးမှာလည်း ထုံကျဉ်သွား၏။

အတွင်းအားကျင့်စဉ်ဖြင့် သွေးလှည့်ပတ်မှုကို အလျင်အမြန်လုပ်ကာ ထုံကျဉ်မှုကိုဖြေဖျောက်လိုက်ရသည်။

သူတို့၏ရိုက်ချက်များကို လက်ဝါးဖြင့် ရင်ဆိုင်ခုခံရန် မသင့်ကြောင်းလည်း သိရှိသွားတော့သည်။

ထို့ကြောင့် အတွင်းအားကို လက်ဝါးမှတစ်ဆင့် လက်မောင်းများဆီသို့ ကူးပြောင်းပို့လွှတ်ထားလိုက်ကာ ဘယ်ညာနှစ်ဘက်စလုံး တစ်ပြိုင်နက်တည်း တိုက်ခိုက်တော့၏။

လင်းထက်ဆွေသည် ထိုသူတို့၏တိုက်ကွက်ကို သဘောပေါက်လာ၏။

ထိုသူများသည် ပူးပေါင်းတိုက်ကွက်ကို စနစ်တကျ လေ့ကျင့်ထားသူများ ဖြစ်ပေသည်။

ဤသို့သောတိုက်ကွက်များတွင် ဦးဆောင်တိုက်ခိုက်သူမှာ အရေးပါဖြစ်သည်ကို သူ နားလည်မိသည်။

ထို့ကြောင့် အရင်းလဲလျှင် အဖျားထင်းဖြစ်သည့်ထုံး နှလုံးမူကာ ခေါင်းဆောင်ဖြစ်သူကိုသာ သဲသဲမဲမဲ တိုက်ခိုက်တော့သည်။

လင်းထက်ဆွေ၏အတွေးအခေါ် မှန်ကန်သွား၏။ ထိုလူသရဲဆယ့်နှစ်ယောက်၏တိုက်ကွက်မှာ တစ်စတစ်စ အစည်းပြေကာဖရိုဖရဲ ဖြစ်လာ၏။

တိုက်ရှိန်များ လျော့လာသည့်အပြင် ခေါင်းဆောင်လုပ်သူကို

လည်း နောက်သို့ခုနစ်ပေခန့်မျှ ဆုတ်သွားစေ၏။

ခေါင်းဆောင်ဖြစ်သူ ကိုယ်တိုင် နောက်ဆုတ်သွားရသဖြင့် ကျန်လူဆယ့်တစ်ယောက်တို့သည်လည်း ကိုယ်ရှိန်သတ်ကာ ခေါင်းဆောင်နောက်တွင် ရပ်လိုက်ကြသည်။

"ကဲ... ကျွန်တော် သွားပြီဗျို့"

လင်းထက်ဆွေသည် ထိုသူများနောက်သို့ ဆုတ်ခွာသွားသည်နှင့်တစ်ဟုန်ထိုး ပြေးလွှားထွက်ခွာသွားလေတော့သည်။



## အခန်း(၃၇)
## ကံဆိုးသူအကျဉ်းသား

လင်းထက်ဆွေ ဤကဲ့သို့ပြေးလွှားသွားသည်နှင့် တစ်ပြိုင်နက် မျှော်စင်အိမ်အပေါ်ထပ်ဆီမှ ခေါင်းလောင်းသံတစ်ချက် ထွက်ပေါ်လာပြန်သည်။

"ဒေါင်...."

လင်းထက်ဆွေသည် ခေါင်းလောင်းသံကြားလိုက်ရလျှင် တုန့်ခနဲ ရပ်လိုက်မိသည်။

ထိုခေါင်းလောင်းသံမှာ သွေးမျှော်စင်ဂိုဏ်း၏ အချက်ပေးခေါင်းလောင်းသံဖြစ်သလို သူ့အတွက် သေမင်းခေါ်သံ ဖြစ်ပေသည်။ ထိုအချက်ကို လင်းထက်ဆွေ မသိပေ။

"ဟီး... ဟီး... ဟီး"

လင်းထက်ဆွေ ရပ်လိုက်စဉ်မှာပင် အေးစက်စက် ရယ်မောသံနှင့်အတူ မည်သည့်အရပ်မှ ထွက်ပေါ်လာမှန်းမသိသော လူလေးယောက်သည် သူ့ရှေ့ငါးပေခန့်အကွာတွင် ဗိတ်ဆီးရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုသူလေးယောက်မှာလည်း စောစောက လူဆယ့်နှစ်ဦးကဲ့သို့ပင် တစ်ပုံစံတည်းဖြစ်နေ၏။

သူတို့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသောဝတ်စုံက အဖြူရောင်ဖြစ်နေခြင်းသာ ကွာခြားခြင်းရှိပေသည်။

သို့သော် ယခုရောက်လာကြပြန်သော လူလေးယောက်မှာ စောစောက လူများထက် ပို၍ ရက်စက်ကြမ်းကြုတ်ပြီး အတွင်းအားပိုကောင်းသည်။

ထိုလေးယောက်ထဲမှ တစ်ယောက်က လင်းထက်ဆွေကို အကဲခတ်ကြည့်ပြီး....

"ခေါင်းလောင်းသံ နောက်တစ်ကြိမ် ကြားလိုက်ရလို့ ငါက ခေါင်းသုံးလုံး လက်ခြောက်ဖက် လူစွမ်းကောင်းမှတ်တယ်၊ လက်စသတ်တော့ နို့နံ့တောင် မစင်သေးတဲ့ချာတိတ်လေး ဖြစ်နေတာကိုး"

အရပ်အပုဆုံးလူက သရော်ပြုး ပြုး၍ ဝင်ပြောလိုက်ပြန်သည်။

"ဧကန္တ သိုင်းပညာတော်တော်ကလေး ကျွမ်းကျင်တယ်ထင်ပါရဲ့၊ ဒါမှမဟုတ်လဲ ဟိုဆယ့်နှစ်ယောက် အသုံးမကျလို့ပဲပေါ့"

လင်းထက်ဆွေသည် အာရုံမပျံ့လွင့်အောင် သတိချုပ်ထားရသည်။

ဒုတိယအဆင့် ရောက်ရှိလာသူများဖြစ်သည့်အတွက် တိုက်ခိုက်ရန် လွယ်ကူမည်မဟုတ်သည်ကိုလည်း တွေးမိသည်။

ထို့ကြောင့် ထပ်မံတောင်းပန်ပြန်သည်။

"ကျွန်တော် လမ်းမှားပြီး ဝင်လာခဲ့တာပါ၊ ကျွန်တော့်ကို ထွက်သွားခွင့်ပြုပါ"



ထိုသူလေးယောက်မှာ နားမကြားသည့်အလား ဘာမျှပြန်မပြောပဲ အတွင်းအားများ စုစည်းနေကြသည်။

သူတို့၏ လက်ချောင်းများဆီသို့ အားသွင်းလိုက်သည်မှာ အရိုးအဆစ်များ၏ တဖျစ်ဖျစ်မြည်သံပင် ထွက်ပေါ်လာပေသည်။

ထို့နောက် ပါးစပ်မှ မကောင်းဆိုးရွားများအသံကဲ့သို့ ရူးရူးရားရား အော်ဟစ်လျက် လင်းထက်ဆွေအား တစ်ပြိုင်နက် ဖမ်းကုတ်ကြတော့သည်။

ဆိုးရွားသောအခြေအနေကြောင့် လင်းထက်ဆွေသည် အတွင်းအားကို အားလုံးထုတ်သုံးလိုက်ရ၏။

"ဖြောင်း...."

ပထမတစ်ကွက်တွင် အရှုံးအနိုင်မရှိပဲ လက်ရည်တူယှဉ်ပြိုင်လိုက်နိုင်သဖြင့် ထိုသူလေးဦးမှာ မာန်ဖီလာကြ၏။

လင်းထက်ဆွေသည် လေးဘက်လေးတန်မှ ပိတ်ဆို့တိုက်ခိုက်ခံရမည် စိုးရိမ်သဖြင့် နောက်သို့ခုန်ဆုတ်လိုက်၏။

"ခင်ဗျားတို့ အများနဲ့တစ်ယောက်ဝိုင်းတိုက်ကြပြီး အနိုင်ယူမလို့လား"

လင်းထက်ဆွေ အော်ဟစ်လိုက်သဖြင့် ထိုသူများသည် ဝိုင်းဝန်းပိတ်ဆို့ခြင်းမပြုတော့ပဲ ပခုံးချင်းယှဉ်ရပ်လိုက်ကြသည်။

ထို့နောက် လင်းထက်ဆွေအနားသို့ တစ်လှမ်းချင်း တိုးကပ်လာကြတော့သည်။

လင်းထက်ဆွေသည် ထိုသူများ၏အတွင်းအား ကောင်းမွန်သည်ကို လက်တွေ့သိပြီးဖြစ်၍ မိမိတစ်ယောက်တည်း ရေရှည်ရင်ဆိုင်တိုက်ခိုက်ရလျှင် အရေးနိမ့်မည်ဟု ရိပ်မိသည်။

ထို့ကြောင့် သူတို့က ခြေတစ်လှမ်းတိုးတိုင်း သူက နောက်သို့ ခြေတစ်လှမ်းဆုတ်သည်။

"ဟီး... ဟီး... ဟီး"

ထိုသူများမှာ တိုက်ခိုက်ခြင်းမပြုပဲ တစ်လှမ်းချင်းသာ တိုးနေကြသည်။

ထိုသူများ တဟီးဟီးရယ်လျက် အူမြူးနေသည်ကိုကြည့်ပြီး လင်းထက်ဆွေ သံသယဝင်လာသည်။ ရုတ်တရက် နောက်သို့ လှည့်ကြည့်လိုက်မိသည်။

"ဟာ..."

သူနှင့် ခုနစ်ပေခန့်အကွာတွင် ချောက်ကမ်းပါးကြီးက ဆီးခံထားလေပြီတည်း။

နောက်သို့လှည့်မကြည့်ပဲ တဆုတ်တည်း ဆုတ်လာခဲ့မိသော နမော်နမဲ့နိုင်မှုကို နောင်တအကြီးအကျယ် ရသွားတော့သည်။

ချောက်ကမ်းပါးမှာ မည်မျှနက်ရှိုင်းသည်ကို မခန့်မှန်းနိုင်သော်လည်း အောက်ခြေဆီမှ ပင့်တိုက်လာသောလေတိုးသံ တဟူးဟူးကိုမူ အသည်းအေးစဖွယ် ကြားနေရလေသည်။

ယခုမှပင် ထိုသူလေးယောက် အူမြူးနေသည့်အဖြစ်ကို သိရှိသွားရတော့သည်။

"ချာတိတ်လေး... တံခါးဖွင့်ထားတဲ့နိဗ္ဗာန်ကိုတော့ မင်းက မသွားချင်ဘူး၊ လမ်းမရှိတဲ့ငရဲပြည်ကိုမှ လမ်းထွင်သွားချင်တယ်၊ ဟား... ဟား... ဟား... ဒါ မင်းကိုယ်တိုင် ရွေးချယ်လိုက်တဲ့လမ်းပဲ"

လင်းထက်ဆွေမှာ မခံချိမခံသာဖြစ်သွားရသည်။ ရှေ့တွင်လည်း တိုက်ခိုက်ရန် မလွယ်ကူသည့်ရန်သူလေးယောက်ကရှိနေပြီး



နောက်တွင်လည်း ချောက်ကြီးက ကာဆီးနေသည်။

ဆူးကြားမှ ဗူးခါးသဖွယ် အကျဉ်းအကျပ် ကျနေတော့သည်။

လင်းထက်ဆွေသည် ပြန်လှန်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ဒါတွေ ဂရုစိုက်နေစရာမလိုပါဘူးဗျာ၊ လူဆိုတာ သေရမှာပဲ၊ သေမှာကိုကြောက်တဲ့လူသာ နှစ်ခါသေရမှာ... ကျုပ်က သေမှာကိုကြောက်တဲ့ကောင် မဟုတ်ဘူး"

သူ၏လက်နှစ်ဖက်ကို အသင့်မြှောက်ထားသည်။

"သေရမှာမကြောက်ပေမယ့် သေမှာကတော့ ကျိန်းသေပဲ၊ မင်း ဘယ်လောက်ပဲ မာရေကျောရေရှိရှိ သေခြင်းတရားက မင်းကျောပေါ်ကို ရောက်နေပြီ"

လူသရဲလေးကောင်သည် လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ထိုလူလေးယောက်မှာ သိုင်းပညာအတွတ်အထိပ်သို့ ရောက်ရှိနေသူများဖြစ်သဖြင့် တိုက်ကွက်များက ကြောက်စရာကောင်းအောင် ပြင်းထန်လှသည်။

လက်ဝါးရိုက်ချက်များမှာလည်း လျှင်မြန်တိကျကာ လင်းထက်ဆွေ၏သေကွင်းသေကွက်များဆီသို့သာ ဦးတည်နေသည်။

လင်းထက်ဆွေသည်လည်း သိုင်းပညာခေသူတစ်ယောက်မဟုတ်သဖြင့် သတိမလစ်စေပဲ မီးကုန်ယမ်းကုန် ခုခံတိုက်ခိုက်နေရသည်။

တိုက်ကွက်ငါးဆယ်ကျော်လာသောအခါ လင်းထက်ဆွေမှာ

လက်ပန်းကျလာတော့သည်။

သရဲလေးကောင်သည် လင်းထက်ဆွေ၏ အခြေအနေကို ရိပ်မိလာသဖြင့် အရှိန်မြင့်ကာ ပိုမိုပြင်းထန်စွာ တိုက်ခိုက်လာကြသည်။

လင်းထက်ဆွေသည် လူ့သရဲလေးကောင်ကို အရှုံးပေးရတော့မည်ကဲ့သို့ ဖြစ်လာသောအခါ ရုတ်တရက် ကျောက်စိမ်းစကေရာစ်သိုင်းကွက်များကို သတိရလာလေ၏။

ထို့ကြောင့် တုံ့ဆိုင်းမနေတော့ပဲ ရှိစုမဲ့စုအတွင်းအားများကို လက်ဝါးသို့စုပုံကာ သိုင်းကျမ်း၏ ပထမသိုင်းကွက်ကို ထုတ်သုံးတော့သည်။

"ဝုန်း...."

"အား...."

လေးယောက်တည်းမှ ကံဆိုးသူတစ်ယောက်မှာ လင်းထက်ဆွေ၏ လက်ဝါးရိုက်ချက်မိသွားပြီး နာနာကျင်ကျင် အော်ဟစ်ကာ ပေနှစ်ဆယ်ခန့်အကွာသို့ လွင့်စဉ်သွားရတော့သည်။

နှုတ်ခမ်းထောင့်မှသွေးများ အဆက်မပြတ် စီးကျလာကာ တုံးခနဲ လဲကျသွားတော့၏။

လင်းထက်ဆွေသည် ပြိုင်ဘက်တစ်ယောက် လျော့နည်းသွားသဖြင့် အားတက်သွားသည်။

ကျန်ရှိနေသောလူသုံးယောက်ကို ထိုသိုင်းကွက်ဖြင့် ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

သို့သော် လင်းထက်ဆွေသည် တိုက်ပွဲအတွေ့အကြုံနုနယ်သူဖြစ်၍ ကျောက်စိမ်းစကေရာစ်သိုင်းကွက်၏ လျှို့ဝှက်ချက်များကို



နားမလည်နိုင်သေးချေ။

အန္တရာယ်တွင်း၌ကျရောက်နေသည့်အတွက် အသက်ရှင်သန်လွတ်မြောက်ရေးကို အဓိကထားရင်ဆိုင်နေရသောကြောင့် သူ့တွင်ရှိသမျှအတွင်းအားများကို အချိုးအစားမျှတအောင် သုံးစွဲနိုင်ခြင်းမရှိခဲ့ပေ။

"ဝုန်း...."

လင်းထက်ဆွေ့ နားထဲတွင် တဝုန်းဝုန်း ဆူညံမြည်ဟည်းသွားသည်။

အားအင်ကုန်ခန်းသွားသဖြင့် ခေါင်းများ မူးနောက်လာပြီး မျက်လုံးများ ပြာဝေလာသည်။

သူ့ရင်ထဲတွင် တင်းကျပ်နေကာ အသက်ရှူမဝသလို ဖြစ်လာသည်။

ဗိသာရထောင်လေးသော ဖိအားတစ်ခုက သူ့ရင်ဝကို တွန်းဖိထားသည့်အလား ခံစားလာရသည်။

နှာခေါင်းတွင်းမှ နီထွေးသောသွေးတို့စီးကျလာသည်။

ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားပြီးလျှင် ကြိုးပြတ်သွားသော စွန်တစ် ကောင်ပမာ သူ့ခန္ဓာကိုယ်မှာ လေထဲသို့ လွင့်မျောသွားပြီဟု ခံစားလိုက်ရတော့သည်။

အေးစိမ့်စိမ့်ဝေဒနာကို ခံစားလိုက်ရသဖြင့် လင်းထက်ဆွေ မျက်လုံးဖွင့်ကြည့်လိုက်သည်။

ရေအိုင်တစ်အိုင်အတွင်းသို့ ကျရောက်နေခြင်းဖြစ်ကြောင်းကို သူ သိရှိလိုက်သည်။

ခေါင်းထဲတွင် မူးနောက်နောက်ရှိနေသေးသဖြင့် လင်းထက်

ဆွေသည် ခေါင်းကို နောက်သို့ အသာပြန်မှီကာ မျက်လုံးမှိတ် မှိန်းနေလိုက်သည်။

အသက်ရှူနှုန်း အနည်းငယ်မှန်ကန်လာပြီး ခေါင်းထဲတွင် ကြည်လင်စပြုလာသောအခါမှ လင်းထက်ဆွေ ထထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်သည်။ သူတော်ကောင်း နတ်မလိုက်ခြင်းပင်တည်း။

လင်းထက်ဆွေမှာ ကိုယ့်ကိုယ်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိသည်။

ကံတရားသည် သူ့ဘက်၌မျက်နှာသာ ပေးလိုက်ချေပြီတကား။

သူ လိမ့်ကျခဲ့သောချောက်ကမ်းပါးက သူ့အပေါ်တွင် မိုးနေသည်။

ဤမျှမြင့်မားသောချောက်ကမ်းပါးမှ လိမ့်ကျလာသူတစ်ယောက်အဖို့ အသက်ရှင်ရန် လုံးဝမစဉ်းစားသင့်သောကိစ္စတစ်ရပ်ပင်ဖြစ်၏။

သို့သော် လင်းထက်ဆွေကား သေရွာပြန်ဖြစ်ခဲ့ရလေပြီ။

ပြန်စဉ်းစားကြည့်လျှင် မိုးနဲ့မြေယပ်တောင် ဆရာဘိုးဘိုး၏ ကျေးဇူးကို သူ ဦးညွှတ်ရပေမည်။

ချောက်ကမ်းပါးမှလိမ့်ကျစဉ် သူ့ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသော်လည်း အေးမြလတ်ဆတ်သောလေပြည်ကို ရှူရှိုက်မိစဉ်ခဏ၌ မိုးနဲ့မြေယပ်တောင်၏ ကိုယ်ဖော့သိုင်းပညာကို သူ အမှတ်ရလိုက်သည်။

ဗွမ်းဆိုသောအသံကို ကြားရပြီးသောအခါ သူ၏သတိသမ္



ဇဉ်များက ခေါင်းထဲမှ လွင့်ပျောက်သွားခဲ့ရတော့သည်။

ယခု သူ ပြန်လည်သတိရလာသောအခါ ရေအိုင်တစ်အိုင်၏ အစပ်တွင် ရောက်ရှိနေပြီး ရွှံ့နုံးပြင်ပေါ်၌ ကိုယ်တစ်ဝက်ကျကာ ဒူးဆစ် ခန့်မှာ ရေထဲတွင်နစ်နေသည်ကို သူ သိလိုက်ရသည်။

သူ့တစ်ကိုယ်လုံးတွင် ရွှံ့ညွန်များပေကျံနေပြီး အင်္ကျီရင်ဘတ်တွင် သွေးများ စွန်းနေသည်ကိုတွေ့လိုက်ရသည်။

လင်းထက်ဆွေသည် နုံးထဲမှထလိုက်၏။ အရိုးအဆစ်များမှာ ကိုက်ရိုက်ထားသည့်အလား ကိုက်ခဲနေသဖြင့် ရုတ်တရက် လှုပ်ရှား၍မရနိုင်အောင်ဖြစ်နေသည်။

သေမင်းခံတွင်းဝမှ လွတ်မြောက်ခဲ့ရပြီဖြစ်၍ စိတ်ကို တည်ငြိမ်အောင်ထားကာ တစ်ခဏမျှ ငြိမ်သက်စွာ နေလိုက်သည်။

ထို့နောက် အတွင်းအားကျင့်စဉ် လေ့ကျင့်တော့သည်။ လင်းထက်ဆွေ ဝမ်းသာသွား၏။

သွေးလည်ပတ်မှုကောင်းမွန်နေသောကြောင့် အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် မရရှိကြောင်းသိလိုက်ရသည်။

အတွင်းအားကျင့်စဉ် အတော်ကလေးကျင့်ပြီးသောအခါ သွေးကြောများ ပိုမိုကောင်းမွန်စွာ စီးဆင်းသွားသည်။

နာကျင်မှုဝေဒနာများလည်း လုံးဝပျောက်ကွယ်သွား၏။

ထိုအခါကျမှ နှုန်းပြင်မှထကာ ရေအိုင်အလယ်သို့ဆင်းပြီး တစ်ကိုယ်လုံး သန့်စင်ဆေးကြောပစ်လိုက်သည်။

တစ်ကိုယ်လုံး လန်းလန်းဆန်းဆန်းဖြစ်သွားပြီး စိတ်သစ်လူသစ် ဖြစ်သွားတော့သည်။

ထို့နောက် ရေစပ်အနီးရှိ ကျောက်ပြားတစ်ချပ်ပေါ်တွင် စိမ်

မြေနပြေထိုင်ကာ ဖြစ်ပျက်ခဲ့ပြီးသမျှတို့ကို ပြန်လှန်စဉ်းစားနေလိုက်တော့သည်။

သူ သိုင်းလောကထဲသို့ရောက်ရှိလာပုံ၊ သူ့အပေါ်တွင် သိုင်းလောကသားများ အထင်လွဲပုံ၊ ဝက်ပါဂူရှင်မနှင့် ရဲ့ဖုံးလိမ်တို့က သူ့အား သားအဖြစ် သတ်မှတ်စွပ်စွဲပုံ၊ ကွမ်းရဲစမ်းနှင့် ဟာရှမ်းရိတို့၏ သူ့အပေါ်တွင်ထားရှိသောစေတနာ၊ ဟုအင်ဟုန်၏ သနားစဖွယ် အထီးကျန်ဖြစ်ရပုံတို့ကို ပြန်လည်မြင်ယောင်လာမိသည်။

နောက်ဆုံး သွေးမျှော်စင်အိမ်သို့ ရောက်ရှိလာပုံ၊ မီးခိုးရောင်ဝတ်စုံဝတ် လူဆယ့်နှစ်ဦးနှင့် တိုက်ခိုက်ပုံ၊ အဖြူရောင်ဝတ်စုံဝတ်လူလေးဦးနှင့် တိုက်ခိုက်ပုံတို့ကိုမူ ပြက်ပြက်ထင်ထင် ပြန်လည်မြင်ယောင်လာသည်။

ချောက်ကမ်းပါးမှကျလာခဲ့ပုံကို မြင်လိုက်သောအခါ လင်းထက်ဆွေမှာ ရင်ထဲတွင်အေးခနဲဖြစ်သွားပြီး အပေါ်သို့ ရုတ်တရက်မော့ကြည့်လိုက်မိသည်။

မြင့်မားဝေဝါလှသော ချောက်ကမ်းပါးကြီးမှာ ပုံပြင်ထဲမှ ချောက်ကမ်းပါးကြီးနှင့်တူနေသည်။

နံနက်ခင်းအလင်းရောင်လည်း ရနေပြီဖြစ်၍ လေပြည်လေညင်းကလေးများ ရှူရှိုက်လိုက်ရလျှင် အားတက်လန်းဆန်းစဖွယ် ရှိသည်ဟု ယူဆကာ လင်းထက်ဆွေ အားပါးတရ လေရှူလိုက်၏။

အကြိမ်ကြိမ် လေရှူနေရာ၌ တစ်ခါတစ်ရံ ညှီစို့စို့ အပုပ်နံ့ တစ်ခုဝင်ရောက်လာသဖြင့် သူ့ပတ်ဝန်းကျင်ကို သတိမကင်းရှိလာသည်။

သူသည် ထိုနေရာမှခုန်ထလိုက်ပြီး ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုသည်။



ချောက်ကမ်းပါးကြီး၏ အောက်ခြေ၌ ဂူတစ်ခုလိုလို တွေ့ရှိရသဖြင့် ထိုနေရာသို့ဝင်လိုက်သည်။

"ဟာ...."

မြင်ကွင်းကား စိတ်မသက်မသာ ဖြစ်ဖွယ်ရာပင်။

လူသားတစ်ယောက်လုံးကို လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းထားသည့်မြင်ကွင်းကြောင့် လင်းထက်ဆွေမှာ ကြက်သီးမွေးညင်းထကာ မင်သက်သွားမိသည်။

သူတွေ့ရသောဂူထဲတွင် လူတစ်ယောက်ရှိနေ၏။ ထိုသူ၏ ခြေနှင့်လက်တို့ကို အလွန်ကြီးမားတုတ်ခိုင်သောသံကြိုးကြီးများဖြင့် တုပ်ခတ်ထားသည်။

သံကြိုးအစများကိုမူ ဘေးနှစ်ဘက်မှ ကျောက်ပြားပေါ်တွင် စိုက်ကာ ချိတ်ဆွဲထားသည်။

အချိန်ကာလ မည်မျှကြာမြင့်စွာကပင် ဤသို့ချုပ်နှောင်ထားသည်မသိ ထိုသူ၏အဝတ်အစားများမှာ ရာသီဥတုဒဏ်ကြောင့် စုတ်ပြတ်နေပြီးလျှင် အရက်လုံသည်ဆိုရုံသာ ရှိတော့သည်။

ထိုသူ၏အသားအရေများမှာ ခြောက်ခန်းနေပြီး အရိုးပေါ်အရေတင် ဖြစ်နေသည်။

ပါးနှစ်ဖက်က ခွက်ဝင်နေပြီး မျက်တွင်းများက လက်တစ်နိုက်ခန့်ချိုင့်ဝင်နေသည်။

ဝမ်းဗိုက်နှင့်ကျောပြင် ထိကပ်နေလောက်အောင်ပင် ပြားချပ်နေပြီး နံရိုးများက အပြိုင်းပြိုင်းထနေသည်။

နှုတ်ခမ်းများမှ ဖြူဖွေးကွဲအက်ကာ သွေးခဲကလေးများကပ်

နေ၏။

အဆိုးရွားဆုံးကား သူ့ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ပင်တည်း။

မည်သည့်လက်နက် ထိုးနှက်တိုက်ခိုက်မှုကြောင့် ရရှိလာသော ဒဏ်ရာဒဏ်ချက်များ မသိ။ တစ်ကိုယ်လုံးတွင် မွစာကြဲနေ၏။

ဒဏ်ရာပေါ်မှသွေးများမှာ ခြောက်ကပ်နေသော်လည်း ကွဲအက်နေသော အသားစိုင်များတွင် ပြည်များတည်နေပြီး လောက်ကောင်များက အနာကို တရွရွ ထိုးနေသည်။

ပုပ်အက်ညှီစို့စို့အနံ့ဆိုးများကား ထိုအနာများမှ ထွက်ပေါ်လာနေခြင်းပင်တည်း။



## အခန်း(၃၈)
## သူရဲကောင်း၏အမှာစကား

လင်းထက်ဆွေသည် မလှုပ်မယှက် ငြိမ်သက်နေသော ထိုသူကိုကြည့်ပြီး ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။

အသက်ရှူသံမကြားရသဖြင့် သေဆုံးသွားပြီဟု ထင်မှတ်လိုက်သည်။

သို့သော် သေမသေ တိကျသေချာစွာသော အဖြေကိုရရှိလိုသဖြင့် လင်းထက်ဆွေ အဝေးမှပင် ခဲတစ်လုံးကောက်ကာ ထိုသူရှိရာဆီသို့ အသာပစ်ပေါက်လိုက်သည်။

"ဒုတ်...."

လင်းထက်ဆွေ ပစ်လွှတ်လိုက်သောခဲလုံးက ထိုသူ၏လက်မောင်းရင်းပေါ်သို့ ကျရောက်ထိမှန်သွား၏။ လင်းထက်ဆွေက အခြေအနေကို အသေအချာ ကြည့်နေ၏။

ထိုစဉ် ထိုသူ၏လည်မျိုမှ တံတွေးမျိုချလိုက်သံမျိုး ထွက်ပေါ်လာသည်။

ထိုအသံမှာ ပကတိတိုးညင်းလွန်းသဖြင့် သာမန်လူများ နား ဖြင့်မကြားနိုင်ချေ။

မကြာမီ အကျဉ်းကျခံနေရသူ၏ လှုပ်သည်ဆိုရုံလှုပ်ကာ ပါး စပ်မှမပီမသ တီးတိုးရေရွတ်သံကို သဲ့သဲ့မျှကြားလိုက်ရတော့သည်။

"အင်း... ရေ... ရေ... ရေပေးပါ"

လင်းထက်ဆွေ တုန်လှုပ်လန့်ဖျပ်သွားသည်။ ထိုသူအား မ ယုံကြည်နိုင်စွာ စူးစိုက်ကြည့်ပြီး အနီးသို့အလျင်အမြန် ပြေးလွှားလာခဲ့ သည်။

ပြီးလျှင် ထိုသူကိုချိတ်ဆွဲထားသောသံကြိုးအား တရော့င်း ရော့င်း ကိုင်လှုပ်ကာ အလောတကြီး မေးလိုက်သည်။

"ခင်ဗျား... ခင်ဗျား၊ မသေသေးဘူး"

လင်းထက်ဆွေ၏ အထိတ်တလန့် မေးမြန်းလိုက်သံကြောင့် ထိုသူ၏မျက်ခွံကလေး တဖြည်းဖြည်းချင်း ပွင့်လာသည်။

လင်းထက်ဆွေကိုမြင်လိုက်ရလျှင် သံကြိုးကို လက်နှစ်ဖက် နှင့် ဆုပ်ကိုင်လိုက်ပြီး....

"ကယ်... ကယ်... ကယ်ပါဦး"

တိုးညင်းပြတ်တောင်းသောလေသံဖြင့် အကူအညီတောင်း သည်။

လင်းထက်ဆွေ ကျောက်နံရံသို့ကုတ်တွယ်တက်ကာ သံ ကြိုးကိုဖြုတ်ယူလိုက်သည်။

သံကြိုးမှာ အလုံးကြီးမားခိုင်ခံ့လှသော်လည်း ကျောက်ပြား တွင် သပ်နက်ထားသောစို့၌ ချိတ်ရုံတင်ချိတ်ထားသဖြင့် အလွယ်တ



ကူပင် ဖြုတ်ယူနိုင်ပေသည်။

သံကြိုးစ လေးခုစလုံးကို ဖြုတ်လိုက်ပြီးသောအခါ ထိုသူမှာ မြေပြင်ပေါ်သို့ ဖုတ်ခနဲ ကျသွားတော့သည်။

ထိုသူမှာ မြေကြီးပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ရေရှိရာသို့တွားသွားနေသည်။

သံကြိုးများ၏အလေးချိန်ကို မသယ်နိုင်သဖြင့် ကံဆိုးသူခ မှာ ရှေ့မတိုးနိုင်ဘဲ ရှိသောကြောင့် သံကြိုးများကို နောက်မှစုစည်းပြီး ရင်ခွင်၌ပိုက်ကာ ဖြည်းဖြည်းချင်း လိုက်လာခဲ့တော့သည်။

အနံ့အသက်များကြောင့် ထိုသူကို ကိုင်တွယ်ပွေ့ထူရန် မဖြစ် သဖြင့် ဤနည်းဖြင့်သာ ကူညီလိုက်ရခြင်းဖြစ်ပေသည်။

ထိုသူသည် ရေအိုင်သို့ရောက်လျှင် ခေါင်းမဖော်တမ်း တဝ ကြီးသောက်တော့၏။

ထို့နောက် ရေထဲသို့လိုမ့်ဆင်းကာ စိမ်နေလိုက်၏။

ရေနူးသွားသောအနာများကို လက်နှင့်ကုတ်ဖဲ့ဆေးကြော ပစ်လိုက်သည်။

ဤမျှအခြေအနေဆိုးနေသူက ဤမျှလှုပ်ရှားနိုင်ခြင်းမှာ အံ့ သြဖွယ်ရာကောင်းလှသည်။

ရေအိုင်လည်း ပျက်စီးသွားသည်။ သို့သော် အကျဉ်းသမား အဖို့မှ များစွာသန့်ရှင်းသွားခဲ့သည်။

ထိုသူမှာ ကုန်းပေါ်သို့ရောက်လျှင် မောဟိုက်ရှုမ်းနယ်လွန်း သဖြင့် အသက်ကို အငမ်းမရရှူရှိုက်နေရသည်။ သူ၏ရင်ဘတ်မှာ လည်း ဖားဖိုအလား ရှိတော့၏။

လင်းထက်ဆွေမှာ ထိုသူ၏အဖြစ်ကိုကြည့်ပြီး ကြင်နာ
နားသွား၏။

ထိုသူ၏ကိုယ်ကို ညာလက်ဖြင့်ဖိကပ်ကာ အတွင်းအားဖြ
သွေးလည်ပတ်မှုမှန်ကန်အောင် ကုသပေးလိုက်သည်။

နေအတော်ကလေးမြင့်တက်လာပြီဖြစ်သဖြင့် လင်းထ
ဆွေတို့နှစ်ယောက်ကား နွေးထွေးသော နေရောင်ခြည်အောက်
အားသစ်အင်သစ်များ ပြည့်ဝလာကြသည်။

တစ်ခဏမျှကြာလျှင် ထိုသူ၏မျက်နှာပြင်တွင် တဖြည်း
ဖြည်း သွေးရောင်လွှမ်းလာသည်။

ယခင်ကလောက် မောပန်းနာကျင်ခြင်းမဖြစ်တော့ပဲ အ
နည်းငယ် လန်းဆန်းလာသည်။

လင်းထက်ဆွေအား မျက်ခွံဖွင့်ကြည့်ပြီးလျှင် လေသံတိုးတိ
ဖြင့် ပြောလိုက်သည်။

"ကယ်တင်ရှင်လေး"

"ကျွန်တော့်ကို ဒီလိုမခေါ်ပါနဲ့ဗျာ၊ လူသားအချင်းချင်း ကူည
ရမယ့် ဝတ္တရားရှိလို့ ကူညီတာပါ"

ထိုသူ၏မျက်ခွံများ ပြန်ပိတ်သွားပြန်သည်။

လင်းထက်ဆွေက ထိုသူ၏ ကွဲအက်နေသောနှုတ်ခမ်းက
စိုက်ကြည့်နေလိုက်ပြီး ညင်သာသောလေသံဖြင့် တစ်ဆက်တည်
မေးလိုက်ပြန်သည်။

"ခင်ဗျားက ဘယ်သူများလဲ... ဒီလိုလူသူမရောက်နိုင်တဲ့ မ
ရာမျိုးမှာ ခင်ဗျားကို ဘယ်သူက ဒီလောက်ရက်ရက်စက်စက် သံကြ



ကြိုးနဲ့ခတ်ပြီး ချုပ်နှောင်ထားရတာလဲဗျာ"

ထိုသူက နာခေါင်းမှ လေပူတစ်ချက်ထုတ်လိုက်ပြီး ခက်ခက်
ခဲခဲ ပင်ပင်ပန်းပန်း ပြန်ဖြေသည်။

"ကျုပ်က 'မိုင်တစ်သောင်းကလေးကို အမီလိုက်သူ ဖူးကျား
လို'ပါ။ မင်း ကြားဖူးတယ်မဟုတ်လား"

လင်းထက်ဆွေ တုန်လှုပ်သွားသည်။

သူ သိုင်းလောကသို့ရောက်ခါစတုန်းက အဖြစ်အပျက်များ
ကို သတိရလိုက်၏။

ကွမ်းရဲစမ်းအား ဝိညာဉ်မဲ့ဂူရှင်က ဖမ်းဆီးခေါ်ဆောင်သွား
ပြီး သူတစ်ယောက်တည်း မေ့မြောကျန်ရစ်ခဲ့သည့် အချိန်ကာလကို
ပြန်တွေးကြည့်လိုက်မိသည်။

ဖူးကျားလို၏အမည်နာမကို နားနှင့် ဆတ်ဆတ်ပြန်ကြားရ
သလိုရှိသဖြင့် ခေါင်းကို အလျင်အမြန် ညိတ်ပြလိုက်၏။

"ဟုတ်ကဲ့... ကျွန်တော် ကြားဖူးပါတယ်၊ ခင်ဗျားကြီးက
ကျင်းစိမ်းကျောက်ဂိုဏ်းရဲ့ အရိုက်အရာကို ဆက်ခံမယ့် ဂိုဏ်းချုပ်
လောင်းမဟုတ်လား ခင်ဗျာ"

ဖူးကျားလို၏မျက်နှာပေါ်တွင် အားရကျေနပ်သောအပြုံးက
လေးတစ်ခု ပေါ်လာသည်။ ကိုယ်ကလေးလှုပ်ရုံမျှ ရယ်လိုက်သည်။

ဖူးကျားလိုမှာ ရယ်ပြီးသည်နှင့် ငြိမ်ကျသွားသည်။ အသံပင်
မထွက်နိုင်တော့လောက်အောင် ဝေဒနာကိုခံစားလိုက်ရဟန်တူသည်။

လင်းထက်ဆွေသည် ဖူးကျားလို၏ အခြေအနေကို သုံးသပ်
မိပြီဖြစ်၍ သူ၏ညာလက်ဝါးကို ဖူးကျားလို၏ ရင်ဘတ်ပေါ်တွင် တင်

ထားလိုက်ပြီး အတွင်းအားဖြင့် သွေးလှည့်ပတ်အောင်ပြုစုပြန်သည်။

တစ်ခဏမျှကြာလျှင် ဖူးကျားလိုမှာ အသက်ရှူသံ ပြင်းလာ၏။ ထို့နောက် ဟင်းခနဲ သက်ပြင်းချသံပေါ်လာ၏။

"ငါက သိုင်းသမားတွေ အချင်းချင်းမိသားစုလို စည်းစည်းလုံးလုံးနေဖို့ စိစဉ်ချင်တယ်၊ သိုင်းဂဏတွေ ဘာတွေနဲ့နေတာကို မနှစ်သက်ဘူး။ ဒါကြောင့်... ဒါကြောင့်...."

လင်းထက်ဆွေမှာ ဖူးကျားလိုတစ်ယောက် စကားကို အနိုင်နိုင်အားယူပြောနေရသဖြင့် သက်သာရာရပါစေတော့ ဟူသော သဘောဖြင့် ဘေးမှထောက်ပေးလိုက်သည်။

"ဒါကြောင့် နောင်ကြီးက ဂိုဏ်းတူအစ်ကိုကြီးနဲ့ မသင့်မမြတ်ဖြစ်ပြီး ဂိုဏ်းချုပ်နေရာကို မယူခဲ့ဘူးဆိုပါတော့"

ဖူးကျားလို မျက်ခွံကလေးမှေးကာ ခေါင်းညိတ်ဝန်ခံလိုက်သည်။

"နောင်ကြီးရဲ့ဂိုဏ်းတူအစ်ကိုကြီးက နောင်ကြီးကို...."

လင်းထက်ဆွေမှာ စကားကိုဆုံးအောင်မပြောလိုက်နိုင်ချေ။

ဖူးကျားလိုက သဘောမတူသည့်အနေဖြင့် ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းပြသည်။

"သွေး... သွေး.. မျှော်စင်... သွေးမျှော်စင်...."

ဖူးကျားလို၏လေသံက တိုးညင်းလှသော်လည်း စိုးရိမ်တကြီးဖြစ်ဟန် ပေါ်လွင်နေသည်။

"တောင်ပေါ်က မျှော်စင်အိမ်ကိုပြောတာလား နောင်ကြီး"

ဖူးကျားလို ခေါင်းညိတ်ပြလိုက်ပြီး....



"သွေးမျှော်စင်ရှင်... သွေးစုပ်ဘီလူးဘုရင်"

လင်းထက်ဆွေမှာ ဘာမှနားမလည်နိုင်ပေ။ ဖူးကျားလိုမှာ အားမရှိပဲ စကားပြောနေရသဖြင့် လွန်စွာ ပင်ပန်းနေရှာလေသည်။

အတန်ကြာမှ ဖူးကျားလိုမှာ အံကိုကြိတ်ပြီး ဆက်ပြောသည်။

"ငါက သွေးစုပ်ဂိုဏ်း ပြန်တည်တောင်မယ်ဆိုတဲ့သတင်း ဟုတ်မဟုတ်သိချင်လို့ လာစုံစမ်းတာ၊ ဖြစ်နိုင်ရင် သူ့ကိုဖျောင်းဖျပြောမယ်၊ သိုင်းလောကထဲက လူတွေအချင်းချင်း ဖြစ်နိုင်ရင် သတ်တာဖြတ်တာ မရှိစေချင်ဘူး၊ ဒါက ငါ့ရည်ရွယ်ချက်ပါ၊ ဒါပေမယ့် ငါက မသိတော့"

စကားအရှည်ကြီးပြောလိုက်ရသဖြင့် ဖူးကျားလိုမှာ မောပန်းပြန်သည်။

ချောင်းတဟွတ်ဟွတ်ဆိုးပြီး စကားကို ဆုံးအောင်မပြောနိုင်ဘဲ ဖြစ်သွား၏။

လင်းထက်ဆွေက သူ့စကားကိုဆက်ပေးလိုက်ပြန်သည်။

"ဒါနဲ့ပဲ သွေးစုပ်ဂိုဏ်းချုပ်နဲ့ စကားအဆင်မပြေတော့ သူကခင်ဗျားကို ဒီနေရာမှာ ချုပ်လှောင်ထားလိုက်တာပေါ့ ဟုတ်လား"

ဖူးကျားလိုမှာ လေးပင်စွာပင် ခေါင်းညိတ်ပြသည်။ အတန်ကြာမှ ဖြည်းညင်းစွာ ပြောသည်။

"သွေးစုပ်ဂိုဏ်းချုပ်နဲ့တော့ မတွေ့ခဲ့ရပါဘူး၊ သူ့လက်အောက်က ဝတ်စုံဖြူလေးယောက်ကိုသာ တွေ့ခဲ့ရပြီး ဒီနေရာမှာ ချုပ်နှောင်ခံလိုက်ရတာပါ၊ ဒီနေရာကို သူတို့က သွေးအကျဉ်းထောင်

လို့ ခေါ်ကြတယ်"

"သွေးအကျဉ်းထောင် ဟုတ်လား"

လင်းထက်ဆွေ အထိတ်တလန့် ရေရွတ်လိုက်မိသည်။

ချောက်ကမ်းပါးပေါ်တွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို လည်း ရုတ်ခြည်း သတိရလိုက်သည်။

အကယ်၍ သူသာ ဝတ်စုံဖြူလေးယောက်၏ အဖမ်းအဆီး ကို ခံလိုက်ရပါက ယခု ဖူးကျားလို၏ အဖြစ်ဆိုးမျိုး ခံစားရမည်မှာ မလွဲပေ။

လင်းထက်ဆွေသည် ဆက်၍ မစဉ်းစားရဲအောင်ဖြစ်ပြီး ကြက်သီးထသွားမိလေ၏။

ဖူးကျားလိုက အားယူ၍ ဆက်ပြောပြန်သည်။

"ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးကြောင့်သာ လူမပြောနဲ့ တိရစ္ဆာန် အရိုင်းအစိုင်းတွေတောင် မရောက်နိုင်တဲ့နေရာမျိုးကို မင်းလို ကယ် တင်ရှင်လေး ရောက်လာရတယ်"

"ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပါပဲခင်ဗျာ၊ နောင်ကြီးလို စိတ်ကောင်းထားတဲ့လူဟာ အကြာကြီး ဒုက္ခမရောက်နိုင်ပါဘူး"

လင်းထက်ဆွေက နှစ်သိမ့်အားပေးစကားပြောသော်လည်း ဖူးကျားလို ခေါင်းကိုခါယမ်းလိုက်သည်။

"မရတော့ပါဘူး... ငါ... ငါ... ငါ သေတော့မယ်၊ မသေရင်လဲ ဘာမှအသုံးမကျတော့ပါဘူး"

ဖူးကျားလို၏အခြေအနေမှာ သူ့စကားအတိုင်း သေရန်အ ချိန် အလွန်နီးကပ်နေပြီဖြစ်သည်။



လင်းထက်ဆွေသည် သေခါနီးလူတစ်ယောက် စိတ်မချမ်းမ သာ ဖြစ်မည်စိုးသဖြင့် မဖြစ်နိုင်မှန်းသိလျက်နှင့် အားပေးစကားကို တွင်တွင်သာ ပြောနေခြင်းသာဖြစ်သည်။

"နောင်ကြီးဖူးကျားလို သေစရာအကြောင်းမရှိတော့ပါဘူး၊ ဒီနေရာက ထွက်ခွာသွားပြီးတဲ့နောက် ဘာမှပူစရာမလိုပါဘူး၊ သမားတော်ကောင်းကောင်းနဲ့ ကုသလိုက်ရင် ပြီးပါပြီ"

ဖူးကျားလို၏ပါးပြင်ကြောများ တွန့်ခနဲ လှုပ်သွား၏။

"မလွယ်ပါဘူးကွာ၊ ငါ့အခြေအနေမျိုးကို ဘယ်လိုသမား တော်မျိုးကမှ ကုပေးနိုင်မှာမဟုတ်ပါဘူး၊ နောက်ပြီး ဒီနေရာက ထွက်ခွာသွားနိုင်ဖို့ဆိုတာကလဲ ဒီဘဝမဟုတ်ဘူး၊ နောက်ဘဝကျမှပဲ ရတော့မှာပါ"

သူ့စကားလုံးများက ကြားရသူအဖို့ စိတ်မကောင်း ဝမ်း နည်းစရာဖြစ်သော်လည်း သူ့မျက်နှာတွင်မူ သေရမည်ကို စိုးစဉ်းမျှ ကြောက်ရွံ့ဟန်မရှိချေ။

လင်းထက်ဆွေသည် သူ့ရဲကောင်းတစ်ယောက် ဆုံးရှုံးသွား ရတော့မည်ဖြစ်သဖြင့် စိတ်မကောင်းခြင်းကြီးစွာ ခံစားလိုက်ရသည်။

ဖူးကျားလို ခဏကြာမှ အနားယူအမောဖြေလိုက်သည်။

အမောပြေလောက်မှ....

"ဘာပဲဖြစ်ဖြစ်... မင်း... မင်း... က... ငါ့ကို...."

"ရပါတယ်ခင်ဗျာ... နောင်ကြီးမှာ ဘာကိစ္စများ ရှိပါသေး သလဲ၊ ပြောစရာရှိတာကိုသာ ပြောပါ၊ ကျွန်တော်တတ်နိုင်သမျှ ကူညီ ဆောင်ရွက်ပေးပါ့မယ်၊ ကျွန်တော့်ကိုယုံကြည်ပါ၊ နောင်ကြီးအတွက်

အချည်းအနှီးမဖြစ်စေရပါဘူး"

ဖူးကျားလိုတွင် တစ်စုံတစ်ရာမှာ စရာအကြောင်းကိစ္စရှိနေပြီကို ရိပ်မိလိုက်သဖြင့် လင်းထက်ဆွေက ကတိပေးလိုက်ခြင်းဖြစ်သည်။

သူ၏ တက်တက်ကြွကြွ ပြောလိုက်သော ကတိစကားကြောင့် ဖူးကျားလို၏မျက်လုံးအိမ်မှာ အနည်းငယ် ပိုကျယ်လာရသည်။ လေသံကလည်း နည်းနည်းကျယ်လာသည်။

"ဒီကနေ့ မင်း သိုင်းလောကထဲကိုသွားပါ၊ သွေးစုပ်ဂိုဏ်းပြန်ပြီး ထူထောင်ထားပြီဆိုတဲ့အကြောင်းရယ်၊ သွေးစုပ်ဂိုဏ်းချုပ်ကဟိုအတိတ်က သိုင်းသမားလူစွမ်းကောင်း ခုနစ်ဆယ့်နှစ်ယောက်နဲ့လက်တွဲပြီး သူ့ရဲ့သွေးစုပ်ဂိုဏ်းကို ဖြိုခွဲခဲ့တဲ့ရန်ကြွေးကို ပြန်တိုက်ခိုက်ဖို့ ပြင်ဆင်နေပြီဆိုတဲ့အကြောင်းတွေကို သွားပြီး သတင်းပို့ပါ၊ သူက အဲဒီအထက်အောက် သိုင်းဂိုဏ်းခုနစ်ဆယ့်နှစ်ဂိုဏ်းက ရှိသမျှသိုင်းသမားအားလုံးရဲ့သွေးနဲ့သိုင်းလောကကို ဆေးကြောမယ်၊ ဂိုဏ်းချုပ်ကြီး ခုနစ်ဆယ့်နှစ်ယောက်ရဲ့ဦးခေါင်းကို သွေးမျှော်စင်အိမ်မှာ ပူဇော်မယ်၊ ခုနစ်ဆယ့်နှစ်ဂိုဏ်းက ဂိုဏ်းသားတွေရဲ့ အမျိုးအနွယ်အားလုံးကိုသတ်ပြီး သူတို့သွေးတွေနဲ့ ဒီသွေးမျှော်စင်အိမ်ကို သုတ်လိမ်းမယ်လို့လဲ ကြိမ်းဝါးထားတယ်"

ဖူးကျားလိုမှာ စိတ်ကဆောင်နေသဖြင့် ဤမျှအထိ ရှည်ရှည်လျားလျား ပြောနေရသော်လည်း ခွန်အားမရှိတော့ဘဲ လျှာထွက်မတတ် မောပန်းနေသည်။

သူ့ဦးခေါင်းထက်မှ ချွေးသီးချွေးပေါက်များ တဒီးဒီး စီးကျလာသည်ကို ကြည့်ခြင်းဖြင့် မည်မျှ စိတ်လှုပ်ရှားနေကြောင်း သိသာပေသည်။

လင်းထက်ဆွေမှာ နားထောင်ရင်းမှပင် အကြီးအကျယ်စိတ်လှုပ်ရှားဒေါသထွက်လာရသည်။

ဤသွေးစုပ်ဂိုဏ်း ရက်စက်ယုတ်မာပုံကို သူကိုယ်တိုင်မျက်မြင်ကိုယ်တွေ့မြင်နေရပြီဖြစ်၍ ဖူးကျားလိုအမှန်အတိုင်းပြောခြင်းဖြစ်ကြောင်း သူ ယုံကြည်သည်။

ဖူးကျားလိုအား စိုးရိမ်ပူပန်သည့်လေသံဖြင့် မေးပြန်သည်။

"ဒါဆိုရင် ဒီသွေးစုပ်ဂိုဏ်းကြောင့် လူထောင်ပေါင်းများစွာရဲ့အသက်တွေ သေကြေပျက်စီးရတော့မှာပေါ့၊ သိုင်းလောကတစ်ခုလုံးလဲ သွေးညှီနံ့လွှမ်းသွားတော့မှာပေါ့"

ဖူးကျားလိုသည် အရေးကြီးသောစကားများကိုသာ ဆက်၍မှာကြားသည်။

"ဒါကြောင့် မင်းဆီက ငါ အကူအညီလိုချင်တာပဲ၊ ဒီအကြောင်းတွေကို သိုင်းလောကသားတွေသိထားမှ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နိုင်မယ်"

လင်းထက်ဆွေက မျက်မှောင်ကုတ်လိုက်ပြီး....

"သူတို့တွေက ကျွန်တော်ပြောတဲ့သတင်းစကားတွေကို အယုံအကြည်ရှိပါ့မလား"

"ယုံတယ်... ယုံကိုယုံတယ်"

"ဘယ်လိုယုံနိုင်မှာလဲ... ကျွန်တော်က ဘာမှမဟုတ်ပဲ"

"မင်း စိတ်ပူစရာမလိုပါဘူး၊ မင်းအနေနဲ့ လူနှစ်ယောက်

ကိုရှာပြီး ငါ့စကားတွေ ပြောပြလိုက်ရုံပဲ"

လင်းထက်ဆွေ ဝမ်းသာသွားသည်။

သူသည် သိုင်းလောကတွင် မည်သည့် ဂိုဏ်းဂဏ အဖွဲ့အစည်းဝင်တစ်ယောက် မဟုတ်သလို သိုင်းလောက၌ ဩဇာတိက္ကမရှိသူတစ်ယောက်လည်း မဟုတ်ပေ။

ထို့ကြောင့် ဖူးကျားလို၏အစီအစဥ်မှာ သူ့အတွက် အကောင်းဆုံးဖြစ်နေပေသည်။

"ဒါဆိုရင်တော့ ဖြစ်ပါတယ်၊ အခု ကျွန်တော် ဘယ်သူ့ကိုသွား ရှာရမှာလဲ"

ဖူးကျားလို အမောပြေ ရပ်နားလိုက်ပြန်သည်။ သူ့မျက်နှာပြင်က တဖြည်းဖြည်း သွေးဆုတ်ဖြူရော်လာသည်။

နှုတ်ခမ်းမှာလည်း တဆတ်ဆတ် တုန်ယင်နေပြီး အသက်ရှုရာတွင်လည်း အားယူ၍ တမျှဉ်းမျှဉ်း ရှုသွင်းနေရသည်။

တအောင့်ကြာမှ နှမ်းယဲ့သောလေသံဖြင့် ဖျစ်ညှစ်၍ ပြောလိုက်သည်။

"ပ... ပ... ထ... မ... ချိန်း... ချိန်း... စိန်... ဂိုဏ်း..."

"ချိန်းစိန်ဂိုဏ်းနဲ့ငါက သင့်မြတ်တာမဟုတ်ဘူး၊ ရန်ငြိုးရှိတယ်လို့ ပြောရလိမ့်မယ်၊ ပြီးတော့ အဲဒီဂိုဏ်းကိုသွားရမယ့်လမ်းကလဲ သိပ်ကြမ်းတမ်းတယ်၊ သူက ငါ့ကို အဲဒီလွတ်နေတော့ ခက်တာပဲ၊ ငါကတော့ အများအကျိုးအတွက်လုပ်ရမှာမို့ ဝန်မလေးပါဘူး၊ ဒါပေမယ့် ချိန်းစိန်ဂိုဏ်းသားတွေက ငါ့ကိုယုံကြည်ပါ့မလား"

လင်းထက်ဆွေ စိတ်ထဲမှ တွေးနေမိသော်လည်း ဖူးကျားလိုကိုမှ စိတ်ပျက်သွားမည်စိုးသဖြင့် ဖွင့်မပြောချေ။



"ဟုတ်ကဲ့... နောက်တစ်ယောက်ကကော ဘယ်သူပါလဲခင်ဗျာ"

ဖူးကျားလိုမှာ နောက်ဆုံးအခြေအနေသို့ရောက်ရှိခဲ့လေပြီ။ သူ၏လက်နှစ်ဖက်မှာ ကိုယ်အောက်ပိုင်းဝမ်းဗိုက်ကို ဖိနှိပ်ထားရသည်။

အကြောများ တလှုပ်လှုပ်ဖြစ်လာပြီး အသက်ကိုပင် အနိုင်နိုင် ရှူနေရသည်။

သိုင်းလောကတစ်ခုလုံး သွေးချောင်းစီးမည့်အရေးအခင်းမို့သာ သူ့အသက်မထွက်နိုင်ပဲ ဇောနှင့်ကြိုးစားစကားပြောနေရခြင်းဖြစ်သည်။

ကွမ်းတစ်ယာညက်ခန့်ကြာမှ နှုတ်ခမ်းကလေးလှုပ်သည်ဆိုရုံလှုပ်ကာ မပီမသ ပြောချလိုက်တော့သည်။

"ကြျူ... လုံ... ပေါင်း"

လင်းထက်ဆွေမှာ သက်ပြင်းကိုသာကျိတ်၍ ချလိုက်မိတော့သည်။

တိုက်လည်း တိုက်ဆိုင်လှသည်။ ချိန်းစိန်ဂိုဏ်းသည် သူ့အားသိုင်းလောကတစ်ခုလုံးက ရန်သူအဖြစ်သ ဘ်မှတ်ပြီး သုတ်သင်ရန်လိုက်လံနှိုးဆော်နေသည့်ဂိုဏ်းဖြစ်သည်။

ကြျူလုံပေါင်းက သူ့သမီးဖြစ်သူ၊ ဇနီးဖြစ်သူနှင့် ပတ်သက်ပြီးမိမိအပေါ် မကျေမလည်ဖြစ်နေသည်။

ဤနှစ်ဖွဲ့စလုံးမှာ သူနှင့်မသင့်မြတ်သည့် အဖွဲ့အစည်းချည်း

ဖြစ်နေသဖြင့် လင်းထက်ဆွေမှာ ကျားမြီးသာပြေးဆွဲချင်စိတ် ပေါက်လာတော့သည်။

ဖူးကျားလို၏အသက်ရှူသံက ပြင်းထန်လာသည်။ ချောင်းကလည်း တဟွတ်ဟွတ် ဆိုးနေသည်။

ချောင်းဆိုးရပ်သွားမှ အံကိုတင်းတင်းကြိတ်လိုက်ပြီး အားယူကာ ဆက်ပြောပြန်သည်။

"တစ်ယောက်က ဂိုဏ်းငါးဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်ပြီး နောက်တစ်ယောက်က သိုင်းလောကမှာ ပထမနေရာရထားတဲ့ ကြူလုံပေါင်းဂိုဏ်းချုပ်၊ သူတို့ဟာ ထင်ပေါ်ကျော်ကြားတဲ့လူတွေ ဖြစ်သလို သိုင်းလောကသားအားလုံးကလဲ လေးစားကြည်ညိုကြတယ်၊ ဒီကိစ္စကို သူတို့နှစ်ယောက်ကပဲ စွမ်းဆောင်ကာကွယ်ပေးနိုင်လိမ့်မယ်"

လင်းထက်ဆွေမှာ သည်အချိန်ရောက်ကာမှ ဖူးကျားလိုအား ငြင်းဆန်စကားဆိုရန် မဖြစ်နိုင်တော့ချေ။

အများအကျိုးအတွက်ဆောင်ရွက်ရမည်မို့ မိမိအတွက် အန္တရာယ်ရှိလိုက ရှိစေတော့ဟု သဘောထားကာ ခေါင်းညိတ်ကတိပေးလိုက်ရတော့သည်။

"ကောင်းပြီ... နောင်ကြီးဖြစ်စေချင်တဲ့အတိုင်း ကျွန်တော်ဆောင်ရွက်ဖို့ အာမခံကတိပေးပါတယ်"

ဖူးကျားလို၏ ဝေဒနာခံစားနေရသော မျက်နှာပေါ်တွင် ဝမ်းသာကျေနပ်သည့် အရိပ်အယောင်များ ဖြတ်ပြေးသွား၏။

ဖူးကျားလိုမှာ စေ့စပ်သေချာလှသူဖြစ်ပေသည်၊ လင်းထက်ဆွေက ဤအကြောင်းများကို အလွတ်မှဲ့သွားရောက်ပြောဆိုလျှင်



မည်သူကမျှ ယုံကြည်နိုင်မည်မဟုတ်သည်ကိုလည်း တွေးဆမိသည်။

ထို့ကြောင့် အသက်ငင်နေသည့်ကြားမှ အားတင်းကာ...

"ငါ့ခါးပတ်မှာ ကျောက်စိမ်းခြင်္သေ့ရုပ်တုတစ်ခုရှိတယ်၊ မင်းအဲဒီပစ္စည်းကိုယူပြီး သက်သေအဖြစ်ပြလိုက်ပါ၊ ဒါမှ မင်းကို သူတို့ယုံကြည်...."

ဖူးကျားလို၏လေသံ ပျောက်သွားသည်။ မေးမှာ တလှုပ်လှုပ်ဖြစ်နေပြီး အသက်ကို အငမ်းမရရှူနေသည်။

လင်းထက်ဆွေက အလျင်အမြန်ပင် ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ကဲ့... နောင်ကြီးမှာတဲ့အတိုင်း ကျွန်တော် တသဝေမတိမ်း ဆောင်ရွက်ပေးပါ့မယ်... စိတ်ချပါ"

ဖူးကျားလို မျက်ဖြူဆိုက်လာသည်။ မေးဖျားများ တဆတ်ဆတ် ရိုက်လာသည်။

ထိုအချိန်မှာပင် သတိက မလွတ်နိုင်သေးပဲ သူ့လက်နှစ်ဖက်က ခါးပတ်ကိုဆုပ်ကိုင်လိုက်သည်။

ခြင်္သေ့ရုပ်တုကို ဖိကိုင်လိုက်မိပြီးနောက် သူ့ဇက်ကျိုးကျကာ အသက်ထွက်သွားတော့သည်။

လင်းထက်ဆွေသည် ဖူးကျားလို၏မျက်နှာကို စိုက်ကြည့်မိသည်။

သေသည့်တိုင် မာန်မချပဲ သိုင်းလောကတစ်ခုလုံး သွေးချောင်းစီးမည့်အရေးအခင်းကို မရအရ သတင်းပေးသွားသော အာဇာနည် သူ့ရဲကောင်းကြီးကို လွန်စွာ ရိုသေလေးစားမိသည်။

သိုင်းလောကထဲမှ လူတော်လူကောင်းတစ်ယောက် အ

ကြွေစေသွားရသည်ကို လင်းထက်ဆွေအနေဖြင့် လွန်စွာနှမြောတ သမိသည်။

သူ့အပေါ် ကြည်ညိုလေးစားလျှင် သူ့ညွှန်ကြားချက်များကို တိတိကျကျ ဆောင်ရွက်ပေးရုံမှတစ်ပါး အခြားမရှိဟု လင်းထက်ဆွေ နားလည်ယုံကြည်ထားပါလေ၏။



အခန်း(၃၉)
မပြေလည်သောပထမခြေလှမ်း

လင်းထက်ဆွေသည် ဖူးကျားလို၏ခါးပတ်မှ ကျောက်စိမ်းခြသေ့ရုပ်တုကို ဖြုတ်ယူလိုက်သည်။

ထို့နောက် အလောင်းကိုအသေအချာ မြှုပ်နှံသင်္ဂြိုဟ်ပေးသည်။

သူရဲကောင်းဖူးကျားလို၏ ဝေယျာဝစ္စကိစ္စများတွင် စိတ်ကိုနှစ်ထားရသဖြင့် အချိန်မည်မျှကုန်ဆုံးသွားပြီကိုပင် သတိမထားမိချေ။

နေကို မော့ကြည့်လိုက်သောအခါ ထန်းတဖျားသာသာသို့ပင် ရောက် ရှိခဲ့ချေပြီ။

ဤနေရာမှထွက်ခွာရန် မဖြစ်နိုင်သေးသဖြင့် လုံခြုံသောနေရာတစ်ခုတွင် အနားယူရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် တောင်ခြေရင်း အကာအကွယ်လုံခြုံသော နေရာတစ်ခုကို ရွေးချယ်လိုက်ပြီး အတွင်းအားကျင့်စဉ် ကျင့်လျက် အတွင်းဒဏ်ရာများကို ကုသလိုက်တော့သည်။

တစ်ရက်ခန့် အနားယူကုသပြီးသောအခါ ဒဏ်ရာများ တဖြည်းဖြည်း သက်သာလာပြီး အတွင်းအားလည်း ပြန်လည်ပြည့်ဖြိုးလာသည်။

ကိုယ်တွင်းအခြေအနေ ကောင်းမွန်လာသည်နှင့် သွေးစုပ်ဂိုဏ်းမြေမှ ထွက်ခွာလာခဲ့တော့သည်။

လင်းထက်ဆွေမှာ နယ်မြေဒေသမကျွမ်းကျင်သဖြင့် ခက်ခက်ခဲခဲ ဖောက်ထွက်လာခဲ့ရသည်။ တောင်ကိုကျော် တောကိုဖြတ် ရေကိုကူးခဲ့ရသည်။

သွေးစုပ်ဂိုဏ်းသားများနှင့် ပြန်လည်တိုက်ခိုက်နေရပါက သူ့ရဲ့ကောင်းဖူးကျားလို ပေးပို့လိုသည့်သတင်းကို သူ မပေးပို့နိုင်ဘဲ ဖြစ်သွားမည်ကို စိုးရိမ်လှပေသည်။

လင်းထက်ဆွေသည် ဤမျှခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းဖြင့် သွားလာနေရသော်လည်း စိတ်ဓာတ်ကျဆင်းခြင်းမဖြစ်မိချေ။ ဖူးကျားလို၏အမှာစကားက သူ့နှလုံးသားထဲတွင် စွဲထင်နေသည်။

မည်သို့ပင် ဒုက္ခတွေ့ရပါစေ၊ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ရပါစေ၊ သွေးစုပ်ဂိုဏ်းနယ်မြေမှ အဖြစ်အပျက် လျှို့ဝှက်ချက်များ၊ သွေးစုပ်ဘီလူး၏ အကြံအစည်များကို သိုင်းလောက တစ်ခုလုံးသိရှိစေရန် ပြောပြမည်ဟု သူ သန္နိဋ္ဌာန်ချထားသည်။

သို့မှသာ သိုင်းလောကတစ်ခုလုံး သွေးချောင်းစီးမည့် အရေးအခင်းမှ ကင်းလွတ်နိုင်မည်ဟု သူ ယုံကြည်ထားပေသည်။

ဤသို့ဖြင့် တစ်နေ့လုံး တစ်ညလုံး မရပ်မနား ခရီးဆက်ခဲ့ရာ ညနေစောင်းအချိန်၌ ကြူလုံပေါင်းနှင့် အလှမ်းသိပ်မဝေးလှသော နေ



ရာသို့ ရောက်လာခဲ့တော့သည်။

လင်းထက်ဆွေမှာ ကြူလုံပေါင်းဂိုဏ်းသို့ ဦးတည်သွားရောက်ရန် ဆုံးဖြတ်မိသည်။

ချိန်းစိန်ဂိုဏ်းမှာ သူနှင့်ရန်ငြိုးရန်စရှိပေသည်။ တိမ်ပျံဘုန်းတော်ကြီးကျောင်းတွင် ထိုဂိုဏ်းမှ ဓားသမားနှစ်ဦးကို တိုက်ခိုက်ခဲ့ဖူးပြီး ပါချိန်ဂိုဏ်းပွဲတော်ပွဲ၌ လူအများရှေ့တွင် ထိုဂိုဏ်း၏ ဒုတိယဂိုဏ်းချုပ်ဖောင်းရဲ့၏ဓားကို ချိုးပစ်ခဲ့ဖူးပြန်သည်။

ထို့ကြောင့် ချိန်းစိန်ဂိုဏ်းက သူ့အပေါ်တွင် မည်သို့မျှ ကျေနပ်ခွင့်လွှတ်နိုင်မည်မဟုတ်သဖြင့် ချိန်းစိန်ဂိုဏ်းသို့သွားရောက်ရန် မဖြစ်နိုင်ပေ။

ကြူလုံပေါင်းဂိုဏ်းနှင့်မူ ထိုသို့မဟုတ်ပေ။ ဂိုဏ်းချုပ်ကြီးကွမ်းကျန့်ဟုန်းနှင့် နှစ်ကြိမ်နှစ်ခါသာ တွေ့ဆုံဖူးပြီး တိုက်ခိုက်ခဲ့ကြသော်လည်း ရန်ငြိုးရန်စ ဖြစ်တင်မကျန်ရစ်ပေ။

ထို့ပြင် သမီးဖြစ်သူ ကွမ်းရဲစမ်း၏ခင်မင်ရင်းနှီးမှုကိုလည်း ရရှိခဲ့ဖူးသည်။

တစ်ယောက်နှင့်တစ်ယောက် အထင်အမြင်လွဲမှားပြီး စကားပြော အဆင်မပြေကြသဖြင့်သာ တိုက်ကြခိုက်ကြခြင်းဖြစ်သဖြင့် ယခု အချိန်လောက်ဆိုလျှင် သူ့အပေါ်တွင် သံသယရှင်းလောက်ပြီဟု လင်းထက်ဆွေ ယူဆထားသည်။

ထို့ကြောင့် ကြူလုံပေါင်းဂိုဏ်းသို့သွားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပေသည်။

ကြုံတွေ့ရမည့်အခြေအနေများကို တွေးတောရင်း လျှောက်

လာခဲ့ရာ ကြူလုံပေါင်းဂိုဏ်းချုပ်တည်ရာဌာနသို့ရောက်လာခဲ့သည်။

ကြူလုံပေါင်းဌာနချုပ်မှာ ထည်ဝါခန့်ညားလှပေသည်။

ပတ်ပတ်လည်၌ ကာရံထားသောအုတ်တံတိုင်းမှာ အတွင်းမှအဆောက်အအုံများကို မမြင်ရလောက်အောင် မြင့်မားစွာ ကာရံထားသည်။

ကျောက်ဆစ်၊ ပန်းတဉ်းလက်ရာများကို ဝင်းနံရံများတွင် ပြောင်မြောက်စွာ ထွင်းထုထားသည်။

တံတိုင်း၏ထောင့်လေးဘက်၌ အလွန်မြင့်မားသော မျှော်စင်လေးခုကို ဆောက်လုပ်ထားသည်။ ထိုမျှော်စင်များပေါ်၌ လေးသမားများကို ကင်းအဖြစ် အစောင့်ချထားသည်။

ထိုမျှော်စင်များထိပ်၌ အဝါရောင်အလံတစ်ခုစီရှိပြီး အလံ၌ နဂါးကိုးကောင်၏မြူးကြွနေပုံကိုရေးခြယ်ထားသည်။

မျှော်စင်တိုင်း၏ရှေ့တွင် ဖြောင့်ဖြူးသွယ်တန်းသော လမ်းမကြီးတစ်ခုစီရှိပြီး လမ်းတစ်ဘက်တစ်ချက်၌ ထင်းရှူးပင်များကို စိုက်ပျိုးထားကြသဖြင့် ထည်ဝါလှပေသည်။

လမ်း၏နံဘေး၌ ဂျုံစပါးများ စိုက်ပျိုးထားသဖြင့် စိုပြည်စိမ်းလန်းနေပြီး ဌာနချုပ်အဆောက်အအုံများကို ပိုမို၍ ကျက်သရေရှိပေသည်။ လယ်ကွင်းထဲ၌ ညနေစောင်းချိန်ဖြစ်သည့်အတွက် လူသူတစ်ဦးတစ်ယောက်မျှ ရှိမနေချေ။

လင်းထက်ဆွေက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီးလျှင် လမ်းမကြီးပေါ်မှတစ်ဆင့် ခြံဝင်းထဲသို့ဝင်ရောက်ရန် ဦးတည်လာခဲ့သည်။



ထိုစဉ် ဝိုးခနဲ လေတိုးသံတစ်ချက်ကြားလိုက်ရပြီး မျှော်စင်ပေါ်မှ အမည်းရောင်အရိပ်ဆစ်ရိပ် ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ ခဏအတွင်းမှာပင် လင်းထက်ဆွေရှေ့၌ပိတ်ဆီးရပ်နေတော့သည်။

လင်းထက်ဆွေရှေ့၌ရပ်နေသူမှာ လူလတ်ပိုင်းအရွယ်ရှိပြီး ကစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူ၏အင်္ကျီ ဘယ်ဘက်ရင်ဘတ်ပေါ်၌ နဂါးကိုးကောင် က, နေပုံကို ရေးထိုးထားသည်။

ထိုသူက လေးလေးစားစား မေးမြန်းသည်။

"ခင်ဗျား ဘယ်ကိုသွားမလို့လဲ"

လင်းထက်ဆွေက ထိုသူ၏ ယဉ်ကျေးသိမ်မွေ့မှုကို သဘော ကျနှစ်ခြိုက်သွားသည်။ ချိုသာယဉ်ကျေးစွာ ပြန်ပြောလိုက်လေသည်။

"ကျွန်တော့်အမည် လင်းထက်ဆွေပါခင်ဗျာ၊ ကိစ္စတစ်ခုကြောင့် ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးနဲ့တွေ့ချင်လို့ပါ"

ထိုသူက လင်းထက်ဆွေကို အသေအချာ အကဲခတ်ကြည့်လိုက်၏။

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ခင်ဗျားက ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးရဲ့အသိမိတ်ဆွေပါလား၊ ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးနဲ့ တွေ့ဖူး ဆုံဖူးခြင်းကော ရှိပါရဲ့လား"

"မြင်ဖူးတာတော့ အခါပေါင်း မနည်းတော့ပါဘူး"

လင်းထက်ဆွေက အနည်းငယ် ပိုပြောလိုက်သည်။

ထိုသူမှာ ချက်ချင်းပင် လမ်းဖယ်ပေးလိုက်ပြီး ကြိုဆိုသည့်ဟန်ဖြင့်....

"တာဝန်အရ အခုလိုမေးမိတာ ခွင့်လွှတ်ပါခင်ဗျား၊ ကျေးဇူးပြုပြီး အထဲကိုကြွပါ"

လင်းထက်ဆွေသည် ကြုံလုံပေါင်းဂိုဏ်း၏ကျော်ကြားအောင်မြင်မှုကို ယုံကြည်သွားတော့သည်။

လူလိမ္မာသား ယဉ်ပါးဆိုသကဲ့သို့ ကင်းသမားဂိုဏ်းဝင်တစ်ယောက်၏ ပျူငှာယဉ်ကျေးစွာ ဆက်ဆံမှုက ကြုံလုံပေါင်း၏ ဂုဏ်သိက္ခာကို တက်စေသည် မဟုတ်ပါ လား။

"ကျေးဇူးပြုပြီး နောင်ကြီးကပဲ လမ်းပြပေးပါလား ခင်ဗျာ"

"ဟုတ်ကဲ့... ကျွန်တော့်နောက်ကိုသာ လိုက်ခဲ့ပါ"

ထိုကင်းသမားက နောက်သို့လှည့်ကာ တံခါးအဝင်ဆီသို့ ဦးတည်လျှောက်သွားလိုက်သည်။

အဝင်တံခါးနှင့် မလှမ်းမကမ်းသို့ ရောက်လျှင် အင်္ကျီလက်တွင်းမှ ငွေလုံးကလေးတစ်လုံးကို ဖြုတ်ယူလိုက်ပြီး မျှော်စင်ပေါ်သို့ ပစ်တင်လိုက်သည်။

ထိုငွေလုံးကလေးမှာ မျှော်စင်အမိုးပေါ်ရှိ လေဝင်ပေါက်ကလေးတစ်ခုထဲသို့ တည့်မတ်စွာ ဝင်သွားသည်။



"ဒေါင်...."

မျှော်စင်ဆီမှ အချက်ပေးသံတစ်ချက် ထွက်ပေါ်လာပြီးလျှင် ခြံဝင်းတံခါးကြီး ပွင့်သွားတော့သည်။

တံခါးဝ၌ ခန့်ညားစွာ ဝတ်ဆင်ထားသော လူလေးယောက်က တစ်ဘက်နှစ်ယောက်စီ ရိုကျိုးသော အမူအရာဖြင့် ရပ်နေကြသည်။

လင်းထက်ဆွေကို လမ်းပြခေါ်ဆောင်သော ကင်းသမားက ကိုယ်ကိုစောင်းငုံ့ကာ ခရီးဦးကြိုပြုဟန်ဖြင့် ဖိတ်ခေါ်လိုက်သည်။

"ကြွပါ... မိတ်ဆွေ"

လင်းထက်ဆွေကိုပြုံးပြလိုက်ပြီး စံအိမ်တော်ရှိရာဆီသို့ တည့်တည့်မတ်မတ် ဦးတည်လျှောက်သွားတော့သည်။

လင်းထက်ဆွေကလည်း လမ်းပြကင်းသမား၏ နောက်မှလိုက်ကာ ပတ်ဝန်းကျင် အခြေအနေများကိုကြည့်ရှု အကဲခတ်လာသည်။

အဓိက အဆောင်အရှေ့မျက်နှာစာ မြေကွက်လပ်၌ နဂါးလက်သည်းပင် ရှစ်ပင်ကိုစိုက်ပျိုးထားသည်။

အဆောင်တံခါးမကြီး၏ တစ်ဘက်တစ်ချက်၌ အသက်ဝင်လှသော ကျောက်ခြင်္သေ့ရုပ်နှစ် ကောင်ထုလုပ်ထားပြီး နံရံများကိုမူ ဖြူဖွေးသောဆေးရောင်သုတ် လိမ်းထား၏။

တံခါးမကြီးကိုလည်း ဆေးအနီရောင်သုတ်လိမ်းထားသော တံခါးရွက်များပေါ်မှ ကြေးကွင်းနှစ်ကွင်းကို ပြောင်လက်နေအောင် ပွတ်တိုက်ထားသည်။

တံခါးမကြီးကို ကျော်ဖြတ်လိုက်သည်နှင့် အခန်းငါးခန်းရှိသော ဧည့်ခန်းဆောင်ကိုရောက်လာသည်။

ဧည့်ခန်းဆောင်မှာ ပရိဘောဂများ အပြည့်အစုံခင်းကျင်းထားသည့်အပြင် မွမ်းမံပြင်ဆင်ထားပုံမှာ အဆင့်မြင့်လွန်းသဖြင့် သိုင်းသမားတစ်ယောက်၏ဂေဟာဟုပင် ထင်မှတ်နိုင်စရာ အကြောင်းမရှိပါချေ။

လမ်းပြကင်းသမားက လင်းထက်ဆွေကိုဧည့်ခန်းဆောင်တွင် နေရာထိုင်ခင်းချထားပေးပြီး....

"ကျေးဇူးပြုပြီး ခဏလောက် ထိုင်စောင့်ပေးပါခင်ဗျာ၊ ကျွန်တော်ဂိုဏ်းချုပ်ကြီးကို သွားအကြောင်းကြားပေးပါ့မယ်"

ထိုသူက ယဉ်ကျေးသိမ်မွေ့စွာပြောပြီး အခန်းတွင်းသို့ဝင်ရောက်သွားသည်။

လင်းထက်ဆွေ ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်နေစဉ် အခန်းငါးခန်း၏ အနေအထားတို့ကို လှေလာကြည့်ရှုအကဲခတ်နေလိုက်သည်။

ထိုစဉ် ဝမ်းသာအားရ အော်ဟစ်ပြောလိုက်သံကို ကြားလိုက်ရတော့သည်။

"အို... ကြည့်စမ်းပါဦး၊ လုံးဝစဉ်းစားလို့မရအောင် ဖြစ်သွားပြီ၊ အစ်ကိုက ကြူလုံပေါင်းကိုတောင် ရောက်လာသေးတယ်နော်"

ကွမ်းရဲ့စမ်းပင်တည်း။ သူမ၏မျက်လုံးများက ဝမ်းသာကျေနပ်သည့်အသွင်ကို ဆောင်နေ၏။

လင်းထက်ဆွေ အလျှင်အမြန်ပင် မတ်တတ်ရပ်လိုက်ပြီး ပြုံး



ပြနှုတ်ဆက်လိုက်သည်။

"ညီမလေး ကွမ်းရဲ့စမ်း... နေထိုင်ကောင်းရဲ့နော်၊ ဝမ်လုံပန်ရွက်လှေကြီးပေါ်က ခွဲလာပြီးတဲ့နောက်ပိုင်း တစ်ခါမှမဆုံရသေးဘူး"

ကွမ်းရဲ့စမ်းက နှုတ်ခမ်းကလေးရွဲ့လိုက်ပြီး အပြစ်တင်သည့်လေသံဖြင့်....

"ဩော်... အစ်ကိုက သတိရသေးတာကိုး"

"ညီမရယ်... အစ်ကိုရောက်သွားတဲ့လှေက ရေစီးအတိုင်းမျောပါသွားတော့ ညီမဆီ ပြန်မကူးနိုင်တော့ဘူး၊ မြစ်ရေကလဲ အစီးသန် အစ်ကိုကလဲ လှေမလှော်တတ်ဆိုတော့ မမျှော်လင့်ပဲ လွဲသွားရတာပါ၊ အစ်ကိုကို စိတ်မဆိုးပါနဲ့"

"ညာမနေပါနဲ့ ဝမ်လုံပန်ဂိုဏ်းကိုကြောက်လို့ အခွင့်အရေးရှာပြီး ထွက်ပြေးသွားတာမဟုတ်လား"

"မဟုတ်ရပါဘူး၊ အစ်ကိုက အဲဒီလိုလူမျိုး မဟုတ်ပါဘူး"

"သမီး... နင် ဘယ်သူနဲ့စကားပြောနေတာလဲ"

ကြူလုံပေါင်းဂိုဏ်းချုပ်ကြီး ကွမ်းကျန့်ဟုန်း၏ မာကျောသောလေသံက သူတို့၏နောက်ဘက်ဆီမှ ရုတ်တရက် ထွက်ပေါ်လာသည်။

သူ့လေသံမှာ လိုလားနှစ်သက်ဟန်မရှိသဖြင့် ကွမ်းရဲ့စမ်းမျက်နှာကွက်ခနဲ ပျက်သွားသည်။

သူမက လင်းထက်ဆွေအား စိုးရိမ်တကြီးကြည့်လိုက်ပြီး နှစ်ကိုယ်ကြားလေသံဖြင့် သတိပေးစကားပြောသည်။

"ဖေဖေ စိတ်ဆိုးနေတယ်ထင်တယ်... အစ်ကို သည်းခံပြီး

စကားပြောပါနော်"

ထိုစဉ်မှာပင် ကွမ်းကျန့်ဟုန်းမှာ သူတို့အနီးသို့ ရောက်ရှိလာခဲ့သည်။

သူ့မျက်နှာထားက သုန်မှုန်နေပြီး ထူထဲသောမျက်ခုံးများကို ရှုံ့တွထားသည်။

လင်းထက်ဆွေက ကပျာကယာ လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"ဘဘ... ကျွန်တော်"

"သမီး... အထဲကို ဝင်လိုက်စမ်း"

ကွမ်းကျန့်ဟုန်းမှာ လင်းထက်ဆွေအား စကားအပြောမခံသေးပဲ ကွမ်းရဲစမ်းကို ဧည့်ခန်းထဲမှနှင်ထုတ်လိုက်သည်။

ကွမ်းရဲစမ်း ထွက်ခွာသွားလျှင် လင်းထက်ဆွေအား လက်ညှိုးငေါက်ငေါက်ထိုးကာ အားနာခြင်းအလျဉ်းမရှိတော့ပဲ ရိုင်းပျစွာပြောလေတော့သည်။

"မင်းက ငါတို့ဂိုဏ်းနဲ့ ဘာမှမပတ်သက် မဆီမဆိုင် ဆွေမျိုးထဲမတော်စပ်၊ မိတ်ဟောင်းဆွေဟောင်းတွေလဲ မဟုတ်ပဲနဲ့ ဒီကိုဝင်လာတာ မင်း မရှက်ဘူးလား"

ကွမ်းကျန့်ဟုန်း၏လေသံနှင့် အမူအရာများမှာ သူ့အပေါ်တွင် လုံးဝကျေနပ်ခွင့်လွှတ်နိုင်ခြင်းမရှိကြောင်း ဖော်ပြနေ၏။

လင်းထက်ဆွေမှာ အခံရခက်လှသော်လည်း သူ၏လာရင်းကိစ္စကိုတွေးမိပြီး သည်းခံလိုက်ရ၏။

"ကြူလုံပေါင်း ဂိုဏ်းချုပ်ကြီးခင်ဗျား... ကျွန်တော်လာရတာ...



က..."

"မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

ကွမ်းကျန့်ဟုန်းက ဒေါသတကြီး အော်ငေါက်လိုက်သည်။

လင်းထက်ဆွေမှာ ယခုအချိန်အထိ မိမိအနေဖြင့် ဘာတစ်ခုမှ မှားယွင်းခြင်းမရှိသေးသည့်အတွက် နားမလည်နိုင်ပဲ ငေးကြောင်ကြည့်နေမိသည်။

"သွားကွာ... အခုချက်ချင်း မင်း ဒီကနေ ထွက်သွားစမ်း၊ နည်းနည်းလေးမှ အချိန်မဆိုင်းနိုင်ဘူး"

လင်းထက်ဆွေ သည်းမခံနိုင်တော့ ကွမ်းရဲစမ်းသည်လည်း ပုန်းကွယ်နားထောင်နေရာမှ ဧည့်ခန်းတွင်းသို့ဝင်လာခဲ့သည်။

လင်းထက်ဆွေသည် သူ့ကိုအကြောင်းမဲ့သက်သက် စော်ကားနှင်ထုတ်နေခြင်းကြောင့် ဒေါသထွက်လာရသည်။ ထို့ကြောင့် မထီမဲ့မြင်အမူအရာနှင့်ပြက်ရယ်ပြုလိုက်သည်။

"ဒါက ကြူလုံပေါင်းဂေဟာရဲ့ ဧည့်သည် ဧည့်ခံနည်းပဲလား"

"အေး... ကြူလုံပေါင်းက မင်းကိုသိုင်းလောကအကြောင်းကြားစာအတိုင်း မသုတ်သင်ပစ်လိုက်တာပဲ မင်းအတွက် ကံကောင်းလှပြီ မှတ်လိုက်စမ်း"

"ဟား... ဟား... ဟား၊ ကောင်းပါပြီခင်ဗျား... ကျွန်တော့်ကို အလကားကောင်လို့ပဲ မှတ်လိုက်ပါတော့"

လင်းထက်ဆွေက ကွမ်းကျန့်ဟုန်းနှင့်ကွမ်းရဲစမ်းတို့ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ခြေလှမ်းကျယ်ကြီးဖြင့် ဧည့်ခန်းထဲမှ ထွက်ခွာသွားတော့သည်။

ကွမ်းရဲစမ်းက ပျာပျာသလဲ အော်ခေါ်လိုက်သည်။

"အစ်ကို လင်းထက်ဆွေ"

"သမီးရဲစမ်း... နင် ဘာဖြစ်နေတာလဲ"

ကွမ်းကျွန့်ဟုန်းက ဒေါသသံဖြင့် အော်ဟစ်လိုက်သည်။

ကွမ်းရဲစမ်းက မျက်စိသူငယ်နားသူငယ်ဖြင့် သူမ၏ဖခင်ကို စိုက်ကြည့်နေမိသည်။

"ဒီနေ့ကစပြီး နင် ဘယ်တော့မှ သူနဲ့မဆက်ဆံရဘူး"

လင်းထက်ဆွေသည် ဧည့်ခန်းဝသို့ရောက်လုနီးတွင် ထိုသို့ တားမြစ်လိုက်သံကိုကြားရသဖြင့် နောက်သို့လှည့်ကာ ပြန်ပြောလိုက်၏။

"ဘဘ... ကျွန်တော်ဟာ လူဆိုးသူခိုးမဟုတ်ပါဘူး၊ ဘဘလို ဂိုဏ်းချုပ်ကြီးတစ်ယောက်အနေနဲ့ ဒီလိုစကားမျိုး မပြောသင့်ပါဘူး"

ကွမ်းကျွန့်ဟုန်းမှာ နဂိုကပင် စိတ်ဆိုးနေသည့်အထဲ လင်းထက်ဆွေ၏ သာသာနှင့်နာနာ နှက်လိုက်သောစကားကြောင့် အခံရခက်ကာ ဧည့်ခန်းတံခါးဝသို့ ခုန်ပျံရောက်ရှိသွားသည်။

လင်းထက်ဆွေ၏ သွားလမ်းကိုပိတ်ရပ်လိုက်ပြီး အော်ဟစ်ကြိမ်းမောင်းလိုက်သည်။

"ထွက်သွားစမ်း... ဒီနေ့ကစပြီး ကြူလုံပေါင်းကို မင်း ခြေတစ်လှမ်းမှ မလှမ်းမိစေနဲ့ ဒီလိုမှမဟုတ်ရင်...."

လင်းထက်ဆွေမှာ အကြီးအကျယ် ဒေါသထွက်သွားသဖြင့် စကားကိုဖြတ်မေးလိုက်သည်။

"ဒီလိုမှမဟုတ်ရင် ဘာဖြစ်မလဲ"



"ဒီလိုမှမဟုတ်ရင် ငါက မင်းခြေထောက်တွေကို ရိုက်ချိုးပစ်လိုက်မယ်"

"ခင်ဗျားလုပ်ချင်တိုင်း လုပ်လို့ရမလား"

ကွမ်းကျွန့်ဟုန်းက ဒေါသတကြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

လင်းထက်ဆွေကလည်း အလျှင်အမြန်ပင် သူ့လက်ဝါးဖြင့် ခုခံထားလိုက်သည်။

သူ၏ လက်ဝါးရိုက်ချက်ကို အလွယ်တကူ ခုခံထားလိုက်နိုင်သဖြင့် ကွမ်းကျွန့်ဟုန်းမှာ ဒေါသမီး တဟုန်းဟုန်း တောက်လောင်လာသည်။

သူ့လက်အောက်ငယ်များကို အော်ဟစ်ခေါ်ငင်လိုက်ပြီး....

"ဟေ့ကောင်တွေ... လာကြစမ်း၊ သူ့ကို ဖမ်းချုပ်ထားလိုက်ကြ"

ကွမ်းကျွန့်ဟုန်း၏ အမိန့်ပေးသံဆုံးသည်နှင့် ဘေးအခန်းနှစ်ဘက်မှလူသန်ကြီးဆယ်ယောက် ပြေးထွက်လာကြသည်။ သူတို့၏ လက်ထဲတွင် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသည်။

လင်းထက်ဆွေသည် သရော်ရယ် ရယ်လိုက်၏။

"ဟား... ဟား... ဟား... သိုင်းလောကရဲ့ပထမနေရာဖြစ်တဲ့ ကြူလုံပေါင်းဆိုတာ ဒီလိုပါကလား၊ ဟား... ဟား... ဟား"

"မင်းကိုယ်မင်း ဒီကြူလုံပေါင်းကနေ ခြေတစ်လှမ်း လှမ်းထွက်သွားနိုင်မယ်လို့ ယုံကြည်နေသလား"

ကွမ်းကျွန့်ဟုန်းက ဒေါသလွှမ်းသောလေသံဖြင့် မေးလိုက်

သည်။

"ဒါတွေနဲ့ ကျုပ်ကိုခြောက်လှန့်လို့ရမယ် ထင်သလား"

"ဘာကွ... ဘာပြောတယ်"

ကွမ်းကျန့်ဟုန်းမှာ ထိန်းချုပ်မရအောင်ပင် ဒေါသထွက်လာရသည်။

ငွေလုံးတစ်လုံးကိုပစ်လွှတ်လိုက်ရာ လက်နက်ကိုင်ထားသော လူသန်ကြီးဆယ်ယောက်သည် ညာသံပေးကာ လင်းထက်ဆွေအား တစ်ပြိုင်နက် ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

လင်းထက်ဆွေသည် ဤသို့ဖြစ်လာမည်ကို ကြိုတင်မြင်နေပြီဖြစ်၍ အဆင်သင့်ပင် ခုခံတော့သည်။

"အစ်ကိုလင်းထက်ဆွေ... မလုပ်ပါနဲ့"

"သမီး... နင့်ပါးစပ် ပိတ်ထားလိုက်စမ်း"

ကွမ်းရဲစမ်းမှာ မှန်ယိုနေသော ကွမ်းကျန့်ဟုန်းကိုကြည့်ပြီး ငြိမ်ကျသွားသည်။

လင်းထက်ဆွေတို့၏တိုက်ပွဲက ပြင်းထန်လှသည်။ ဓားရိုးများနှင့် လက်ဝါးရိုက်ချက်များ အခန်းတစ်ခုလုံးကိုလွှမ်းခြုံနေသည်။

လင်းထက်ဆွေ၏ လက်ဝါးရိုက်ချက် ခုခံအားကြောင့် လူသန်ကြီးဆယ်ယောက်မှာ နောက်သို့ခုန်ဆုတ်သွားကြရသည်။

လင်းထက်ဆွေက လိုက်မတိုက်ခိုက်ပဲ အသင့်စောင့်ဆိုင်းနေလိုက်သည်။

လူသန်ကြီးများက နောက်ထပ်တစ်ကြိမ် ဝိုင်းအုံလာကြပြန်သည်။



သည်အကြိမ်မှာမူ ပထမအကြိမ်ကထက် လျင်မြန်သွက်လက်ကာ တိုက်ကွက်များကလည်း ပြင်းထန်လှပေသည်။

လင်းထက်ဆွေမှာ ဒေါသထွက်လာပြီဖြစ်၍ ကျားဆိုးကို အတောင်တပ်ပေးလိုက်သည့်ပမာ မီးကုန်ယမ်းကုန် တိုက်ခိုက်တော့သည်။

"ဝုန်း... ဝုန်း"

"အား..."

လူသန်ကြီးခြောက်ယောက်မှာ ကြူလုံပေါင်း၏အကောင်းဆုံး သိုင်းသမားများ မဟုတ်ကြသော်လည်း ပူးပေါင်းတိုက်ကွက်များဖော်ထုတ်ရာတွင် အတွဲညီသူများဖြစ်သည်။

သို့သော် လင်းထက်ဆွေ၏ ဒေါသတကြီး တိုက်ခိုက်အားမှာ ပြင်းထန်လွန်း၍ ရင်မဆိုင်နိုင်ပဲ ဒဏ်ရာအနာတရ ရကုန်ကြသည်။

ထိုအခါ ကွမ်းကျန့်ဟုန်း အကြီးအကျယ် မျက်နှာပျက်သွားရတော့သည်။

"မင်းတို့ အားလုံးဖယ်လိုက်ကြစမ်း"

အမိန့်ပေးပြီးသည်နှင့်သူကိုယ်တိုင် တိုက်ပွဲစည်းဝိုင်းအတွင်းသို့ ခုန်ပျံဝင်ရောက်လာတော့သည်။

သူ၏ ကြမ်းတမ်းခက်ထရော်သောအသွင်က ခန့်ညားမှုကို ဖျက်ပြယ်သွားစေတော့သည်။

"ကြူလုံပေါင်းကိုတည်ထောင်ခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပြီ၊ ဒါ ပထမဆုံးအကြိမ် စော်ကားခံရခြင်းပဲ"

"သြော်... ပြောရက်ပါပေ့ဗျာ၊ ကျွန်တော်ကပဲ စတင်ပြီးစော်

ကားတာလား၊ ခင်ဗျားက သွေ့သည်ဖြစ်တဲ့ကျွန်တော့်ကို စတင်ဖေ
ကားတာလား၊ ဒါကိုစဉ်းစားပြီးမှ ပြောပါ"

"ဟေ့... မစဉ်းစားနိုင်ဘူး၊ မင်းက ငါ့လိုလူမျိုးကိုတော
ယှဉ်ပြိုင်ခုခံဖို့စိတ်ကူးတဲ့လူဆိုတော့ မင်းရဲ့ပညာကို စမ်းသပ်ရမှာပဲ"

လင်းထက်ဆွေမှာ သူ မည်သို့ဖြေရှင်းစေကာမူ သူ့အပြစ်မ
လွတ်တော့ဟု သိနေသဖြင့် ခေါင်းညိတ်လိုက်၏။

"ရပါတယ်... ကျွန်တော်ကပဲ လက်ခံဖို့အသင့်ပါပဲ"

"ကောင်းပြီ"

ထိုစဉ် အထိတ်တလန့် တားမြစ်လိုက်သောအသံနှင့်အတ
လူရိပ်တစ်ရိပ် ခုန်ပျံရောက်ရှိလာသည်။

"ခဏနေကြပါဦး"

ကြူလုံပေါင်းသခင်မ 'ရဲ့ဖုံးလိမ်'က ကွမ်းကျန့်ဟုန်းနှင့်လင်း
ထက်ဆွေ အနီးသို့ရောက်ရှိလာ၏။ သူမ၏မျက်နှာပေါ်တွင် ချွေးစို
များ သမ်းနေဆဲပင်ရှိ၏။

လင်းထက်ဆွေမှာ ရဲ့ဖုံးလိမ်ကိုတွေ့လိုက်ရသည်နှင့်သူ့အား
'သား'ဟု ခေါ်ဝေါ်ပုံကိုသတိရလာသည်။

ရဲ့ဖုံးလိမ်က လင်းထက်ဆွေကို ကရုဏာပြည့်လွှမ်းသော
အကြည့်နှင့် ကြည့်လိုက်သည်။

ထို့နောက် ကွမ်းကျန့်ဟုန်းအား ညင်သာသောလေသံဖြ
ပြောသည်။

"အစ်ကိုကွမ်းကျန့်ဟုန်း... ရှင် ဘာဖြစ်လို့"

"တိတ်စမ်း... မင်း ဘာလာလုပ်တာလဲ၊ ဒီမှာ မင်းဆော



ရှက်စရာ ဘာကိစ္စမှမရှိဘူး"

ကွမ်းကျန့်ဟုန်း၏ ဒေါသတကြီး ငေါက်ငမ်းလိုက်ခြင်း
ကြောင့် ရဲ့ဖုံးလိမ်မှာ မျက်ရည်ရစ်ဝဲလာသည်။

"သူ့ကို ဒီကနေ အပြင်ထွက်ခိုင်းလိုက်ရင် ကျေနပ်ပါတော့
ရှင်"

သူမသည် ကွမ်းကျန့်ဟုန်းအား တောင်းပန်စကားဆိုလိုက်
ပြီး လင်းထက်ဆွေဘက်သို့လှည့်လိုက်ပြန်သည်။

"သားလေး... လင်းထက်ဆွေ"

သူမ၏လေသံက တုန်ခါနေသည်။ လင်းထက်ဆွေမှာ ပို၍
စိတ်ညစ်သွားသည်။ သို့သော် သူက ယဉ်ကျေးစွာပင် ရှင်းလင်း ပြော
ပြလိုက်သည်။

"ကျွန်တော် ကြူလုံပေါင်းကိုလာခဲ့တာ ရိုးရိုးသားသားနဲ့
လေးလေးစားစား လာခဲ့တာပါ၊ ကျွန်တော့်မှာ အင်မတန်အရေးကြီး
တဲ့ကိစ္စကို ပြောဖို့ ရှိနေတယ်၊ ဒီကိုရောက်မှပဲ ဂိုဏ်းချုပ်ကြီးကတော်
တို့ရဲ့ကြူလုံပေါင်းက နာမည်ကြီးသလောက် သွေ့ဝတ်မကျေတာကို
တွေ့လိုက်ရပါတော့တယ်"

ရဲ့ဖုံးလိမ်မှာ မျက်ရည်များ စီးကျလာသည်။

ကွမ်းကျန့်ဟုန်းသည် ရဲ့ဖုံးလိမ်၏အဆုံးအဖြတ်ကြောင့် အ
သားများ တဆတ်ဆတ် တုန်လာသည်။

"ကောင်းကြသေးရဲ့လားကွာ... ကြူလုံပေါင်းဂိုဏ်းဟာ
မင်းတို့ကြောင့် ပျက်စီးရတော့မယ်"

ကွမ်းကျန့်ဟုန်းက ကျယ်လောင်စွာ အော်ဟစ်ပြောဆိုလိုက်

ဏ်။ ထို့နောက် ရဲ့ဖုံးလိမ်အနီးသို့လျှောက်သွားလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး မင်း ဘယ်လိုစီစဉ်ချင်သလဲ ပြေ

စမ်း"

သမီးဖြစ်သူ ကွမ်းရဲစမ်းမှာ သူမ၏အဖေနှင့်အမေတို့ ပြေ

နေသည့်စကားများကို ဘာမှနားမလည်နိုင်ပဲဖြစ်နေသည်။

သူမ၏ဖခင်ဖြစ်သူ ကွမ်းကျန့်ဟုန်းက မိခင်ဖြစ်သူ ရဲ့ဖုံးလိမ်

အား တစ်ကြိမ်တစ်ခါ မျှ အော်ငေါက်ဆက်ဆံခဲ့ဖူးခြင်း မရှိပေ။

ယခု ကြူလုံပေါင်းကိုဏ်းသားများ ရှေ့တွင်ပင် ခက်ထန်စွာ

ဆက်ဆံနေသဖြင့် အံ့သြလွန်းမက အံ့သြသွားရသည်။

ထို့ကြောင့် ရပ်နေရာမှ ရှေ့သို့လှမ်းတက်လိုက်ပြီး....

"ဖေဖေ... မေမေ့မှာ ဘာအပြစ်ရှိလို့ ဒီလိုငေါက်ငမ်းရတာလဲ

ဖေဖေရယ်"

"ရဲစမ်း... နင်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မရှုပ်စမ်းနဲ့"

ကွမ်းကျန့်ဟုန်းက အော်ငေါက်လိုက်သဖြင့် ကွမ်းရဲစမ်းမှာ

ငြိမ်ကုပ်သွားရတော့သည်။

ကွမ်းကျန်ဟုန်းသည် ကွမ်းရဲစမ်းကို ဟန့်တားငေါက်ငမ်း

သည်နှင့် ရဲ့ဖုံးလိမ်အား ဝင်းဝင်းတောက်သောမျက်လုံးများဖြင့် ကြည့်

လိုက်သည်။

လင်းထက်ဆွေသည်လည်း ကွမ်းကျန့်ဟုန်း၏ အပြုအမူ

များကို နားမလည်နိုင်ပဲရှိနေသည်။

"ဒီအဘိုးကြီး ရူးများ ရူးနေပြီလား၊ ငါ့ကိုစိတ်ဆိုးတာနဲ့

ဆိုင်လို့ သူ့ဇနီးကို ဒီလောက်ဒေါသတကြီး ဖြစ်နေရတာလဲ"



ရဲ့ဖုံးလိမ်အား ကြည့်လိုက်သောအခါ စိတ်ဝေဒနာခံစားနေရ

သကဲ့သို့ မျက်ရည်များ တသွင်သွင် စီးကျနေသည်ကိုတွေ့လိုက်ရ၏။

သူမက ကွမ်းကျန့်ဟုန်းအား တောင်းတောင်းပန်ပန်နှင့်

ပြောလိုက်၏။

"အစ်ကို ကွမ်းကျန့်ဟုန်း... သူ ပြန်ပါစေရှင်၊ သူ ပြန်ပါစေ၊

သူ့အပေါ် ဘာဘေးရန်မှ မကျရောက်ပါစေနဲ့နော်"

ကွမ်းကျန့်ဟုန်းက တံခါးဝဆီသို့ လက်ညှိုးညွှန်ပြလိုက်ပြီး

ပြောလိုက်သည့်စကားသံမှာ လူအားလုံးကို ထိတ်လန့်ချောက်ချား

သွားစေလေတော့သည်။

"သူတင်မကဘူး... မင်းလဲ ဒီက ထွက်သွားပါ၊ ကြူလုံပေါင်း

ဟာ ငါတို့နဲ့ပဲ သက်ဆိုင်တယ်၊ မင်း သွားပါတော့"

## အခန်း(၄၀)
## ကြားတောက်ရန်သူ

ကွမ်းကျန့်ဟုန်း၏ မညှာမတာ ပြောလိုက်သောစကားကြောင့် ရဲ့ဖုံးလိမ်မှာ ချုံးပွဲချငိုကြွေးလေတော့၏။

မိခင်ငိုကြွေးနေပြီ ဖြစ်၍ ကွမ်းရဲစမ်းလည်း ဆည်မတန့်နိုင်ပဲ ရှိုက်ကြီးတငင် ငိုကြွေးတော့သည်။

ကွမ်းရဲစမ်းက....

"ရက်စက်လှချည်လား ဖေဖေရယ်၊ မေမေ့ကို ဘာကြောင့် ဒီလိုပြောလိုက်ရတာလဲ ဖေဖေရယ်"

ကွမ်းကျန့်ဟုန်းမှာသမီးဖြစ်သူ၏စကားကြောင့် ငိုင်သွားရသည်။

သူ့မျက်နှာပေါ်တွင် ဒေါသရိပ်များအစား ဝမ်းနည်းပူဆွေးမှုတို့ လွှမ်းခြုံလာသည်။

ဝင်းဝင်းတောက်နေသောမျက်လုံးများက ညှိုမှိုင်းမှောင်ရီလာသည်။



ကွမ်းကျန့်ဟုန်းက ကွမ်းရဲစမ်း၏ခေါင်းမှ ဆံစကလေးများကို ပွတ်သပ်လိုက်ပြီး တုန်တုန်ယင်ယင်ကလေး နှစ်သိမ့်လိုက်သည်။

"သမီးရယ်... ဖေဖေ စိတ်မကောင်းဖြစ်အောင် ငိုမနေပါနဲ့ကွယ်၊ သမီးလေးတစ်ယောက်တည်းသာ ဖေဖေ့ဘဝမှာ ရှိတော့တာပါ"

ဤမိသားစုပြဿနာထဲ၌ အူလည်ချာလည် ပါနေရသူမှာ လင်းထက်ဆွေဖြစ်၏။

သူတို့ပြောနေသည့်စကားများကို ဉာဏ်မမီပဲ လိုက်စဉ်းစားနေရသည့်အတွက် သူ့ကိုယ်သူပင် မေ့နေမိတော့သည်။

ရဲ့ဖုံးလိမ်သည် ငိုကြွေးနေရာမှ ကွမ်းကျန့်ဟုန်းကိုမော့ကြည့်လိုက်ပြီး...

"အစ်ကို ကွမ်းကျန့်ဟုန်း... ရှင်... ရှင် ဘာဖြစ်လို့ ဒီစကားမျိုးပြောလိုက်ရတာလဲ၊ ရှင်က ကျွန်မတို့ကို သွေးခွဲ... သွေးခွဲ"

ရဲ့ဖုံးလိမ်မှာ စကားကိုဆုံးအောင်မပြောနိုင်ပဲ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ တဟင့်ဟင့် ရှိုက်နေတော့၏။

ဤစကားကို သူမအဖို့ ပြောလည်းပြောချင် ပြောထွက်ရန်လည်း အင်အားမရှိ ဖြစ် နေပုံရသည်။

သူမ၏ရင်ထဲတွင် ကြီးမားသောအပူမီးတို့ တောက်လောင်နေသည်မှာ ယုံမှားစရာမရှိပါပေ။

ထိုအတူ ကွမ်းကျန့်ဟုန်းသည်လည်း စိတ်သောကရောက်နေပုံရ၏။

နောက်ဆုံးတွင် လေပူကြီးမှုတ်ထုတ်ပြီး ကွမ်းရဲစမ်း၏

လက်ကို ဆွဲကိုင်လိုက်သည်။

"လာ... သမီး၊ ဖေဖေနဲ့လိုက်ခဲ့၊ သူတို့ဘာသာ သူတို့ ဒီမှာပဲ နေရစ်ခဲ့ကြပါစေ၊ သူတို့ ဘယ်လိုလုပ်ကြမလဲဆိုတာ ဖေဖေတို့ စောင့်ကြည့်ကြတာပေါ့"

ပြောပြီးသည်နှင့်ခန်းမထဲမှ ထွက်ခွာသွားတော့သည်။

"မေမေ... မေမေ"

ကွမ်းရဲစမ်းသည် မိခင်ဖြစ်သူအား ခေါ်ငင်မြည်တမ်းပြီး ဖခင်ဆွဲခေါ်ရာသို့ပါသွားရာလေတော့၏။

ရဲ့ဖုံးလိမ်သည် အလန့်တကြား ဖြစ်သွား၏။

"အစ်ကို ကွမ်းကျန့်ဟုန်း... သမီးလေးနဲ့ကျွန်မကို အဲဒီလိုတော့ မခွဲပါနဲ့ရှင်"

သူမသည် အော်ဟစ်ရင်း ပြေးလိုက်သွား၏။

သို့သော် သူမ၏ရှေ့မှ တံခါးကြီး ဝုန်းခနဲ ပိတ်သွားသည့်အခါတွင်မူ ရဲ့ဖုံးလိမ် ဆက်မလိုက်တော့ပေ။ တံခါးကို မျက်နှာအပ်၍ တသိမ့်သိမ့် ရှိုက်ငိုနေလေတော့၏။

လင်းထက်ဆွေမှာမူ ဘာဆိုဘာမျှ မစဉ်းစားတတ်တော့ပေ။ ထို့ကြောင့် ငူငူငိုင်ငိုင်ကြီးသာ ရပ်နေမိတော့သည်။

တစ်ခဏအကြာတွင် ရဲ့ဖုံးလိမ်ပြန်လည်ရောက်ရှိလာသည်။ သူမ၏မျက်လုံးများက ငိုကြွေးထားသဖြင့် နီရဲနေသည်။

လင်းထက်ဆွေကို ရိဝေမှေးစင်းသည့်အကြည့်ဖြင့် ကြည့်လိုက်ပြီး....

"လူကလေး... လင်းထက်ဆွေ၊ မင်း ထွက်သွားပါတော့



ကွယ်၊ ကြူလုံပေါင်းဟာ မင်းလာဖို့သင့်တဲ့နေရာမဟုတ်ပါဘူး၊ သွားပါတော့ ကလေးရယ်၊ သွားပါတော့"

လင်းထက်ဆွေသည် ကြူလုံပေါင်းမိသားစု၏ ပြဿနာတစ်ခုကို လုံးဝမသိသဖြင့် လွန်စွာ ဦးနှောက်ခြောက်နေခဲ့ရသည်။

ဤပြဿနာထဲ၌ မိမိပင် ပါနေသလောဟု တွေးတောပြီး နေမထိ ထိုင်မသာဖြစ်နေခဲ့ရသည်။

ယခုကဲ့သို့ ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးကတော်က တောင်းပန်လိုက်သည့်အခါတွင် ဘာမျှစဉ်းစားမနေတော့ပဲ ဧည့်ခန်းအတွင်းမှ ပြေးထွက်သွားမိတော့၏။

ကွမ်းကျန့်ဟုန်းသည် အဘယ့်ကြောင့် သူ့အား ဤမျှမုန်းတီးနေရလေသနည်း။

ပျံရှီမိန်ဂိုဏ်းတွင် အထင်တလွဲဖြစ်ကာ တိုက်ခိုက်ခံရမှုသည် ယခုအချိန်၌ သိသယ ပြေငြိမ်းလောက်ပြီဟု သူ ထင်သည်။

ကွမ်းရဲစမ်းက သူမကို ဗိညာဉ်မဲ့ဂူရှင် အမှန်တကယ်ပင် ဖမ်းဆီးခေါ်ဆောင်သွားကြောင်းကို ပြောပြပေလိမ့်မည်။

သို့သော်လည်း ကွမ်းကျန့်ဟုန်းမှာ ယင်းကိစ္စအားလုံး အစမဖော်ပဲ ရိုင်းရိုင်းပျပျ ဆက်ဆံခဲ့သည်။

အဘယ်ကြောင့် ကွမ်းကျန့်ဟုန်းက မိမိအား ဤသို့ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံရသနည်း။

သူရောက်လာသည့်ကိစ္စကိုပင် မေးမြန်းရန် သတိမရလောက်အောင် သူ့အား အဘယ့်ကြောင့်ဒေါသထွက် နေရသနည်း။

လင်းထက်ဆွေ မစဉ်းစားတတ်တော့ပေ။ သူ့အပေါ်တွင်

မုန်းတီးနာကျည်းသည်ကအကြောင်းမဟုတ်ပေ။

သူ့ရဲကောင်း ဖူးကျားလို၏ အမှာစကား မပ့်ါးလိုက်နိုင်ခြင်းသည်သာ သူ့အတွက် အရေးတကြီးပြဿနာဖြစ်နေသည်။ ထိုအမှာစကားအတွက်သာ သူ ရင်ပူနေရပေသည်။

ယခုအချိန်တွင် သူ့ခေါင်းထဲ၌ မိမိဖခင်အတွက် တိုက်နိုက်ရမည့်ရန်ကြွေး၊ ဆရာနှင့်ပတ်သက်သော အနီရောင်ငှက်တောင်မွေးစသည်စသည်တို့မှာ သူ့အတွက် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စမဟုတ်တော့ပေ။

ဖူးကျားလို မှာကြားခဲ့သောကိစ္စသည်သာလျှင် သူ့နှလုံးသားထဲ၌ စွဲဝင်ကိန်းအောင်းနေတော့သည်။

သူ့ကိစ္စမှာ ကိုယ်ရေးကိုယ်တာ သက်သက်ဖြစ်သည်။ သူ့ရဲကောင်း ဖူးကျားလိုမှာကြားသည့်ကိစ္စမှာ သိုင်းလောကကြီးတစ်ခုလုံး၏ ကိစ္စဖြစ်သည်။

သူ့ကိစ္စမှာ ကျဉ်းမြောင်းသည်။ ဖူးကျားလို မှာကြားသည့်ကိစ္စမှာ ကျယ်ပြန့်သည်။

ထို့ကြောင့် သူ့ကိစ္စထက် ဖူးကျားလို မှာကြားသည့်ကိစ္စက ပို၍အရေးကြီးသည် ပို၍မြင့်မြတ်သည်ဟု လင်းထက်ဆွေ နားလည်သဘောပေါက်သည်။

ဤသို့သဘောပေါက်နေခြင်းကပင် လင်းထက်ဆွေ၏စိတ်ထား သဘောထားကြီးမားကျယ်ပြန့်ခြင်းကို သက်သေပြနေသည်။

လင်းထက်ဆွေသည် အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ ကျောက်စိမ်းခြသေ့ရုပ်တုကလေးက သူ့လက်ထဲတွင် ပါလာသည်။

သေသေသပ်သပ်ကလေး ထွင်းထုထားသော ကျောက်စိမ်းခြသေ့ရုပ်တုကလေးကို အသေအချာ စစ်ဆေးကြည့်ရှုမိလေသည်။

"အင်း... ဖူးကျားလို မှာကြားလိုက်တဲ့ ပထမအစီအစဉ်ကတော့ ပျက်သွားပြီ၊ ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးက အကြောင်းမဲ့သက်သက် ငါ့ကိုစော်စော်ကားကား ဆက်ဆံရန်ရှာနေတော့ သူ့ကို ငါ ဘယ် လိုအားကိုးမျှော်လင့်လို့ရနိုင်ပါတော့မလဲ၊ ဒီအတိုင်းဆိုရင် ငါ ဘာဆက် လုပ်ရမလဲ"

လင်းထက်ဆွေသည် သစ်ပင်တစ်ပင်အောက်တွင် ဝင်ထိုင်ကာ ခြသေ့ရုပ်ကလေးကိုကြည့်လိုက်သည်။

ဖူးကျားလို၏ ဝေဒနာကို မချိမဆံ့ ခံစားနေရသည့် ရုပ်သွင်ကို သူ့မျက်စိထဲပြန်လည်မြင်ယောင်လာသဖြင့် သူ သက်ပြင်းတစ်ချက် ချလိုက်မိပြန်သည်။

"အင်း... နောက်ဆုံး မျှော်လင့်ချက်ကတော့ ချိန်းစိန်ဂိုဏ်းပဲ ကျန်တော့တယ်၊ ဒီဂိုဏ်းက ငါနဲ့လုံးဝသင့်မြတ်တာ မဟုတ်ဘူး၊ ပြဿနာနဲ့ ရင်ဆိုင်တိုးရမှာ အသေအချာပဲ၊ ငါ ဘာလုပ်ရမလဲ၊ အို... မထူးပါဘူး၊ ငါ့ကိုယ်ကျိုးအတွက် သွားရတာမှမဟုတ်ပဲ၊ ငါ့စေတနာမှန်ဖို့သာ အရေးကြီးတာ၊ သွားမယ်... ငါ သွားမယ်၊ ဖြစ်လာတဲ့ပြဿနာကို ငါ ရင်ဆိုင်မယ်"

သူသည် ဆုံးဖြတ်ပြီးသည်နှင့် တွံ့ဆိုင်းမနေတော့ပဲ အပြေးအလွှား ထွက်ခွာလာခဲ့တော့သည်။

သူသည် တစ်ညလုံး မနားဘဲ ပြေးလာခဲ့ရာ မနက်မိုးစင်စင်

လင်းသောအခါ အတော်ကလေး ခရီးပေါက်နေကြောင်းတွေ့ရလေ၏။

ထွက်သာလာခဲ့ရသော်လည်း လင်းထက်ဆွေမှာ ချိန်းစိန်ဂိုဏ်း၏တည်ရာဌာနကို မည်သည့်နေရာတွင်ရှိမှန်း မသိချေ။

ထို့ကြောင့် လမ်းတစ်လျှောက်လုံးတွင် ချိန်းစိန်ဂိုဏ်း၏ ဌာနချုပ်ကို မေးမြန်းစုံစမ်းလာခဲ့ရသည်။

နောက်ဆုံးတွင် ချိန်းစိန်ဂိုဏ်း၏ ဩဇာသက်ရောက်ရာ ရွာကလေးတစ်ရွာသို့ ရောက်ရှိလာခဲ့လေ၏။

လင်းထက်ဆွေ ရွာထဲသို့ဝင်လိုက်လျှင် သူ့နောက်ဘက်ဆီမှ မြင်းခွာသံ တဖြောင်းဖြောင်း ထွက်ပေါ်လာ၏။

လင်းထက်ဆွေသည် လမ်းဘေးသို့တိမ်းရှောင်ပေးလိုက်ရသည်။

မြင်းရှစ်ကောင်က သူ့ဘေးမှကျော်ဖြတ်တက်သွားသည်။ မြင်းအားလုံးမှာ မဟူရာရောင်ထနေပြီး ထွားကျိုင်းသန်မာလှသည်။

မြင်း၏ကိုယ်ပေါ်တွင် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူရှစ်ယောက် လိုက်ပါလာပြီး သူတို့၏ကျောထက်၌ အနက်ရောင်အိတ်များကို ကိုယ်စီကိုယ်စီ လွယ်ပိုးထားကြသည်။

လင်းထက်ဆွေသည် ထိုမြင်းစီးသမားများကို မျက်စိတဆုံးလိုက်ကြည့်၏။

ထိုမြင်းစီးသမားများမှာ ရွာထဲတွင်ရပ်နားခြင်းမပြုပဲ ချိန်းစိန်ဂိုဏ်းဌာနချုပ်ရှိရာ တောင်တန်းဆီသို့ဦးတည်ကာ ဒုန်းစိုင်းသွားကြသည်ကို တွေ့လိုက်ရ၏။



လင်းထက်ဆွေသည် ရွာလယ်လမ်းမအတိုင်း ဝင်လာခဲ့ပြီး စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်သည်။

ပြတင်းပေါက်နှင့်နီးသော အပေါ်ထပ်စားပွဲခုံတစ်ခုတွင် ဝင်ထိုင်သည်။

ခရီးပြင်းနှင်လာခဲ့ရသည်ဖြစ်၍ ဗိုက်ထဲတွင် တကြွတ်ကြွတ်ဆာလောင်နေသည်။

ထို့ကြောင့် အစားအမဲ့သောက်များ မှာယူကာ အားပါးတရစားသောက်နေမိတော့၏။

သူ စားသောက်ပြီးလောက်ချိန်တွင် လှေကားဆီမှ ခြေသံများ ကြားလိုက်ရပြီး ဓားကိုယ်စီ ကိုင်ဆောင်ထားသော လူနှစ်ယောက် ဆိုင်အပေါ်ထပ်သို့ တက်လာသည်ကို တွေ့လိုက်ရ၏။

ထိုသူနှစ်ယောက်မှာ အစိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားကြသည်။

သူတို့သည် လင်းထက်ဆွေ၏စားပွဲဆီသို့ ဦးတည်လျှောက်လှမ်းလာသည်။

အနီးသို့ရောက်သောအခါ လက်နှစ်ဖက်ဆုပ်ဂါရဝပြုကာ....

"ကျေးဇူးပြုပြီး ခဏလောက် ထိုင်ခွင့်ပြုပါ မိတ်ဆွေ"

လင်းထက်ဆွေမှာ ထိုသူနှစ်ယောက်ကို သိဖူးကျွမ်းဖူးခြင်းမရှိသော်လည်း သူ့အား ယဉ်ယဉ်ကျေးကျေး လေးလေးစားစား ခွင့်တောင်းနေသဖြင့် ပြန်လည်ဂါရဝပြုပြီး ခွင့်ပြုစကားဆိုလိုက်ရ၏။

"ရပါတယ်ခင်ဗျာ... ထိုင်ကြပါ"

ထိုသူနှစ်ယောက်က လွတ်နေသောထိုင်ခုံတွင် အေးအေး

ဆေးဆေး ဝင်ထိုင်လိုက်သည်။

ထို့နောက် ယဉ်ကျေးသိမ်မွေ့သော လေသံဖြင့်....

"မိတ်ဆွေကြီး လင်းထက်ဆွေ... အခုလို ကျွန်တော်တို့ ချိန်းစိန်တောင်ကို ရောက်လာတဲ့အတွက် ကျွန်တော်တို့ ချိန်းစိန်ဂိုဏ်းက ဂုဏ်ယူဝမ်းသာပါတယ်၊ ကျွန်တော်တို့နှစ်ယောက်က ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ အထူးလာရောက်ကြိုဆိုရခြင်းပဲ ဖြစ်ပါတယ်ခင်ဗျာ"

လင်းထက်ဆွေ တုန်လှုပ်သွားရသည်။ ချိန်းစိန်ဂိုဏ်း၏ ကျော်ကြားသလောက် နားမျက်စိ ပွင့်လင်းလွန်းသည်ကို တအံ့တဩ ဖြစ်သွားရ၏။

သူရောက်လာခြင်းကို အဘယ်ကြောင့် ကြိုတင်သိရှိနေရသနည်းဟုလည်း စဉ်းစားနေမိ၏။

တကယ်ဆိုရပါမူ ဤကိစ္စသည် မည်သို့မျှ မထူးဆန်းလှပေ။ လင်းထက်ဆွေ ဤနေရာသို့လာရာ လမ်းတစ်လျှောက်လုံးတွင် တွေ့သမျှလူအား ချိန်းစိန်ဂိုဏ်းတည်နေရာကို မေးမြန်းလာခဲ့သည်။

ထိုသတင်းကို ချိန်းစိန်ဂိုဏ်းလို အောင်မြင်ကျော်ကြားသော အဖွဲ့အစည်းက မဆွခင်ကပင် ကြိုတင်သိရှိထားမည်မှာ မလွဲပေ။ ဤအချက်ကို လင်းထက်ဆွေ သတိမပြုမိပေ။

လင်းထက်ဆွေ စဉ်းစားနေစဉ် အခြားတစ်ဦးက ဝင်ပြော၏။

"ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးက ဒီနေ့ည သန်းခေါင်ကျော်အချိန်မှာ ခင်ဗျားနဲ့တွေ့ဆုံဖို့ စီစဉ်ထားပြီးပါပြီ၊ ကျေးဇူးပြုပြီး တောင်ပေါ်ကို အဲဒီအချိန်မှာ အရောက်လာခဲ့စေချင်ပါတယ်"



"ကောင်းပါပြီ... ကျွန်တော် အဲဒီအချိန်ကို အရောက်လာခဲ့မယ်လို့ ကတိပေးပါတယ်"

ချိန်းစိန်ဂိုဏ်း အကြိုတော်နှစ်ယောက်ထိုင်ရာမှထလိုက်၏။

ထို့နောက် လင်းထက်ဆွေကို ဂါရဝပြုပြီး ထွက်ခွာသွားကြတော့၏။

"ဟီး... ဟီး"

လင်းထက်ဆွေ ထိုင်ခုံတွင် နေသားတကျ ပြန်မထိုင်ခင် သူ့နောက်ဘက်ဆီမှ ရယ်သံတစ်သံ ထွက်ပေါ်လာသည်။

လင်းထက်ဆွေသည် ရုတ်တရက် နောက်သို့လှည့်ကြည့်လိုက်ရာ သူ့နောက်တည့်တည့် စားပွဲတစ်လုံးတွင် ထိုင်နေသော အရုပ်ဆိုးလှသည့် အဘိုးအိုတစ်ဦးကို တွေ့လိုက်ရတော့၏။

ထိုအဘိုးအို၏ခြေထောက်တွင် ဖိနပ်မပါချေ။ ခေါင်းထက်ရှိဆံပင်များကလည်း စုတ်တိစုတ်ဖွားနှင့်ပြောင်းဖူးမွှေးကဲ့သို့ရှိ၏။

သူ့မျက်နှာပေါက် အရုပ်ဆိုးရသည့်အထဲတွင် အမာရွတ်ဆယ်ခုလောက်က မျက်နှာပေါ်တွင် ရှိနေပေသေးသည်။

အဘိုးအို၏ နှာခေါင်းနှင့်ပါးစပ်ကို ဓားဒဏ်ရာတစ်ချက်က ဆက်သွယ်ပေးထားသည်။

မျက်လုံးမှာလည်း တစ်ဘက်ဇ ဟောက်ပက်ဖြစ်ပြီး တစ်လုံးတည်းသောမျက်လုံးသာလျှင် စူးရှပြောင်လက်နေသည်။

လူ၏ရုပ်ရည်သွင်ပြင်မှာ လူတစ်ယောက်နှင့်ပင် မတူတော့ပဲ သရဲတစ္ဆေတစ်ကောင်နှင့် တူနေတော့သည်။

ထိုအဘိုးအိုက လင်းထက်ဆွေအား တစ်ဘက်တည်းသော

မျက်လုံးဖြင့် စူးစူးစိုက်စိုက် ကြည့်နေ၏။

သူ့အကြည့်မှာ အေးစက်လှသဖြင့် ကြက်သီးမွေးညင်းထ ဖွယ် ကောင်းလှသည်။

ထိုစဉ် ဆိုင်အောက်ထပ်မှ အော်သံတစ်ခုကိုကြားလိုက်ရ၏။ ထိုအသံနှင့် မရှေးမနှောင်းမှာပင် ငယ်သံပါအောင် စူးစူးရှားရှား အော် ဟစ်လိုက်သံကိုပါ လင်းထက်ဆွေ ကြားလိုက်ရပြန်သည်။

လင်းထက်ဆွေသည် လှေကားထစ်ရှိရာသို့သွားပြီး အော် သံကြားရာအောက်သို့ ကြည့်လိုက်သည်။

လင်းထက်ဆွေမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားရတော့သည်။

စောစောက သူ့ဆီသို့လာရောက်ဖိတ်ကြားသွားသော ချိန်းစိန် ဂိုဏ်းသားနှစ်ဦးအနက်မှ တစ်ဦးမှာ လမ်းမထက်တွင် ယိုင်ထိုးယိုင် ထိုး ဖြစ်နေ၏။

သူ့ကျောပြင်ထက်တွင် ဓားရှည်တစ်ချောင်းက ထိုးစိုက်ထ နေပြီး ပါးစပ်မှသွေးများကလည်း အဆက်မပြတ် စီးကျနေသည်။

နောက်တစ်ယောက်မှာ ထိုသူ့ထက်ပင် အခြေအနေဆိုးလှ ချေ။ ဆိုင်ရှေ့တွင် ပက်လက်လန်ပြီး ဆန့်ဆန့်ကြီး လဲကျနေ၏။

ထိုအချိန်၌ ရွာလယ်လမ်းမပေါ်မှ မီးခိုးရောင်ဝတ်စုံဝတ် ဆင်ထားသော လူနှစ်ယောက် ပြေးထွက်သွားသည်ကိုလည်း တွေ့ လိုက်ရသည်။ မျက်နှာကိုကား မမြင်လိုက်ရချေ။ ကျောပြင်ကိုသာ တွေ့လိုက်ရသည်။

လင်းထက်ဆွေသည် သူတို့၏ရန်ကြွေးရန်ငြိုးဇာစ်မြစ်ကို



သိပါချေ။

သို့ရာတွင် မိမိကိုလာရောက်ဖိတ်ကြားကြိုဆိုခဲ့သော ချိန်း စိန်ဂိုဏ်းမှလူနှစ်ယောက် ဤကဲ့သို့လုပ်ကြံခံရသည့်ကိစ္စ၌ သူ့တွင် တာဝန်ရှိသည်ဟုယူဆကာ ရုတ်ခြည်းပင် ဆိုင်အပေါ်ထပ်မှ အောက် ထပ်သို့ ခုန်ဆင်းလိုက်၏။

ဓားတန်းလန်းနှင့်လူကို ပွေ့ထူထားလိုက်ပြီး အလျင်စလို မေးမြန်းလိုက်သည်။

"ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ၊ ဘယ်သူလုပ်သွားတာ လဲ"

ချိန်းစိန်ဂိုဏ်းသား၏မျက်နှာမှာ သွေးဆုတ်ဖြူရော်လာ သည်။

ပါးစပ်က သွေးများ တရဟော စီးကျနေသဖြင့် စကားပြော နိုင်ရန် အင်အားမရှိတော့။

သူ၏လက်တစ်ဖက်ကိုသာ အနိုင်နိုင်မြှောက်ပြီး ရွာအနှစ် ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

လင်းထက်ဆွေက ပျာပျာသလဲ ထပ်မေးပြန်သည်။

"ဟို... မီးခိုးရောင်ဝတ်စုံနဲ့ လူနှစ်ယောက်လား"

ချိန်းစိန်ဂိုဏ်းသားမှာ ပင်ပန်းကြီးစွာ ခေါင်းညိတ်ပြ၏။

လင်းထက်ဆွေမှာ ထိုသူ့ကိုကြမ်းပြင်ပေါ်သို့ အသာအယာ ချပေးရင်း....

"ကျုပ် လိုက်မယ်၊ ဒီလူတွေ ဘယ်ဂိုဏ်းကလဲ"

ချိန်းစိန်ဂိုဏ်းသားမှာ ဘာမှပြန်လည်မဖြေကြားနိုင်တော့

ပေ။ ကြမ်းပြင်ပေါ်ရောက်သည်နှင့် အသက်ထွက်သွားခဲ့ချေပြီ။

လင်းထက်ဆွေ ထရပ်လိုက်သည်။ သတ်ပြီး ထွက်ပြေးသွားသော လူနှစ်ဦးနောက်သို့လိုက်ရန် ဆုံးဖြတ်လိုက်သည်။

သို့မှသာ ထိုသူများ မည်သည့်ဂိုဏ်းဂဏ အဖွဲ့အစည်းမှဖြစ်သည်ကို သိရှိရပေ မည်။

သူသည် ဆိုင်ပြင်သို့ထွက်ရန် ဟန်ပြင်လိုက်၏။

"လူသတ်ပြီးထွက်ပြေးဖို့ ကြိုးစားမလို့လား"

အေးစက်မာကျောသောအသံတစ်သံက သူ့ခြေလှမ်းများကို တုံ့ခနဲ ဖြစ်သွားစေသည်။

စကားသံနှင့်အတူ လူရိပ်တစ်ရိပ်သည် ရိပ်ခနဲ ခုန်ပျံလာပြီး သူ့ရှေ့မှပိတ်ဆို့ကာရံထားလိုက်သည်။

ထိုသူကိုမြင် လိုက်ရလျှင် လင်း ထက်ဆွေမှာ အံ့လည်းအံ့ဩ ဒေါသလည်း ထွက်သွားရလေ၏။

ထိုသူမှာ အရွန်အရုပ်ဆိုးလှသည့်အဘိုးအို ဖြစ်နေသော ကြောင့်ပင်တည်း။

တစဉ်(၃)ပြီး၏။

တစဉ်(၄)ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်